

# ရွှေဓား

# မဟူရာပညတ်နှင့်ပရမတ်မီးသွေး

## ဝတ္ထုတိုများ

ရသခန်းသာ ရွှေသီရာ

# မဟူရာပညတ်နှင့် ပရမတ်မီးသွေး
# ဝတ္ထုတိုများ
## ရွှေခါး

၂၀ ရာစုအလယ်တစ်ဝိုက် မြန်မာမဂ္ဂဇင်းများမှ
ထင်ရှားခဲ့သော မြန်မာဝတ္ထုတိုဆရာများ၏ လက်ရာမွန်များ
အမှတ်တရရှုစည်းသည့် အစီအစဉ်။

ပထမအကြိမ်၊ ၂၀၁၉

မဟူရာပညတ်နှင့် ပရမတ်မီးသွေး ဝတ္ထုတိုများ၊ ရွှေခါး
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
စာမျက်နှာ ၁၄၂ မျက်နှာ၊ ၁၂.၈ စင်တီ× ၁၈.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀

ရောင်းဈေး ၁၇၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

# မာတိကာ


- ရွှေဥဒေါင်း၏ ကိုယ်ရေးအကျဉ်း (က)

၁။ မဟူရာပညတ်နှင့် ပရမတ်မီးသွေး ၁

၂။ သုံးဖက်မြင်ဇာတ်လမ်းတစ်ခု ၅၀

၃။ အသည်းကျော်မကလေးအတွက် ၆၇

၄။ တဖုံလေ တနုံးလေ
တထုံးလေ တအင်လေ ၈၉

၅။ မေတ္တာနှင့်ပင် ပြောစေချင် ၁၀၂

၆။ ကဇော်သမားနှင့် အလျော်အစား ၁၂၇


❐



**ရွှေဓါး**
**(၁၉၂၃-၁၉၆၁)**

မွန်ပြည်နယ် ပေါင်မြို့ဇာတိ။ ၁၉၂၃ ဖွား။ အမည်ရင်း ဦးထွန်းရီ။

ဆယ်တန်းအောင်သည်။

ဆယ်တန်းအောင်ပြီးနောက် လယ်ယာလုပ်ငန်းလုပ်သည်။ တစ်ချိန်တည်းတွင် နယ်သတင်းထောက်လည်း လုပ်သည်။ ဒုတိယကမ္ဘာစစ်အပြီးတွင် ရန်ကုန်သို့ရောက်လာပြီး မြန်မာနိုင်ငံစာရေးဆရာအသင်း စာရေး။ ထို့နောက် **သတင်းစုံ**၊ **လင်းယုန်ဂျာနယ်**နှင့် သတင်းစာ၊ **ပြည်တော်သစ်** ဂျာနယ်တို့တွင် အယ်ဒီတာ လုပ်ခဲ့သည်။ ကိုယ်ပိုင် စံပယ်စာပေဖြန့်ချိရေးလုပ်ငန်းကိုလည်း လုပ်ခဲ့၏။

ဖက်ဆစ်တော်လှန်ရေးကာလတွင် မုဒုံဦနေထိုင်ရင်း ဖက်ဆစ်တော်လှန်ရေးလုပ်ငန်းများကို လုပ်ခဲ့၏။ မြန်မာနိုင်ငံ စာရေးဆရာအသင်း အမှုဆောင်အဖြစ်လည်း တာဝန်ယူခဲ့သည်။

**မြလွှာရုံတေး**(၁၉၅၄)၊ **ခင်ဥမ္မာ** (၁၉၅၆)၊ **တောင်ပန်နီ ကျော်ဦး** (၁၉၅၆) တို့ကို ရေးခဲ့၏။

၁၉၆၁ ဇူလိုင် ၁၇ တွင် ကွယ်လွန်သည်။



# မဟူရာပညတ်နှင့် ပရမတ်မီးသွေး

အသစ်များဖြစ်ခဲ့၏။ ပြီးတော့ကာ ပျက်၍ ပျက်၍သွား၏။ ကွဲ၍ကွဲ၍လည်း လာ၏။ ပြိုအိပြီး ကျဆင်းသွားသော ထုထည်ဒြပ်ကြီးတစ်ခုလည်း တွေ့ရလေသည်။

ခြောက်သွေ့လျက်ရှိသော နေအိမ်၏ခန်းမအတွင်းမှာ ဖြစ်လေသည်။ အချိန်သည် တိတ်ဆိတ်သည်ဟုဆိုသော အကာလ ညအခါ၏ ၁၀ နာရီကျော်ကျော်မှာဖြစ်၏။ ယနေ့ညသည် ပိုမိုတိတ်ဆိတ်သည်ဟု ထင်ရ၏။ ဟုတ်ပေလိမ့်မည်။

ဦးသိန်းဒန်သည် ဦးခေါင်းကိုမော့ပြီး ကုလားထိုင်၏နောက်မှီပေါ်သို့ တင်ထားလိုက်၏။ လှိုက်လှိုက်လှဲ့လှဲ့ လှုပ်ရှားနေသော ရင်ခုန်သံများသည် တဒက်ဒက် တဒိတ်ဒိတ်မြည်နေသကဲ့သို့ ရှိလေသည်။ မျက်နှာပြင်သည် ဖွာရှိုက်ထားသော စီးကရက်အခိုးအငွေ့များ၏နောက်မှာ နီကြင်ကြင်နှင့်ရှိနေသည်။

ရုပ်သေပြခန်းငယ်တစ်ခုကဲ့သို့ တစ်ခန်းလုံးသည် ငြိမ်သက်လှ၏။ ထို့အတူ တစ်အိမ်လုံးတွင်လည်း တုတ်တုတ်မျှ လှုပ်ရှားခြင်းမရှိ။

"ရော့(ခ်)ကင်ရီး(လ်)" ဟုအမည်ပေးထားသော ကြောင်ကလေးသည်ပင် ရေဒီယိုအနီးမှ ဆိုဖာပေါ်တွင် မှိန်းပြီးငြိမ်သက်နေ၏။ ရေဒီယိုမှ အသံလှိုင်းများသည် ယမန်နေ့ည ဤအချိန်အခါ၌ V.O.A အမေရိကန် အသံလှိုင်းများ ပြေးလွှားနေခဲ့၏။ ယခုမူ ဘာသံမျှမထွက်။

လျော့ရဲရဲရှိနေသည် သို့မဟုတ် တစ်စုံတစ်ခုလိုနေသည်ဆိုသော အရိပ်အယောင်သည် ပေါ်ပေါက်၍နေလေသည်။ ဟုတ်ပေလိမ့်မည်။ ဦးသိန်းဒန်၏မျက်နှာသည်ပင်လျှင် ယခုအခါ၌ ရီဝေမှိုင်းညို့နေသယောင် ရှိလေသည်။ တကယ်ဒက်ထိ တွေ့ကြုံလာသည့်အခါတွင် ပုထုဇဉ်လူသား၏ တုန်လှုပ်ခြင်းနှင့်ဉာဏသမ္ပယုတ် မယှဉ်နိုင်ခြင်းကို တွေ့ရ၏။

စွန်းလွန်းဆရာတော်၏ နည်းနာနိဿယများကိုမှီး၍ တရားများကို ကျင့်ခဲ့စဉ်က ရုပ်နှင့်နာမ်၊ နာမ်နှင့်ရုပ်တို့ အချင်းချင်း အညမညပြုခဲ့ပုံ၊ ဒုက္ခသစ္စာအား ခွဲခြမ်းဝေဖန်ခဲ့ပုံများအပေါ်၌ အစိုးမရသော ခန္ဓာကိုယ်၊ ဝိထိမကျသော မနောဝိညာဉ်တို့အား သဘောပေါက်ခဲ့၏။ ချစ်သူနှင့် ကွေကွင်းရခြင်း၊ မချစ်သူနှင့် ပေါင်းသင်းဆက်ဆံကာ အတူတကွနေထိုင်ရခြင်း၊ အကြင်အရာကို အလိုရှိ၏။ ထိုအရာကို မရခြင်း စသော ဒုက္ခသစ္စာ၏ သရုပ်ကို ခွဲခြားသိလာသောအသိ ကလည်း မကယ်မ,နိုင်အောင် ဖြစ်လာသည်။

ထိုကြောင့်ပင် "သုံးပုံပိဋကတ်၊ တရားတော်မြတ်ကို တပ်တပ်ထင်ထင်၊ ကျွမ်းကျင်အသိ၊ အပြင်မှာရှိသော်လည်း အတွင်းသိဉာဏ်အမြင်၊ မျက်ဝါးမျှ မထင်လျှင်၊ သည်ဉာဏ်ရှင်အသိမှာ၊ သညာသိငါသိ၊ မောဟမိလျက်သာမို့ ချက်အချာ နိဗ္ဗာနနှင့် ဝေးကွာလှသေး ၏"ဟု ကမ္မဋ္ဌာန်းဆရာတော်က

ဟောကြားခြင်းဖြစ်ပေမည်။

စာသိ ငါသိထက် အတွင်းအဈွတ္တခန္ဓာမှ ပညာသိ သိရန်လိုပေမည်။ လိုသည်။

ဦးသိန်းဒန်သည် သက်ပြင်းတစ်ချက် ရှူထုတ်လိုက်လေသည်။ ပြီးလျှင် မျက်နှာချင်းဆိုင်နေသော နံရံသို့ မျက်လုံးများကိုပင့်ပြီး ကြည့်လိုက်၏။

နံရံတွင် မန္တာယမင်းကြီး၏သမီးတော် (စိန်ကရာသီ) ၏အဆောင်တော်တွင်းသို့ ဝင်ရောက်လာသည့် ဣန္ဒာဝံသမင်းသားကလေး၏ဟန်ကို ရေးဆွဲထားသည့် ပန်းချီဦးဘလုံ၏ ဆီဆေးကားချပ်တစ်ချပ်။

ပြီးတော့ကာ အယ်လီဇဘက်မင်းသမီး၊ ပြီးတော့ကာ ဦးသိန်းဒန်၏ တစ်ဦးတည်းသော 'မြ'။

မြသည် တစ်ပိုင်းတစ်ဝက်မျှရှိသော သူ၏ခန္ဓာကိုယ်နှင့် လိုက်လျောဆုံးသော အပြုံးယောင်မျှမျက်နှာနှင့် ကင်မရာ၏မှန်ဘီလူးရှိရာသို့ စူးစူးစိုက်ကြည့်နေ၏။

ဤအကြည့်သည် ယခုအခါ၌ ဦးသိန်းဒန်၏အထံသို့ ရောက်နေလေသည်။ ဦးသိန်းဒန်သည် မြကိုစိုက်ပြီး ကြည့်နေ၏။ နောက်တော့ မျက်တောင်များကို တဖျတ်ဖျတ်ခတ်ရင်း မျက်လုံးများကို ထို 'မြ' ရှိရာမှ လှီးလွှဲပစ်လိုက်၏။

မရှိ...၊ မြ... မရှိ။

ယခုမှပင် သောကလှိုင်းတံပိုးသည် စိုးမိုးကြီးမားလာလေပုံရ၏။ ဦးသိန်းဒန်သည် မျက်နှာကို လက်ဝါးများဖြင့် ဖုံးအုပ်လိုက်လေသည်။

သည်အပြုအမူသည် ဦးသိန်းဒန်အတွက် မဖုံးနိုင် မဖိနိုင်သော 'အန်ထွက်' လာသည့် 'ဟန်ချက်' မျှသာလျှင်ဖြစ်ပေသည်။

မြသည် စိန်ကရာသီနှင့် အယ်လီဇဘက်တို့ကဲ့သို့ ရွှေမင်းသမီးငယ်ကား

မဟုတ်ပါချေ။ မြသည် စိန်ကရာသီနှင့် အယ်လီဇဘက်တို့နှင့်လည်း မတူပါချေ။ စိန်ကရာသီသည် ဣန္ဒာဝံသမင်းသား၏ "ချစ်စွာသော"များမှ တစ်ပါးကညာဖြစ်၏။ မြသည်ကား ဦးသိန်းဒန် ၏ "များစွာချစ်စွာသော" တစ်ဦးတည်းသာလျှင် ဖြစ်ပေသည်။

မြသည် စိန်ကရာသီနှင့် ဤနှယ် ကွာခြားခဲ့၏။

တစ်ချိန်သော ၁၉၄၁ ခုနှစ်ခန့်က မြဆိုသော မြအား ဦးသိန်းဒန်သည် မမျှော်လင့်ဘဲ တွေ့ခဲ့ခြင်းဖြစ်၏။ ဒုတိယကမ္ဘာစစ်ဟူသည့် တစ်ခုသော ဝင်ရိုးတန်းဆန့်ကျင်ရေးစစ်ပွဲကြီးမှာ ကမ္ဘာ၏အရှေ့နှင့် အနောက်ခြမ်း များဆီ၌ မီးတောက်များပမာ ထ၍တောက်ခဲ့စဉ် တောင်တန်းဒေသသို့ ဘားမားရိုင်ဖယ်တပ်တစ်တပ်၏ တစ်ဦးတည်းသော ဗိုလ်အဖြစ် ပါဝင် လိုက်ပါသွားခဲ့စဉ်က မေမြို့စခန်းတွင် တွေ့ဆုံခဲ့ခြင်းဖြစ်၏။

ဗြိတိသျှတပ်မများသည် စကော်ပူမှ ဆုတ်ခွာခဲ့ကြပြီး ဖြစ်လေသည်။ ထိုမှတစ်ဆင့် တမူး-တစ်ဒင်ကြောင်းမှ အိန္ဒိယသို့ချီရန် ဖြစ်လေသည်။ အရှေ့ဘက် "မဂ္ဂီနော့"ဟူ၍လည်းကောင်း၊ ဗြိတိသျှအင်ပါယာ၏ အရှေ့ တံတိုင်းကြီးဟူ၍လည်းကောင်း ခေါ်ဆိုသမုတ်အပ်သော စကော်ပူခံတပ် သည် နေထွက်သူတို့၏လက်ဝယ် ဖြုန်းခနဲ ကျဆုံးသောအခါ မဟာ နေမဝင်တပ်မများသည် စစ်ရေးအစီအစဉ်များကို ပြောင်းလဲပစ်ခဲ့ရသည်။ ဖက်ဆစ်တို့၏ လျှင်မြန်ဖျတ်လတ် ကြမ်းတမ်းသောစစ်ဆင်မှုများသည် ယခုပင် မြန်မာနိုင်ငံသို့ ဝင်ရောက်ပေတော့မည်။

ထိုအချိန်တွင် မေမြို့၏ဆင်ခြေဖုံးရပ်ကွက်တစ်ခုအတွင်း၌ မြနှင့် တွေ့ခဲ့ခြင်းဖြစ်၏။

မြသည် ဗိုလ်သိန်းဒန်အား မျက်လုံးဝိုင်းကြီးများနှင့် ကြည့်၍နေလေ သည်။

"ဒါတော့ ကူညီနိုင်ရင် ကူညီပါ ကိုသိန်းဒန်..."

"ခက်တယ်… သူတို့စော်ဘွားတွေ ညီရင်းအစ်ကိုတွေ တစ်ယောက်နဲ့ တစ်ယောက် ဒီလိုဖြစ်နေတဲ့ကြားထဲကို ကျွန်တော် မဝင်ချင်ဘူး"

"စဝ်ဆိုင်ထွန်းက ဗိုလ်သိန်းဒန်နဲ့တွေ့ပြီး သေသေချာချာပြောပြပါတဲ့၊ ဒီမှာတောင် သူ့စာပါလာသေးတယ်"

မြသည် ပြောပြောဆိုဆိုနှင့် သူလွယ်ထားသော ရှမ်းလွယ်အိတ်နီနီအတွင်းမှ စာအိတ်တစ်အိတ်ကို ထုတ်ပေးလေသည်။

ဗိုလ်သိန်းဒန်သည် စာအိတ်ကိုလှမ်းယူပြီး ဖွင့်ကာဖတ်လေသည်။ ပြီးတော့ကာ ဦးခေါင်းကို တဆတ်ဆတ် ညိတ်လေသည်။

"အားလုံးက သဘောကွဲလွဲနေကြတယ်။ တချို့က အင်္ဂလိပ်နဲ့ လိုက်ချင်တယ်။ တချို့က ဒီမှာပဲနေချင်တယ်။ တချို့က အင်္ဂလိပ်ကို ခံချတဲ့ဘက်ကို ပေါင်းချင်တယ်။ ကျွန်တော်လည်း ဗမာတစ်ယောက်ပါပဲ။ ဗမာတစ်မျိုးသားလုံးနဲ့ဆိုင်တာကို မပစ်ပယ်ပါဘူး။ ဒါပေမဲ့ စဝ်ဆိုင်ထွန်းရေးလိုက်သလိုတော့ မလုပ်နိုင်ဘူး။ ကျွန်တော် ဂျပန်နဲ့ မပေါင်းချင်ဘူး"

ဗိုလ်သိန်းဒန်သည် ဤသို့ပြောပြီးနောက် စီးကရက်ကို ဖွာရှိုက်နေလိုက်လေသည်။ မဟော်ဂနီစားပွဲပေါ်သို့ တင်ထားသော မြ၏လက်နှစ်ဖက်မှာ လျှပ်စစ်မီးရောင်၏အောက်တွင် ကြော့ရှင်းကာ ဖြူဖြူဖွေးဖွေးကြီးရှိနေ၏။ လက်ချောင်းကလေးများမှာ မို့အိ၍နေသည်။ စိန်လက်ကောက်၊ စိန်လက်စွပ်တို့မှ ထွက်ပေါ်လာသော လျှပ်တစ်ပြက်တောက်ပခြင်းများနှင့် များစွာ ပနံရလျက်ရှိနေသည်။ ဤလက်များကို စူးစိုက်ကြည့်နေရာမှ ဗိုလ်သိန်းဒန်သည် မြ၏ခန္ဓာကိုယ်နှင့် မျက်နှာပြင်ကို ကြည့်မိပြန်လေသည်။

အဝါနှင့်ရောစပ်သော ဖြူဖွေးသည့်မျက်နှာပြင်ပေါ်ရှိ မျက်လုံး မျက်ဖန်များ၊ မျက်ခုံးနှင့်နှာတံများအားလုံး၏ အနေအထားသည် မှန်ကန်ကျနခြင်းရှိလေသည်။

လှ၍ချောသည်။ သိမ်မွေ့၍ ညက်ညောသည်။ စဝ်ဆိုင်ထွန်းနှင့် ခပ်ဆင်ဆင်တူသယောင်ယောင်ရှိ၏။ စဝ်ဆိုင်ထွန်း၏နှမများလေလား ဟု စိတ်ကူးကာ တွေးတောလိုက်၏။

"စဝ်ဆိုင်ထွန်းနဲ့ ဘာတော်သလဲ"

ဤကဲ့သို့မေးရန် ကြိုးစားလိုက်ပြီးမှ မမေးဘဲနေကာ...

"ကျွန်တော်နဲ့စဝ်ဆိုင်ထွန်းတို့ ကောလိပ်မှာနေတုန်းက အချစ်ဆုံး သူငယ်ချင်းတွေပဲ။ သူ ဘီအေအောင်ပြီး ကျောင်းကထွက်သွားတော့ ကျွန်တော်လည်း တပ်ထဲကို ဝင်ခဲ့တယ်။ အဲဒီကတည်းက လူချင်း အဆက်ပြတ်သွားတာ သုံး–လေးနှစ်ပဲ" ဟု စကားကို ဆက်၍ပြောလိုက်၏။ ဗိုလ်သိန်းဒန်သည် မြကိုမြင်မြင်ချင်း ကြိုက်၍နေပုံရလေသည်။ ဗိုလ်သိန်းဒန်သည် မေမြို့သို့ ကိစ္စတစ်စုံတစ်ရာဖြင့် ရောက်ရှိလာချိန်ကပင် စဝ်ဆိုင်ထွန်းတို့၏ဒေသသို့ ရောက်ဖူး၏။ စဝ်ဆိုင်ထွန်းသည် ဖခင် စော်ဘွားကြီး ကွယ်လွန်ပြီးသည့် နောက်ပိုင်းတွင် ဖခင်၏အရိုက်အရာကို ခံယူကာ ဟော်နန်းပျော်တစ်ယောက်ဖြစ်နေသည်။

စဝ်ဆိုင်ထွန်း၏ဟော်နန်းသို့ အကြိမ်ကြိမ်ရောက်ဖူး၏။ ဟော်တွင်း၌ စဝ်ဆိုင်ထွန်း ဦးလေးတော်စဝ်သန္တာနှင့် ဇနီးစဝ်မဥ္ဇူတို့သာ တွေ့ခဲ့၏။ မြကို တစ်ခါမျှ မတွေ့ခဲ့ဖူးပေ။

ယခု တွေ့ရသည့်အခါမှာလည်း ထူးထူးဆန်းဆန်း ရှိလေသည်။ စဝ်ဆိုင်ထွန်းက သူ၏အတွင်းရေးကိစ္စများကို သိကြားစေရန် စေတမန် အဖြစ် လွှတ်လာသူအဖြစ် မြသည် ရောက်ရှိလာ၏။ အသက်ကို ခန့်မှန်း ရလျှင် ၂၀ ၏ ပတ်ဝန်းကျင်မှာသာ ရှိပေမည်။

"ဗိုလ်သိန်းဒန် တစ်ယောက်တည်းပဲလား"

မြ၏ထံမှ ထွက်လာသော ဤအသံကို ကြားရသောအခါ ဗိုလ်သိန်းဒန် သည် ကပျာကယာပင် "ဟုတ်ပါတယ်" ဟု အဖြေပေးလိုက် လေသည်။

"ဒါဖြင့် လူပျိုကြီး ဖြစ်နေပြီပေါ့"

မြက ပြုံးပြီး ထပ်ပြောလာ၏။ ဗိုလ်သိန်းဒန်က ပြုံးလေသည်။ ပြီးတော့ကာ–

"စဝ်ဆိုင်ထွန်းတို့ ၁၀ နာရီကျော်ကျော်လောက် ရောက်မယ်ဆိုတာ သေချာတယ်နော်" ဟု စကားကို လှီးလွှဲပြောဆိုလိုက်၏။ ဗိုလ်သိန်းဒန်သည် ဤမျှအထိပင် ရိုးသားသူဖြစ်လေသည်။ သူ၏မျက်နှာသည် ထူအမ်းအမ်းနှင့် နီရဲနေ၏။

"ဟုတ်ပါတယ်၊ ဒါကြောင့် မြကို ကြိုပြီးလွှတ်ထားပေါ့။ လာမှာ သေချာပါတယ်၊ မြနဲ့အန်တီမဥ္ဇူတို့နှစ်ယောက် ဒီကိုအရင်လာကြတယ်။ အန်တီမဥ္ဇူက သူ့မိတ်ဆွေတွေဆီကို သွားလည်နေတယ်။ နောက်ပြီး ဒီစာထဲမှာ ပါတဲ့အကြောင်းတွေကို အန်တီမသိဘူး ဗိုလ်သိန်းဒန်၊ မြ တောင်မှ ကိုကိုက ဒီစာနဲ့ပတ်သက်ပြီးပြောပြလို့ သိရတာ"

ဗိုလ်သိန်းဒန်သည် 'ကိုကို' ဆိုသော စကားလုံးကို ပိုမိုပြီး နားဝင်လေသည်။ ဟုတ်ပေသည်၊ ဤစကားလုံးအတွက် ပြဿနာသည် သူ့အတွက် ပြေလည်ပြီဟုလည်း ထင်မှတ်လိုက်၏။

"အရင်က ကျွန်တော် 'ဟော်' ကို မကြာခဏ ဆိုသလိုရောက်ပါတယ်၊ မြကို မတွေ့ပါဘူး"

ဗိုလ်သိန်းဒန်သည် ဤစကားလုံးကို အရဲစွန့်ပြီး ပြောလိုက်လေသည်။

"ခုမှတွေ့လို့ အံ့သြနေတယ်ထင်တယ်။ ကိုကိုက မြကို တောင်ကြီး ကွန်ဗင့်ကနေပြီး ကောလိပ်ကို ပို့လိုက်ထာ၊ ကောလိပ်မှာ နှစ်နှစ်ရှိပြီ။ ဘီအေအောင်ပြီးမှ ရှမ်းပြည်ကို ပြန်လာရမယ်လို့လည်း အမိန့်ချထားတယ်။ ခုမှ စစ်ရိပ်စစ်ငွေ့တွေနဲ့ ကောလိပ်လည်း ပိတ်လိုက်လို့ မြပြန် လာရတာ"

"ဩော်... ကောလိပ် ပိတ်လိုက်ပလား၊ ဖြစ်မှ ဖြစ်ရလေ၊ အေးလေ

စစ်ကလည်း ဖြစ်နေပြီကိုးမြရဲ့၊ ဒါထက် မြ ဘီအေရောက်ပလား"

"ဟင့်အင်း၊ အိုင်အေမှာပါပဲ"

"နေပါဦး၊ ဂန္ထလောကတွေ ပါမလာဘူးမလား၊ မဖတ်ရတာကြာပြီ မြ"

"ဟော်မှာ ကျန်ရစ်ခဲ့တယ်၊ ပါပါတယ်"

"မှတ်မိသေးတယ်၊ ကျွန်တော်တို့ရှိတုန်းက ဆရာဦးသိန်းဟန် ဇော်ဂျီ နာမည်ယူပြီး စာရေးတော့ သူ့အပေါင်းအသင်းတွေက သူ့ဆီမှာ ပြဒါး ပြာ တောင်းကြတယ်။ ဝိဇ္ဇာဇော်ဂျီ တပည့်များဆိုတော့ ပြဒါးပြာ ရှိရ မှာပေါ့တဲ့။ ဒါနဲ့ပဲ ဆရာက ကဗျာကလေး တစ်ပုဒ်စပ်လိုက်တယ်။ အဲဒါ တောင် ဂန္ထလောကထဲ ပါသလားမသိဘူး"

"ဆိုပါဦး၊ ဆရာ့ကဗျာကို"

"ဟဲ... ဟဲ... ပြဒါးပြာ တောင်းလာပေါ့မနေး၊ ဖေဇော်ဂျီ ငါမစစ်လို့၊ စိတ်ညစ်တယ်လေးတဲ့၊ မှတ်မိပါသေးတယ်"

"မြလည်း ကြားဖူးတယ်မှတ်တယ်၊ ကိုကိုကလည်း မြကို ဘီအေပဲ ယူခိုင်းနေတယ်။ မြက စာတွေသိပ်မဖတ်ချင်ဘူး၊ မြဝါသနာပါတာက တစ်မျိုးဖြစ်နေတယ်။ မြ သိပ္ပံဘက်ကို လိုက်ချင်တယ်။ စစ်သာ မဖြစ် သေးဘူးဆိုရင် ကိုကို့ကို (ဆိုင်းယင့်) ယူပါရစေဆိုပြီး ပူဆာဦးမလို့။ ခုတော့ တစ်ပိုင်းတစ်စဖြစ်နေတာပေါ့"

ဗိုလ်သိန်းဒန်သည် ဦးခေါင်းကို တဆတ်ဆတ် ညိတ်ပြန်လေသည်။ ပြဿနာသည် ခုမှပင် ပိုပြီးရှင်းလာလေသည်။ ဘဝရေစက်ဆိုသည်မှာ ဤသို့သော တွေ့ဆုံခြင်းမျိုးကို ခေါ်ငင်သည်ဖြစ်ပေမည်။ အတန်ကြာပင် စကားဆက်ပြတ်သွား၏။

တစ်ဖန် ဗိုလ်သိန်းဒန်သည် မြ၏မျက်နှာကို ပြုံးပြုံးကြီးနှင့် စိုက်၍ ကြည့်လိုက်၏။ ပြီးလျှင်...

"စဝ်ဆိုင်ထွန်းကလည်းဗျာ...၊ နှမကလေးတစ်ယောက် ရှိတယ်ဆိုတာကို တစ်ခါမှ စကားထဲထည့်မပြောဘူး" ဟု ထပ်ပြီး မရဲတရဲပြော၏။ ပြီးလျှင် မျက်နှာချင်းဆိုင်ပြီး ထိုင်နေရန် မဝံ့လေသလော မဆိုတတ်၊ ထိုင်ရာမှထကာ အိမ်၏ပြတင်းတွင် သွားပြီးရပ်နေလိုက်၏။

မြသည် ပြုံးလျက်ရှိနေ၏။ ဗိုလ်သိန်းဒန်အားလည်း သူက စူးစိုက်ပြီး ကြည့်နေလိုက်၏။ ကြွားရရွှားရှိသော လူတစ်ယောက်မှာ စစ်ဗိုလ်၏ ကြန်အင်လက္ခဏာနှင့် ပြည့်စုံနေ၏။

ဤမျှသာ မဟုတ်သေး၊ တင့်တယ်သော ကြန်အင်လက္ခဏာလည်း ရှိသည်။

မြသည် ကျောင်းမှာနေစဉ်ကာလက ဖတ်ဖူးသည့် မြန်မာ့ဂုဏ်ရည် စစ်သူရဲကောင်း 'မင်းရဲကျော်စွာ' ကိုလည်း အမှတ်ရလေသည်။

မြသည် ထိုင်နေရာမှထပြီးလျှင် အိမ်၏အပေါ်ထပ်ဆီသို့ တက်သွား၏။ ဤသို့ အိမ်အပေါ်သို့ လှမ်းတက်လျက် ရှိနေဆဲမှာပင် မြ၏မျက်စိများထဲတွင် ဗိုလ်သိန်းဒန်သည် ရောက်လျက်ရှိနေလေသည်။

* * *

ဗိုလ်သိန်းဒန်သည် မေမြို့၏ ညရှုခင်းကို လှမ်းကြည့်နေရာမှ အိမ်အပေါ်ထပ်သို့ တစ်လှမ်းချင်း လှမ်းတက်သွားသော မြ၏ခြေလှမ်းများကို လှည့်ပြီး ကြည့်လိုက်၏။ မဟော်ဂနီ စားပွဲပေါ်တွင်မူ မြ၏လွယ်အိတ်နီနီသည် သည်အတိုင်းပင် ကျန်ရစ်နေသည်။

ဗိုလ်သိန်းဒန်သည် စားပွဲ၏အနီးသို့ ခပ်ဖြည်းဖြည်း လျှောက်သွား၏။ ပြီးတော့ကာ လွယ်အိတ်နီနီကို ငုံ့ကြည့်၏။ လွယ်အိတ်ကို ကောက်ယူကာ ကိုင်လိုက်လေသည်။ အိမ်ပေါ်သို့တက်ပြီး လိုက်ပို့လျှင် ကောင်းပါလေမည်လော...။

လက်ပတ်နာရီကို အသာငုံ့ကြည့်သည်။ နာရီသည် ၆ နာရီကျော်ကျော်ကို ပြနေ၏။ လွယ်အိတ်ကို အသာပင် စားပွဲပေါ်သို့ ပြန်ချလိုက်သည်။ စိတ်က မရဲတရဲဖြစ်နေလေသည်။

ကျောင်းမှထွက်ပြီး စစ်တပ်သို့ ရောက်ခဲ့သော အတွေ့အကြုံမျှသာရှိသော ဗိုလ်ကြီးသည် သည်ထက်ပိုပြီး မစွန့်စားရဲပေ။ ထိုသို့သောအကြောင်းကြောင့်ပေလား မဆိုတတ်။ ဗိုလ်ကြီးသည် ဧည့်ခန်း၏ထောင့်တစ်ဖက်မှာရှိသော စန္ဒရားဆီသို့ သွားပြန်လေသည်။ ပြီးလျှင်လက်ညှိုးတစ်ချောင်းတည်းနှင့် တဒေါင်ဒေါင်နှိပ်ကာ စန္ဒရားကို စမ်းနေသည်။

တစ်လုံးချင်း အသံများသည် အချင်းချင်း ရောယှက်ပြီးသောအခါအေးမြမြရှိသော ရာသီလေညင်းအတွင်း၌ စီရရီ ထွက်ပေါ်လာသောအသံလှိုင်းကလေးများကို ကြားရ၏။ ဗိုလ်ကြီးသည် စစ်သား၏အသည်းနှလုံးကို 'စေ' လိုက်ပေပြီ။ ဗိုလ်သိန်းဒန်၏ 'အသည်းစေသံ' သည်ထက်ယံမျက်နှာကြက်မှသည် ကမ္ဘောဇ ရှမ်းမိမယ်၏ အထံသို့ ရောက်ပေလိမ့်မည်။

ဗိုလ်သိန်းဒန်သည် သူ၏ဂီတလှိုင်းတွင် အဘယ်မျှ နစ်မြုပ်နေသည်မသိ၊ ခြံဝင်းအတွင်းသို့ ကားငယ်တစ်စီး ဝင်ရောက်လာသည်ကိုမျှ မသိ။ သို့မသိရုံမျှ မကသေး၊ ထိုကားငယ်ပေါ်မှ ဆင်းသက်လာကြသည့် စဝ်ဆိုင်ထွန်း၊ စဝ်သန္တာ၊ စဝ်မဥ္ဇူတို့တစ်တွေ သူ၏အနီးသို့ ရောက်လာကြသည်ကိုလည်း မသိ။

စဝ်ဆိုင်ထွန်းက သူ၏ပခုံးကို ကိုင်လိုက်တော့မှပင် စန္ဒရားသံများရပ်ဆိုင်းသွားသည်နှင့်အတူ လှည့်လာသော ဗိုလ်သိန်းဒန်၏ဦးခေါင်းကိုပါ မြင်ရသည်။

"ဟေး..."

အားရဝမ်းသာစွာဖြင့် ဗိုလ်သိန်းဒန်က ဟစ်အော်၏။ ပြီးလျှင် စုပြီး စားပွဲမှာ ထိုင်ကြတော့သည်။

"စောင့်နေတာ ကြာပြီလား၊ မြကော..."

"မြ အပေါ်မှာ"

"ကဲ... မဋ္ဌူ၊ အပေါ်တက်ပြီး စားသောက်ဖို့ စီစဉ်ကြပါဦး"

စဝ်ဆိုင်ထွန်း၏ဦးရီးတော်က မဋ္ဌူအား ၎င်းတို့ထံမှ ဖဲခွာစေသည်။ ပြီးလျှင် သူတို့သုံးဦးသား ခေါင်းချင်းဆိုင်ကြ၏။

ဂျပန်များ မော်လမြိုင်ဘက်ဆီသို့ဝင်ရောက်လာပြီ။ ၎င်းတို့နှင့်အတူ ဗမာ့လွတ်လပ်ရေးတပ်မတော် ပါလာသည် စသောသတင်းများကို ညှိနှိုင်းကြသည်။

ဗိုလ်သိန်းဒန်သည် လုံးဝ ဂျပန်နှင့်မပူးပေါင်းလိုသူအဖြစ် စဝ်ဆိုင်ထွန်းနှင့် သဘောကွဲလွဲခဲ့၏။ စဝ်ဆိုင်ထွန်းနှင့် ဦးရီးတော်တို့ကမူ ဗမာ့လွတ်လပ်ရေးတပ်မတော်နှင့်ပူးတွဲပြီး လွတ်လပ်ရေး အရယူမည်ဟု ဆိုလေသည်။

"ဒါဖြင့် ခင်ဗျား အိန္ဒိယလိုက်မလား"

"လိုက်မှာပဲ စဝ်ဆိုင်ထွန်း၊ ဒီမှာ မနေချင်ဘူး"

"အေးဗျာ၊ ကျုပ်တို့အားလုံး ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ဖို့ပဲ"

စဝ်ဆိုင်ထွန်းက ဤစကားကို ပြောလာ၏။ ပြီးလျှင် ခေတ္တမျှ ငြိမ်သက်သွားပြန်လေသည်။

"ကျွန်တော်ကတော့ ခင်ဗျားကို အားကိုးထားတယ်။ စစ်တပ် တွေ နောက်ဆုတ်တဲ့ဆီကို ခင်ဗျားမလိုက်ဘဲနဲ့ ကျုပ်တို့နဲ့အတူ ဖက်ဆစ် ဆန့်ကျင်ရေး လုပ်စေချင်တယ်"

"ကြည့်သေးတာပေါ့ စဝ်ဆိုင်ထွန်းရဲ့။ အိန္ဒိယကိုတော့ သွား

ချင်သေးတယ်။ ဒီကိုလည်း အခြေအနေကြည့်ပြီး ပြန်ခဲ့မယ်"

"ဒါထက် ခင်ဗျားလည်း ခုထက်ထိ မစွံသေးဘူးလား"

ဦးလေးတော် စဝ်သန္တာ ထိုင်ရာမှထသွားသဖြင့် စဝ်ဆိုင်ထွန်းက ဗိုလ်သိန်းဒန်ကို ခပ်တိုးတိုးမေးလာသည်။ ဗိုလ်သိန်းဒန်က မြကို မြင်ယောင်ရင်း ပြုံးလေသည်။

"ခင်ဗျားကကော..."

"ကျုပ်လား...၊ ကျုပ် မင်္ဂလာဆောင်ပြီးပကော၊ ကြာလှမှပဲ။ အေးဗျာ... ခင်ဗျားကိုတောင် မပြောမိဘူး"

"ဆိုပါဦး..."

"ကောလိပ်ကပြန်လာပြီး တစ်နှစ်မကြာပါဘူးဗျာ။ ဖားသားကြီး ဆုံးတယ်။ ဟော်ပေါ်ကို ကျုပ်တက်တက်ချင်းပဲ မြနဲ့မင်္ဂလာဆောင် ရတယ်"

"မြနဲ့... ဘယ်ကမြလဲ"

"ဩ.. ခင်ဗျားမသိသေးဘူး ဟုတ်တယ်။ ဒါ ကျုပ်ချွတ်ယွင်း ချက်ပဲ။ ဒီမှာ မြကို ခင်ဗျားမတွေ့ဘူးလား။ အဲဒါ ခင်မဥ္ဇူရဲ့တူမပဲ။ ကျုပ်နဲ့ မင်္ဂလာဆောင်တော့ ၁၈ နှစ်သမီးပဲ ရှိသေးတယ်။ ကွန်ဗင့်မှာ နေတုန်းပေါ့။ သူပညာဆက်သင်ပါစေဆိုပြီး ကျုပ် ရန်ကုန်ကို ပို့ထားတယ်"

"ဩ..."

ဗိုလ်သိန်းဒန်သည် ဦးခေါင်းကို တဆတ်ဆတ်ညိတ်လေသည်။ ရင်များသည်လည်း တဒိတ်ဒိတ်ခုန်လာလေသည်။ မိမိ၏အဖြစ်ကိုလည်း ပြုံးမိ၏။

"ဘာပြုံးတာလဲဗျ"

စဝ်ဆိုင်ထွန်းသည် ဗိုလ်သိန်းဒန်၏အပြုံးကို မြင်ရသဖြင့် မေးလိုက်၏။

"တခြားမဟုတ်ပါဘူးဗျာ၊ ခင်ဗျား နေနိုင်လွန်းတာကိုတွေးပြီး ပြုံးမိ

တာပါ”

ဤအချိန်တွင်ပင် စဝ်မဥ္ဇူနှင့် မြတို့သည် အိမ်အပေါ်မှဆင်းသက်လာကြ၏။ သူတို့နှစ်ဦးကို ကြည့်ရသည်မှာ အင်မတန်ဘက်ညီကာ အလှချင်းပြိုင်နေသယောင်ရှိသည်။

“ကဲ.. ထမင်းစားကြမယ်”

စဝ်ဆိုင်ထွန်း၏အသံက ပေါ်လာ၏။ ဗိုလ်သိန်းဒန်သည် မြအား တစ်ချက်မျက်လွှာပင့်ပြီး ကြည့်မိလေသည်။

* * *

ရာသီများက လွန်လေပြီ။

နိုင်ငံခြားသို့ ပြေးလွှားသွားသူများ၊ စစ်တပ်များ၊ အရပ်သူအရပ်သားများ၊ အစိုးရအရာထမ်းများ၊ အင်္ဂလိပ်ကပြားများဖြင့် တစ်ဒင်းတစ်ဝိုက်မှာ ပြည့်နှက်နေခဲ့သည်။

သည်နောက်တော့ကာ အဆက်အသွယ်များသည် အားလုံးပြတ်ခဲ့၏။ စစ်ဦးဒေသအဖြစ် တစ်ဖက်မှချထားသောတပ်များနှင့် သည်မှာဘက်မှတပ်များမှာ တိုက်ခိုက်ရန် တာစူနေသောအချိန်ဖြစ်ခဲ့သည်။

ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်တို့သည် အိပ်မက်သဖွယ် အငွေ့အမျှင်များတန်းပြီး ကျန်ရစ်ခဲ့လေသည်။

ဗမာ့မြေအပြင်၌ တော်လှန်ရေးအလံများ ဝင့်ကြွားလာခဲ့ကာ လီဒိုလမ်းမဘက်ဆီမှ ကြောင်နက်တပ်များဝင်ရောက်လာသည့်ကာလသို့လည်း တိုင်ခဲ့၏။

ပြည်တွင်းလှုပ်ရှားမှုဂယက်ကား ပိုမိုပြင်းထန်လာလေသည်။ ဗမာ့တပ်မတော်ဖျက်သိမ်းခြင်း၊ စစ်အုပ်ချုပ်ရေး စသည်တို့၏အတွေ့အကြုံများ၊ ဆင်းမလားနေ ဗမာပြည်အစိုးရပြန်လာခြင်း၊ ဘရောက်ဒါဝါဒ၏

ဂယက်ရိုက်ခတ်ခြင်း၊ သခင်ဗစိန် ဂျားဗားမှပြန်လာခြင်း၊ နိုင်ငံရေးပါတီများ လှုပ်ရှားလာခြင်းနှင့် ဆူဂါမိုထောင်မှ ဒေါက်တာဘမော်ပြန်လာခြင်း စသည်ဖြင့် တစ်ခုပြီးတစ်ခု အမျိုးသားတပ်ပေါင်းစုအဖြစ်တည်ရှိနေသည့် ဖ-ဆ-ပ-လ၏ နေသူရိန်ကွန်ဖရင့်။ ထိုနောက်မှ ဘုရင်ခံအမှုဆောင်အဖွဲ့ ဖွဲ့စည်းခြင်း၊ ပင်လုံမှာ စာချုပ်ခြင်း စသည်အားဖြင့် စိုးမိုးသူများသည် တက်ကြွလျက်ရှိသော အမျိုးသားလွတ်မြောက်ရေးစိတ်ဓာတ်ကို မဖိနှိပ်နိုင်ပေ။

"ဒီမှာ..."

အသံကြောင့် စာကိုင်ပြီးရေးနေသူက ဦးခေါင်းကို မော့ကြည့်လေသည်။ ပြီးမှ "ဟာ..."ဟူသောအာမေဍိတ်သံကိုပြုကာ...

"ထိုင်ပါ.. ထိုင်ပါ..."ဟု ခရီးဦးကြို၏။

"မှတ်မိသေးသလား"

"ဘယ့်နှယ်ပြောပါလိမ့်၊ စဝ်ဆိုင်ထွန်းသတင်းကိုလည်း ကြားပါတယ်"

"ရှင် တပ်ထဲမှာ မဟုတ်တော့ဘူးလား"

"မဟုတ်တော့ပါဘူး၊ ကျွန်တော် ခုတပ်က ထွက်လိုက်ပါတယ်"

"မသေလို့ တွေ့ကြတာပဲ ကိုသိန်းဒန်"

ဗိုလ်သိန်းဒန်သည် စကားကို ပြန်မပြောနိုင်ပေ။ စစ်ကို ကျော်လွှားအောင်မြင်လာခဲ့ခြင်းဆိုသည်မှာ 'ကပ်ကျော်'ခြင်းပင် ဖြစ်ပေသည်။

"မြ တစ်ယောက်တည်းလား"

"ဟုတ်ပါတယ်၊ ဒီပင်လုံကွန်ဖရင့်ကို လာကြလို့ စိတ်ပြေလက်ပျောက် လိုက်လာတာ၊ ကိုသိန်းဒန်ကို ခပ်လှမ်းလှမ်းကတွေ့တယ်။ ဟုတ်မှ ဟုတ်ပါ့မလားလို့ စဉ်းစားနေတာနဲ့ ခုမှလာတွေ့တာပဲ။ ကိုကို့ကိုသိပ်သတိရတာပဲ"ဟု ပြောရင်းဆိုရင်း မြသည် မျက်ရည်များ ရစ်ဝဲလာ

လေသည်။

"ကျွန်တော်လည်း အိန္ဒိယကို မလိုက်ဖြစ်ပါဘူး။ မုံရွာကပဲ ပြန်လှည့်လာတယ်။ နောက်ပြီး မြစ်ကြီးနားနယ်မှာ တပ်မတော်တာဝန်ကို ထမ်းဆောင်နေရတယ်။ တော်လှန်ရေးအထိပဲ ဆိုပါတော့"

"ကျွန်မတို့လည်း ဒေသမှာပဲနေရစ်တယ်ဆိုပါတော့။ ဂျပန်တွေဝင်ပြီး မကြာခင်မှာပဲ ကိုကိုအသတ်ခံရတယ်။ ဦးလေးသန္တာတော့ တော်လှန်ရေးမှာ ငှက်ဖျားမိပြီး သေသွားတယ်"

"မမဥ္ဇူကော..."

"ရန်ကုန်မှာ ရောက်နေတယ်။ မြတော့ တောင်ကြီးမှာနေတယ်။ ကျောင်းဆရာမပေါ့။ ကိုယ်ပိုင်ကျောင်းတစ်ခု ဖွင့်ထားတယ်"

"ကောင်းပါတယ်၊ လွတ်လပ်ပါတယ်။ ဒါမှလည်း ဒီကွန်ဖရင့်မျိုးကို လွတ်လွတ်လပ်လပ် လာပြီးအကဲခတ်နိုင်မှာပေါ့။ ဘယ့်နှယ်လဲ မြ၊ အားရရဲ့လား"

"အားရပါတယ်။ လွတ်လပ်ရေးလည်း ရမှာပါပဲ။ ခေါင်းဆောင်တွေအားလုံး လက်မှတ်ရေးထိုးဖို့ပဲ လိုတော့တယ်လို့သတင်းရတယ်။ ဟုတ်သလား ကိုသိန်းဒန်..."

"ဟုတ်ပါတယ်"

ဗိုလ်သိန်းဒန်သည် မြအား စူးစူးဝါးဝါး စိုက်ကြည့်လိုက်လေသည်။ မြသည် ယခင်က မေမြို့မှာတွေ့သည့်အတိုင်း မည်သို့မျှ မပြောင်းလဲသေးသကဲ့သို့ ထင်ရ၏။

ပင်လုံကွန်ဖရင့်တွင် မြအား တွေ့ဆုံလိမ့်မည်ဟု ဗိုလ်သိန်းဒန်သည် နည်းနည်းမျှ မမျှော်လင့်ခဲ့ပေ။ တွေ့ရသောအခါ မုဆိုးမ ကလေး၏အလှကို ငေးမောမိ၏။ သွားလေသူ စဝ်ဆိုင်ထွန်းအပေါ်လည်း သံယောဇဉ် အမျှင်တန်းမိသည်။

"ရန်ကုန်ကို လိုက်လည်စေချင်တယ်"

ဗိုလ်သိန်းဒန်သည် ဦးခေါင်းကိုငုံ့ရင်းက ဤစကားကို ခပ်တိုးတိုး ပြောလိုက်လေသည်။ မြသည် ဗိုလ်သိန်းဒန်ကို စူးစိုက်ပြီးကြည့်နေ၏။ မြကြည့်နေသည်ကို ဗိုလ်သိန်းဒန် မသိပေ။

"လည်ပတ်ဖို့ အချိန်မရသေးဘူး ဗိုလ်သိန်းဒန်၊ ဒီမှာ စော်ဘွား တစ်ယောက်က မြကို အရေးတကြီးခေါ်ထားတာ ရှိနေတယ်"

"ကိစ္စက အရေးကြီးသလား"

"အင်း... ကြီးတယ်ဆိုရမှာပဲ၊ အခု တောင်တန်းဒေသဘက်မှာ ရောက်နေတဲ့ မျက်နှာဖြူ'စတီဗင်ဆင်'က စော်ဘွားနဲ့တွေ့ပြီး တောင်တန်း အကြောင်း စကားပြောမလို့တဲ့။ အဲဒါ မြ ဒီကအပြန်မှာ စကားပြန် အဖြစ်နဲ့ လိုက်သွားရမယ်။ နောက်ပြီး စော်ဘွားကြီးက သူ့ဟော်မှာ စာသင်ကျောင်းတစ်ကျောင်း ဖွင့်ချင်တယ်။ ဟော်သူဟော်သားတွေရဲ့ သားသမီးတွေအတွက် ပညာသင်ဖို့တဲ့"

"ဒါဖြင့် ဒီကိစ္စတွေက အရေးတကြီးကိစ္စတွေပဲ။ 'စတီဗင်ဆင်' ဟာ ဒီပင်လုံကွန်ဖရင့်ကို လာဖျက်တဲ့လူပဲ။ သူ့ကို သတိထားဖို့ လိုတယ်။ နို့ နေပါဦး၊ စော်ဘွားကြီးရဲ့သဘောထားကကော"

"ပြည်ထောင်စုနဲ့ ပေါင်းမှာပါပဲ"

"ကျွန်တော်တောင် မြနဲ့ လိုက်ခဲ့ချင်တာ"

ဗိုလ်သိန်းဒန်သည် စကားများကိုပြောရင်းက ရှေ့လောကြီးသွား သကဲ့သို့ ဖြစ်သွားသော သူ၏စကားများကို ပြန်လည်ရုပ်သိမ်းလိုသည့် သဘောဖြင့် "အို.. အို.."ဟု ဆက်လိုက်၏။ ပြီးတော့ကာ မျက်နှာပြင်များ နီရဲသွားလေသည်။

"လိုက်ခဲ့ပါလားရှင်၊ ရှမ်းပြည်တစ်ခွင်ကို လေ့လာရတာပေါ့"

"ဧည့်သည်ကိုမှီပြီး ဧည့်သည်အဖြစ်လိုက်ရမှာဆိုတော့ အားနာ

စရာများ ဖြစ်မနေဘူးလား မြ"

"ကိစ္စမရှိဘူး။ စော်ဘွားကြီးရဲ့မဟာဒေဝီက မြနဲ့ ကျောင်းနေဖက်ပါ"

"ဒါဖြင့်"

"ဒါဖြင့် လုပ်မနေပါနဲ့ရှင်၊ ဗိုလ်ချုပ်ကိုပြောပြီး ခွင့်တောင်းပေးပါ့မယ်။ ရှင် အခု ဒီကိုဘာအဖြစ်နဲ့ လိုက်လာတယ်ဆိုတာ မြသိပါတယ်"

ဗိုလ်သိန်းဒန်သည် စကားကို ဆက်မပြောတော့ပေ။ မြသည်လည်း ဤနေရာမှ ထွက်ခွာသွားခဲ့၏။

ဤသည်၏နောက်ပိုင်း ပင်လုံကွန်ဖရင့် ပြီးဆုံးသောအခါ ဗိုလ်သိန်းဒန် သည် မြနှင့်အတူ လိုက်ပါသွားသည်ကို တွေ့ရ၏။

ဤသို့ လာရောက်တွေ့ဆုံကြမည်ဟု မထင်မိ။ တွေ့ရသည့်အခါတွင်မူ မခွဲချင်သောစိတ်များက များပြားလျက်ရှိနေသည်။ ရှေးယခင် မေမြို့မှာ တစ်ညခင်းတွေ့ဆုံခဲ့စဉ်က ပေါက်ဖွားလာသည့် မီးပွားငယ်မှာ အရှိန်မသေသေးကြောင်းကို ဗိုလ်သိန်းဒန်သည် ရိပ်မိပြီးဖြစ်လေသည်။

သို့ကြောင့်ပင် သူသည် မြအား ခွင့်ပန်ရန်ကြိုးစားလေသည်။ ခွင့်ပန်လေသည်။

မြသည် အဝေးသို့ငေးနေ၏။ ဗိုလ်သိန်းဒန်ကိုလည်း မျက်လွှာတစ်ချက်ပင့်ပြီးကြည့်၏။

ရှေ့ဘက်မှာရှိသော လိမ္မော်ခြံအတွင်းသို့ လှည့်ဝင်လိုက်လေသည်။ မြထံမှ မည်သို့သောစကားများ ထွက်ပေါ်လာမည်ကို ဗိုလ်သိန်းဒန် သည် မျှော်လင့်ချက်ကြီးမားစွာဖြင့် မြ၏နောက်မှ တကောက်ကောက် လိုက်ပါလာ၏။

မြသည် ဘာဆို၍ ဘာကိုမျှမပြောသေး။ အတန်ငယ်ကြာမှ..

"အေးလေ၊ စဉ်းစားသေးတာပေါ့ ဗိုလ်သိန်းဒန်" ဟူသောစကားကို

ပြောလာလေသည်။ မြသည် ဗိုလ်သိန်းဒန်၏အပေါ်၌ မေတ္တာကွန်ရက်ကို ဖြန့်ကြက်ရန် ဝန်လေးလှသယောင်ဖြင့် မျက်လုံးများသည် ရီဝေလျက် ရှိလေသည်။

ခပ်လှမ်းလှမ်းတွင် လိမ္မော်သီးများ ဆွတ်ခူးနေသည့် မဟာဒေဝီသည် သူတို့နှစ်ယောက် ယှဉ်တွဲပြီးလာသည်ကို ပြုံးပြီးကြည့်နေ၏။

"မြ... ဒီကိုလာပါဦး"

"အို.. ရိုစီ တစ်ယောက်တည်းလား"

"ဟိုမှာလေ"

ရိုစီသည် သူ့လင်တော်မောင် စော်ဘွားကြီးဆီကို ညွှန်ပြလေသည်။ စော်ဘွားကြီးသည် သားငယ်အား လေသေနတ်ပစ်ပြနေ၏။ ဗိုလ်သိန်းဒန်သည် စော်ဘွားကြီးရှိရာသို့ လှည့်ထွက်သွားလေသည်။

"ရိုစီ.. ဗိုလ်သိန်းဒန်က ဒီမှာနေဖို့ ကိုယ့်ကို တိုက်တွန်းနေတယ်"

"နေပါကွယ်၊ ကိုယ်တို့သားသမီးတွေ ပညာရေးလောက်ကိုဆို ရင် မြကို မတိုက်တွန်းပါဘူး။ မြလည်း ခုလောက်ဆိုရင် ဒီမှာရှိတဲ့ အရာရှိအရာခံသားသမီးတွေရဲ့ နေပုံထိုင်ပုံကို အကဲခတ်မိရောပေါ့။ အားလုံးဟာ စော်ဘွားကိုမှီပြီး ပေါ့ပြက်ပြက်ဖြစ်နေကြတယ်။ အဲဒါကို ကိုယ်ပြင်ပစ်ချင်တယ်။ ကျောင်းဆရာနှစ်ယောက်တော့ ရှိပါတယ်။ ဒီမှာ ကျောင်းဖွင့်ပေးထားတယ် မြရဲ့..."

"သူတို့ မနိုင်ဘူးလား"

"စာသင်တတ်တယ်၊ စာတော်တယ်။ ဒါပေမဲ့ စော်ဘွားစော်ခံငွေခွန်မှူး စတဲ့ဟော်နန်းပတ်ဝန်းကျင်ကို သူတို့က သိပ်ပြီးကြောက်နေတယ်။ လခစားစိတ်တွေနဲ့ပဲ နေကြတယ်။ ကျောင်းဆရာ ကျောင်းသားတပည့် စိတ်မမွေးနိုင်ကြဘူး။ သူတို့ကို ရိုစီ အားမရဘူး"

"ရိုစီ့ရဲ့သဘောထားကို ပြောပါဦး"

"ကလေးတွေ စည်းကမ်းသေဝပ်စေချင်တယ်။ တချို့ကလေးတွေဟာ ဆရာကို မလေးစားဘူး။ ကျောင်းကို လာချင်မှလာတယ်။ 'စော်ဘွားပျော်ပွဲစားရှိလို့' 'အမေ မြို့သွားလို့' ဆိုတဲ့မခိုင်လုံတဲ့ အကြောင်းပြချက်တွေနဲ့ ကျောင်းကိုမလာကြဘူး။ တစ်ခါတလေလည်း သူတို့လူငယ်ကလေးတွေစုစုပြီး တောင်ပေါ်ကို သေနတ်ပစ်တက်ကြတယ်။ ဒါတွေကို ဆရာလုပ်တဲ့လူတွေက မဆုံးမရဲဘူး။ သူတို့မိဘတွေကို ကြောက်နေတယ် မြရဲ့..."

မြက ပြုံးလေသည်။

"ဒါဖြင့် ကျောင်းသားတွေက ကျောင်းကိုလာချင်မှလာတယ်၊ မလာချင်ရင်လည်း ဆရာတွေက ဘာမှမပြောရဲဘူးဆိုပါတော့"

"ဟုတ်ပါတယ်၊ တချို့ ဟော်အရာရှိတွေကလည်း ပဒေသရာဇ်ဆန်ဆန်ပါပဲ။ သူတို့လုပ်သမျှအားလုံးကို ထောက်ခံနေရင် သဘောကျတယ်။ တစ်နေ့ကတောင် စာသင်နေတုန်းတန်းလန်းမှာ သားသမီးတွေကို တောင်ကြီးသွားလည်ဖို့ဆိုပြီး အခေါ်လွှတ်လိုက်တယ်။ ကလေးတွေကလည်း ချက်ချင်းထလိုက်သွားတယ်။ ဆရာတွေက ဒါတွေကို မပြောရဲဘူး။ ကျောင်းသားတွေဟာ ကျောင်းပိတ်ရက်ကလွဲပြီး ကျန်တဲ့အချိန် ကျောင်းမှာရှိရမှာပေါ့။ လည်ပတ်ချင်ရင်လည်း မိဘတွေက ကျောင်းပိတ်ရက်မှာ လည်ပတ်ဖို့ကောင်းတယ်။ တစ်နေ့ကလည်း ဆွေရိပ်မကင်းပါဘူး။ မောင့်တူတော်မောင်တစ်ယောက် ပျင်းလို့ ကျောင်းမတက်ချင်ဘူးဆိုပြီး ဟော်ထဲမှာပဲ စာဖတ်နေတယ်။ မောင့်ကိုတိုင်တော့ မောင်ကလည်း ဘာမှမပြောဘူး။ ဒါတွေကို ရိုစီ ပြင်ပစ်ချင်တယ်။ ဒါကြောင့်မို့ မြကို ဒီကျောင်းမှာ လာလုပ်ပါလို့ခေါ်တာပဲ"

"ခက်တယ် ရိုစီရယ်၊ ဟိုမှာလည်း တပည့်တွေသံယောဇဉ်က ရှိနေတယ်။ အေးလေ... နောက်တော့မှ အဆင်ပြေအောင် ကြည့်ပြီး

စီစဉ်ပါ့မယ်"

"ဗိုလ်သိန်းဒန်က ဒီမှာနေစေချင်သလား"

"ဟုတ်တယ် ရိုစီ"

"သူ့စကားကို နားထောင်ပါကွယ်"

ရိုစီက ပြုံးပြီးပြောလေသည်။ မြသည် စော်ဘွားကြီးနှင့် စကားလက်ဆုံကျနေသော ဗိုလ်သိန်းဒန်ကို လှမ်းပြီးကြည့်လိုက်၏။ သိန်းဒန်ကုမ္ပဏီပိုင်ရှင်၊ စစ်ဗိုလ်လူထွက်၊ ဗိုလ်ချုပ်အောင်ဆန်း၏ လူယုံတော်တစ်ဦး စသည်တို့ကို မမြင်ဘဲ ရိုးသားသောလူတစ်ယောက်အဖြစ် ကိုသာမြင်လျက်ရှိနေသည်။ ခပ်စောစောက ညနေခင်းလမ်းလျှောက်ထွက်လာကြစဉ် ဗိုလ်သိန်းဒန်သည် စာရွက်ကလေးတစ်ရွက်ကို မြသို့လှမ်းပေးလေသည်။

မြ

အကယ်၍ လွတ်လပ်သူတစ်ယောက်သာ ဖြစ်နေသေးပါလျှင် မြနှင့်ကိုယ်တို့ အတူတူနေချင်သည်။

သိန်းဒန်

စာမှာ ရည်းစားစာနှင့်မတူသော်လည်း ရည်းစားစာဟု မြကနားလည်၏။ ခွင့်ပန်သောစာကိုဖတ်ပြီး မြက "စဉ်းစားသေးတာ ပေါ့"ဟု ပြောလိုက်သောအခါ ဗိုလ်သိန်းဒန်သည် စကားကိုဆက်ပြီး မပြောတော့ပေ။ မိန်းမသားတို့၏'ဟန်'ကို နားမလည်ပါတကားဟု မြက မှတ်ချက်ချ၏။ ထိုကြောင့်ပင် ရိုးသားသောလူတစ်ယောက်အဖြစ် မြက မြင်နေခြင်းဖြစ်လေသည်။

ဟုတ်ပေသည်။ ထိုနေ့မှစ၍ ဗိုလ်သိန်းဒန်သည် ရန်ကုန်သို့

ပြန်သည့်နေ့အထိ ထိုကိစ္စကို ဆက်၍မပြောတော့ပေ။ မြတစ်ယောက် တောင်ကြီးမှသည် ဤစော်ဘွားကြီးနှင့် ရိုစီတို့၏နယ်ပယ်သို့ ပြောင်း ရွှေ့လာသည်အထိ ဗိုလ်သိန်းဒန်ထံမှ အသံဗလံများကို မကြားရချေ။

မြသည် ဤအထိ ပင်ပန်းခံပြီးနေနိုင်စွမ်းမရှိ။ ထို့ကြောင့်ပင် မြသည် ရန်ကုန်မှာရှိသော မဥ္ဇူ၏ထံသို့ စာတစ်စောင်ရေးပို့လိုက်ရ၏။ မဥ္ဇူထံမှ တစ်စောင်သောစာသည်သာ တိုတိုတုတ်တုတ် ပြန်ရောက်လာခဲ့သည်။

ညီမလေးမြ..

ဗိုလ်သိန်းဒန်နှင့် မတွေ့၊ ဗိုလ်ချုပ်အောင်ဆန်း တို့ ကျဆုံးပြီးကတည်းက နိုင်ငံခြားကို ထွက်သွား သည်ဟု စုံစမ်း သိရှိရသည်။ ဂျာမနီ သို့မဟုတ် အင်္ဂလန် တစ်ခုခု ဖြစ်မည်။ အကြောင်းထူးရှိသေးရင် စာရေးပါ။

မဥ္ဇူ။

မြသည် ထိုစာကိုဖတ်ပြီး ပန်းဟိုက်နွမ်းလျသွားလေသည်။ ကြီးမား သောပြောင်းလဲချက်များသည် နိုင်ငံတွင် ဖြစ်ပေါ်နေ၏။ ဗိုလ်ချုပ်တို့ ကျဆုံးပြီး မကြာမီမှာပင် လွတ်လပ်ရေးရသည်။ ပြီးတော့ကာ တိုင်းပြည် ကြီးသည် ပြည်တွင်းဆူပူမှုနှင့် ကြုံရလေသည်။ ရှမ်းပြည်သည်လည်း ထိုဂယက်လှိုင်းမှာ ပါဝင်လာသောအခါ စော်ဘွားကြီးတို့ပင်လျှင် နယ် ပယ်များအချင်းချင်း ပူးပေါင်းကာကွယ်ရေးများ ပြုလုပ်လာရလေသည်။

၁၉၄၈–၄၉–၅၀ခုနှစ်။

* * *

မမဥ္ဇူ

ကျွန်တော် ဂျပန်ရောက်နေပါတယ်။ ဗမာပြည် သတင်းတွေက အမျိုးမျိုး ကြားရဖတ်ရတော့ စိတ်မကောင်းဘူး။ အမေရိကမှာရှိနေတုန်းက အမေရိ ကန်လယ်သမားအိမ်ထောင်စုတွေနဲ့ ရင်းရင်းနှီးနှီး တွေ့ခဲ့ပါတယ်။ အဲသည်အထဲမှာ ကျွန်တော်တို့ ဗမာပြည်ကို တိုက်ခိုက်တဲ့အထဲမှာပါပြီး 'ဘားမားစတား' ဘွဲ့ရခဲ့ဖူးတဲ့ လယ်သမားကြီးတွေက "ခင်ဗျားတို့ ဗမာပြည်ကြီး ကွန်မြူနစ်နိုင်ငံဖြစ်သွားပြီဆို၊ အဲဒါ ဟုတ်သလား..." လို့ မေးတယ်။ "မဟုတ်သေးပါဘူး..." လို့ ကျွန်တော်က ပြန်ဖြေခဲ့ရတယ်။ သူတို့က "ဘာပဲဖြစ်ဖြစ် မင်းတို့လယ်သမားတွေ၊ တို့ လယ်သမားတွေ ချစ်ချစ်ခင်ခင် နေကြဖို့ ပါပဲကွာ"လို့ ပြောတယ်။

ကျွန်တော် စီးပွားရေးနဲ့ပတ်သက်ပြီး ဗဟုသုတရအောင်ဆိုပြီး ဗမာပြည်က ထွက်ခဲ့တယ်။ သူတို့နိုင်ငံတွေ ဘယ်လိုထူထောင်နေကြတယ်ဆိုတာကို လေ့လာရင်းပါပဲ။ ဆိုဗီယက်နိုင်ငံလည်း ရောက်ခဲ့ပါတယ်။ စီးပွားရေးအတွက် အားရစရာကောင်းတာတွေ၊ စက်မှုလက်မှုနိုင်ငံ ထူထောင်ကြတာတွေ အားရစရာကြီးပဲ မဥ္ဇူ။

ကျွန်တော်တို့ဆီမှာ နိုင်ငံရေးပြဿနာက 'ကဲ' လွန်နေတယ်ထင်တယ်။ နိုင်ငံရဲ့ပြဿနာတွေဟာ ပုဂ္ဂိုလ်ပြဿနာတွေဖြစ်ပြီး ဗိုလ်ချုပ်အောင်ဆန်းတို့လိုလူမျိုးတောင် အသတ်အဖြတ်ခံရတဲ့ဘဝကို ရောက်ရတာဟာ

အင်မတန် ဝမ်းနည်းစရာကောင်းတယ်။ ခုလည်း အင်မတန် အခြေအနေဆိုးနေတယ်လို့ သိရတယ်။
ကျွန်တော် ဂျပန်ကနေပြီး ပြန်လာဖို့စိတ်ကူး ထားတာတောင် လာသင့်မလာသင့် ချိန်ဆနေတယ်။ ထွက်လာတုန်းကတော့ မမဥ္စူနဲ့မြတို့ကို ဘာမှအကြောင်း မကြားခဲ့ရတဲ့အတွက် အပြန်ကျမှပဲ တောင်းပန်ရတော့ မယ်။ ဒါထက် မြတစ်ယောက် ရိုစီနဲ့အတူတူပဲလား။ မြဆီကို ပူးတွဲပါစာလေးတစ်စောင် ပို့ပေးစေချင်ပါ တယ်။

သိန်းဒန်
ခေတ္တ–တိုကျို–ဂျပန်။

မြ

သုံး–လေးနှစ်လောက် စဉ်းစားပြီးဖြစ်လျက် နောက်ထပ် ဘယ်လောက်အထိများ စဉ်းစားဦးမည်ကို သိလိုပါသည်။

သိန်းဒန်

စာနှစ်စောင်စလုံးကို ဖတ်ပြီးသောအခါ မြသည် စာရွက်များကို ပေါင်ပေါ်တင်လိုက်ကာ မဥ္စူအား လှမ်း၍ကြည့်လေသည်။ မဥ္စူသည် မြထံမှ မည်သည့်စကားများ ကြားရမည်လဲဟုလည်း မျှော်လင့်ထားပုံရ သည်။

"မဥ္စူအနေနဲ့ စာတစ်စောင် အမြန်ဆုံးရေးပေးစေချင်တယ်" မြက ထိုစကားကို ပြောလာလေသည်။

"ဘာရေးရမလဲ ပြောလေ၊ စဉ်းစားပြီးပြီဆိုတာလား"

မဥ္ဇူက ပြုံးပြီးမေးလေသည်။ ပြီးတော့ကာ စာရေးစားပွဲသို့ ထသွားကာ စာရေးရန် ပြင်ဆင်လေသည်။

"ရေးပါ၊ မြ ရန်ကုန်ရောက်နေတဲ့အကြောင်း၊ နောက်ပြီး ရှမ်းပြည်ဘက်မှာ တရုတ်ဖြူတွေ ဝင်နေတဲ့အကြောင်း..."

"ဒါတွေက ဘာဆိုင်လို့လဲ မြရဲ့"

"ဆိုင်ပါတယ်၊ ဗိုလ်သိန်းဒန်ဟာ နိုင်ငံအပေါ်မှာ သံယောဇဉ်ရှိတဲ့လူတစ်ယောက်ပါ မမရဲ့၊ သူ့စာကို ဖတ်ကြည့်ပါဦး"

"အဲ.. ထားပါတော့၊ နောက်တော့ကော"

"နောက်တော့ စော်ဘွားကြီးအသတ်ခံရတဲ့အကြောင်း၊ ရိုစီတို့လည်း ရန်ကုန်ရောက်နေတဲ့အကြောင်း၊ မြရဲ့စာသင်ကျောင်းလည်း ဖျက်ပစ်လိုက်ရတဲ့အကြောင်း.."

"အို... မြဟာက အရေးကြီးတာလည်း မပါသေးဘူး"

"ပါမှာပေါ့ မမရယ်"

မြသည် ဤစကားကို မပွင့်တပွင့်ပြောလေသည်။ မြသည် သူ၏ ရင်တွင်းခံစားမှုကို ဗိုလ်သိန်းဒန်အား အသိမပေးချင်ပေ။ တကယ်တော့ကာ မြသည် ရှက်၍နေခြင်းမျှသာ ဖြစ်လေသည်။

"တစ်ပင်လဲတော့လည်း တစ်ပင်ထူရတယ်။ တံခွန်ကုက္ကားပင် ရှိလင့်ကစား ဘာဆိုလား၊ အဲဒီစာတွေလည်း ရှိသေးတယ်။ နောက်ပြီး ခေတ်ကလည်း ပြောင်းသထက်ပြောင်းနေတယ် မဟုတ်လား။ ယောကျ်ားက စ,စ၊ မိန်းမကစ,စ..."ဟု မဥ္ဇူသည် စာကိုင့်ရေးနေရင်းက စကားများကို တတွတ်တွတ်ပြောပြောနေသည်။ မြက ပြုံးပြီး နားထောင် နေလေသည်။

"မဥ္ဇူတို့တော့ ဘာပဲဖြစ်ဖြစ် ဒီလိုမုဆိုးမဘဝနဲ့တော့ အရိုးမထုတ်ချင်ပါဘူးကွယ်"

မုဆိုးမဆိုသောအသံကြောင့် မြသည် ခေါင်းနားပန်းများပင် ကြီးသွားသကဲ့သို့ ဝေဒနာတစ်ရပ်ကို ခံစားလိုက်ရလေသည်။ တစ်ဖက်လက်ဝဲထောင့်အခန်းတွင် ထောင်ထားသော ကိုယ်လုံးပေါ်မှန်အတွင်း၌ မြင်တွေ့ရသော မိမိ၏ရုပ်ပုံလွှာကို အသာစောင်းငဲ့၍လည်း ကြည့်မိ၏။ မုဆိုးမ၊ မုဆိုးမ...။

မဋ္ဌုသည်လည်းကောင်း၊ မြသည်လည်းကောင်း၊ ဤမုဆိုးမဟူသောဘဝကို လိုလိုချင်ချင်နှင့် ရယူခဲ့ကြသည်မဟုတ်ကြ။

မြသည် မျက်တောင်များကို တဖျတ်ဖျတ်ခတ်လိုက်၏။ ဝမ်းနည်းသကဲ့သို့ ရင်မှာ နင့်တင့်တင့်ဖြစ်လာ၏။ ပြီးတော့ကာ မျက်ရည်ကလေးများကလည်း ဝဲလာလေသေးသည်။

စာကို ငုံ့၍ရေးနေသော မဋ္ဌုသည် ယခုအခါ၌ စာရေးမတစ်ယောက်ဖြစ်နေသည်။ စာရေးမဘဝနှင့် အသက်မွေးဝမ်းကျောင်းပြုနေရသည်။ မြသည်လည်း ယခုအခါတွင် ရုံးတစ်ရုံးသို့ လျှောက်လွှာတင်ထားဆဲ လျှောက်ထားဆဲဖြစ်၏။

"တွေ့ကော တွေ့ထားပြီးပလား"

စောစောက မဋ္ဌုပြောထားသော 'မုဆိုးမဘဝနဲ့ တစ်သက်လုံး အရိုးမထုတ်ချင်ပါဘူး' ဟူသောစကားကို မြက ပြန်ပြီးကောက်ယူလိုက်လေသည်။ စိတ်ပြေလက်ပျောက် ဖြစ်ပါစေတော့ဟု အာရုံကို ပြောင်းလွှဲလိုက်ခြင်းလည်းဖြစ်သည်။

"တွေ့ဆို ရိုစီနဲ့ လိုက်လိုက်လာတဲ့လူလေ"

"ဩော်.. ဩော်.. ဒီလူက လူခန့်ချောတစ်ယောက်ပဲ၊ ကောင်းသားပဲ"

ရိုစီဆိုသော စော်ဘွားကတော်ကျ တစ်ဦးသောမုဆိုးမမှာမူ ယခုအခါတွင် ကုမ္ပဏီတစ်ခု၏ ပိုင်ရှင်ဖြစ်နေသည်။ သက်ဆိုင်ရာပြည်နယ်အစိုးရများ၊ စော်ဘွားများက ရိုစီအား မြေတောင်မြှောက်ပေးခဲ့၏။

ပထမကမူ ရိုစီသည် သွားလေသူ၏မျက်နှာနှင့် အသက်ရှင်နေနိုင် ရေးကို အားထုတ်ရလေသည်။ ကုမ္ပဏီထောင်ပါဟု အကြံပေးသူများကြောင့် ကုမ္ပဏီတစ်ခုကို အားခဲပြီးတည်ထောင်လိုက်သောအခါသို့ ရောက်လာလေမှပင် ကုန်သည်တို့၏လုပ်ငန်းများကို သဘောပေါက်လာခဲ့လေသည်။ ဖျတ်လတ်သွက်လက်သော အသိရှိခြင်း၊ ပေါင်းသင်းဆက်ဆံရေး၌ လိမ္မာပါးနပ်ခြင်းတို့ကြောင့် ရိုစီ၏ကုမ္ပဏီသည် သင့်တင့်သော ဂုဏ်အင်္ဂါနှင့် ပြည့်စုံခဲ့လေသည်။ ဤအခါတွင် ကန်ထရိုက်တာ၊ အင်ပို့အိပ်(စ်)ပို့တာတစ်ဦးဖြစ်သော ကိုဘထွန်းနှင့် ဆက်သွယ်လာမိ၏။

ကိုဘထွန်းသည် အမျိုးသားစီးပွားရေးကို ထူထောင်လိုစိတ်ပြင်းပြသော လူရွယ်တစ်ဦးပင်ဖြစ်၏။ သူ၏'ပလတ်စတစ်အင်ပါယာ'ဟု အမည်ပေးထားသော စက်ရုံတစ်ရုံရှိလေသည်။ ကိုဘထွန်းသည် ရိုစီနှင့် မကြာခဏဆိုသလို မဥ္ဇူတို့ထံသို့ အလည်အပတ်ရောက်ရှိ လာတတ်သည်။ ရိုစီသည် မဥ္ဇူအား ကိုဘထွန်းနှင့် စ၍စ၍နေတတ်လေသည်။ ဤအချက်ကို အကြောင်းပြု၍ မဥ္ဇူအား "ကောင်းသားပဲ" ဟု မြကထောက်ခံလိုက်ခြင်းဖြစ်၏။

"ဘာကောင်းတာလဲ ဆိုပါဦး မြကလေး"

"ဒါတော့ ဘယ်သိမလဲ" ဟု မြက သည်လောက်ပဲစကားကို ပြောသည်။ ပြီးတော့ ရုံးချိန်နီးပြီဖြစ်သော မဥ္ဇူအတွက် ကော်ဖီဓာတ်ဘူးနှင့် လွယ်အိတ်ကိုယူပြီး မဥ္ဇူ၏အနီးမှာ ချပေးလိုက်လေသည်။

"စတီးမေး(လ်)ဆိုရင် ကြာနေဦးမယ်၊ စာကို အဲယားမေး(လ်) နဲ့ပဲ ပို့လိုက်ပါနော်"

ဓာတ်ဘူးနှင့် လွယ်အိတ်ကို လှမ်းပေးရင်းက ပြောလိုက်သော မြ၏ စကားကြောင့် မဥ္ဇူက မြအား မျက်စောင်းချိတ်လိုက်လေသည်။ ပြီးမှ...

"စတီးမေး(လ်)ဖြစ်ဖြစ် ဆီးမေး(လ်)ဖြစ်ဖြစ် သွားချင်ရာနဲ့သွား

ပါစေကွယ်၊ ကိုယ်တို့နဲ့မှ မဆိုင်လေပေါင်"ဟု ပြုံးပြီးပြောသည်။

ဟုတ်ပေသည်။ မဥ္စူသည် ရေးခဲ့ပြီးသောစာနှင့် တစ်ဖက်မှရေးပို့လိုက်သော စာတို့၏ (ရည်ညွှန်းသူ)ကိုနားလည်သော အတွေ့အကြုံရှိလေပြီတကား။

လွယ်အိတ်ကလေးကိုလွယ်ပြီး ဆင်းသွားသော မဥ္စူကိုကြည့်ပြီးလျှင် မြသည် စိတ်မောလူမောနှင့် ခုတင်ပေါ်သို့ ကိုယ်ကိုပစ်ချလိုက်လေသည်။ ပြီးလျှင် မျက်လုံးအစုံကို စုံမှိတ်ထားလိုက်၏။ ဂျပန်တွင်ရှိသော မောင်မင်းကြီးသား၏လက်အတွင်းသို့ စာရောက်သွားသော အခါ...

မြသည် (ထိုအခါ)ကိုတွေးပြီးရှက်နေ၏။

"တစ်ပင်လဲတော့လည်း တစ်ပင်ထူရတယ်။ တံခွန်ကုက္ကားရှိလင့်ကစား ဆိုလား၊ အဲဒီစာတွေလည်း ရှိသေးတယ်။ နောက်ပြီး ခေတ်ကလည်း ပြောင်းသထက်ပြောင်းနေတယ် မဟုတ်လား။ ယောကျ်ားကစ,စ၊ မိန်းမကစ,စ..."

ဆိုသော ခပ်စောစောကလေးက မဥ္စူပြောသွားသော စကားများကို ပြန်လည်၍ကြားယောင်မိလေသည်။

ဟိုယခင် ဒုတိယကမ္ဘာစစ်ကြီးဖြစ်ဦးစကာလ မေမြို့တွင် စတင်တွေ့ရသော ဗိုလ်သိန်းဒန်၏မမေ့ပျောက်နိုင်သော အမူအရာတစ်ခုကလည်း ကွင်းခနဲကွက်ခနဲနှင့်ပင် ပြန်ပြီးပေါ်ပေါက်လာသေး၏။ ဗိုလ်သိန်းဒန်သည် မြအား စေ့စေ့ကြည့်ကာ...

"စဝ်ဆိုင်ထွန်းကဗျာ... နှမလေးတစ်ယောက်ရှိတယ်ဆိုတာကို နည်းနည်းမှ စကားစပ်ပြီးမပြောဘူး"ဟူသောစကားကို ပြောဆိုသည်။

များမကြာမီ ဗိုလ်သိန်းဒန်နှင့် စဝ်ဆိုင်ထွန်းတို့ တွေ့ပြီးသောအခါတွင် ဗိုလ်သိန်းဒန်၏မျက်လုံးအကြည့်နှင့် မျက်နှာအမူအရာများပင် ပြောင်းလဲသွားခဲ့သည်ကို မြသည် အကဲခတ်မိခဲ့၏။

"စဝ်ဆိုင်ထွန်းဗျာ.. နှမကလေးတစ်ယောက်..."စသောစကားများကို ပြောဆိုစဉ်ကာလက မိမိကိုယ်တိုင်က အမှန်ကို ဘာကြောင့် ဖွင့်ဟဝန်ခံခဲ့ခြင်း မရှိလေသနည်း။ မိမိသည်ပင် ထိုရော်ကာလက ဗိုလ်သိန်းဒန်အပေါ်တွင် မရိုးသားသောစိတ်များကို မွေးမြူခဲ့လေသလော။

မြသည် တောင်စဉ်ရေမရ တသီတတန်းကြီး လျှောက်၍တွေးတောသည်။ ပြီးလျှင် သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်၏။ ပင်လုံကွန်ဖရင့် ကျင်းပစဉ်ကာလက ပြန်လည်ဆုံတွေ့သောအခါ မြ၏ရင်များသည် အလိုလိုနေရင်း တဒိန်းဒိန်း ခုန်ခဲ့၏။ သည့်နောက်တော့ကာ မြသည် ဗိုလ်သိန်းဒန်အားပင် သူ၏ဒေသသို့ အပါခေါ် ငင်သွားခဲ့သေးသည်။ ဤ'ဟန်'များသည် ဖုံးကွယ်၍ ရစကောင်းသော 'ဟန်' များ မဟုတ်ပေ။

ဤသို့မဟုတ်သောကြောင့်ပင် စောစောက အဲယားမေး(လ်)နှင့် ပို့ခိုင်းလိုက်သော မဲ့ဍုထံမှစာတွင် မပါသောအကြောင်းတစ်ခုကို မြသည် ကမန်းကတန်းပင် အိပ်ရာမှလူးလဲထကာ ရေးသားလိုက်၏။

အမြန်ပြန်လာပါ...

"မြ"

ပြီးလျှင် စာအိတ်ပေါ်တွင် လိပ်စာရေးတပ်ပြီးနောက် (By Air Mail)ဟူသော စာလုံးကို ခပ်ကြီးကြီးရေးချလိုက်လေသည်။

* * *

တစ်စုံတစ်ခုသော အခက်အခဲ၊ သို့မဟုတ် စိတ်ပါဝင်စားခြင်း၏ အပေါ်တွင် အားလုံးသည် အာရုံစူးစိုက်နေသကဲ့သို့ရှိ၏။ မျှော်လင့်ခြင်း တစ်ခုပြည့်စုံပြီဟူသော အထိမ်းအမှတ်ကို ရပြီးသောအခါတွင် မြနှင့်

ရိုစီတို့သည် ကျေနပ်နှစ်သိမ့်ခြင်း အပြည့်အဝပါသောအပြုံးမျိုးနှင့် ပြိုင်တူပင် ပြုံးလိုက်ကြလေသည်။

တစ်နေ့တွင် ဤခရီးသို့ ဆိုက်ရောက်လာလိမ့်မည်ကို ကြိုတင်မျှော်မှန်းထားကြသည့်အတွက် သက်ဆိုင်ရာတရားသူကြီး၏ရှေ့မှောက်တွင် လက်မှတ်ရေးထိုးပြီးကြသောအခါ ဝမ်းမြောက်စွာဖြင့် မဥ္စုအား လက်ဆွဲနှုတ်ဆက်လိုက်ကြသည်။

ဤအချိန်တွင် မဥ္စု၏မျက်လုံးများသည် မျက်ရည်ဥကလေးများ ဥရစ်သိုင်းဖွဲ့၍နေသည်ကို တွေ့ရ၏။

ရိုစီသည်လည်းကောင်း၊ မြသည်လည်းကောင်း မဥ္စုမျက်ရည်ဥကလေးများကို နားလည်၏။ မဥ္စုသည် တကယ်တမ်း တော့ဆိုင်ကြုံတွေ့လာသည့်အခါတွင် ကိုဘထွန်းကို ရယူပိုင်ဆိုင်ခြင်းထက် ယခုကဲ့သို့ တစ်ကိုယ်ရေတစ်ကာယသာလျှင် လွတ်လပ်စွာ နေထိုင်လိုပေသည်။ ဤသို့ လွတ်လပ်စွာနေထိုင်လိုခြင်းမှာလည်း အကြောင်းရှိပေသည်။ ထိုအကြောင်းကား ၎င်းအား မှီငြမ်းပြုလျက် နေထိုင်လျက် ရှိသောမြတစ်ယောက် အနေအထိုင်ကြံ့သွားမည်ကို တွေးတောစိုးရိမ်ခြင်းဖြစ်၏။ သို့တွေးတောစိုးရိမ်ခြင်းသည် သဘာဝကျသော အကြောင်းတရားတစ်ခုကား မဟုတ်ပေ။

သာမန်ရုံးစာရေးမငယ်တစ်ဦးအဖြစ် နေထိုင်ခြင်းထက် ယခုကဲ့သို့ ပလတ်စတစ်အင်ပိုင်ယာအတွင်းသို့ ဝင်ရောက်နေထိုင်ခြင်းက ပိုမို၍ ချောင်လည်သောသဘောက ရှိပေမည်။

ထို့ကြောင့်ပင် ရိုစီသည် တိုက်တွန်း၏။ မြက ကိုဘထွန်းနှင့် လက်ဆက်လိုက်ပါဟု တိုက်တွန်း၏။ တိုက်တွန်းသူများနှင့်အတူပင် ကိုဘထွန်းကလည်း တောင်းပန်လာလေသည်။

ရှမ်း–ဗမာချစ်ကြည်ရေးဟု မဥ္စုအား ရိုစီက ခပ်သွက်သွက်နှင့်

ခပ်တိုးတိုးကလေး ပြောပြလေသည်။ တရားရုံးတော်မှ ဆင်းလာကြသော သတို့သားနှင့် သတို့သမီးတို့နှင့်အတူ အားလုံးသည် ရှားမီးကိတ်မုန့် တိုက်ရှိရာသို့ ကားငယ်နှင့်ထွက်ခွာလာခဲ့ကြ၏။

"အခုမှ ကိစ္စတစ်ခုအေးတယ်။ ဒီမှာ ကိုဘထွန်း၊ ရိုစီတို့အလှည့် ကျန်သေးတယ်နော်..."

ကိုဘထွန်းက မော်တော်ကားကို ဆူးလေဘုရား၏လက်ဝဲဘက်သို့ ချိုးကွေ့လိုက်ရင်း....

"ဟုတ်ကဲ့... ရိုစီထက် မြကို ကျွန်တော်က ပိုပြီးမျှော်လင့်ပါတယ်" ဟုပြောလိုက်စဉ်ပင် တစ်စုံတစ်ယောက်ကို တွေ့လိုက်သည့် ပမာ "ဟာ..." ဟုသော အာမေဍိတ်သံသည် ထွက်လာလေသည်။ ပြီးတော့ကာ ကပျာကယာနှင့် လီဗာကိုနင်းချလိုက်၏။ ကားငယ်သည် မဂိုလမ်း၏အနီးသို့ ရောက်မှ ထိုးရပ်သည်။

"ဘာလဲ.. ဘာလဲ..."

မဥ္ဇူက အထိတ်တလန့်နှင့် မေးလေသည်။ ကိုဘထွန်းသည် ဘာမျှမပြောဘဲ ကားတံခါးကို လျင်မြန်စွာဖွင့်၏။ ပြီးလျှင် အောက်သို့ ဆင်းကာ ပလက်ဖောင်းအတိုင်း လျှောက်၍သွားလေသည်။

မြ၊ ရိုစီနှင့် မဥ္ဇူတို့သည် ကိုဘထွန်းသွားရာနောက်သို့ လိုက်၍ ကြည့်ကြလေသည်။

"ဟော.. ဟော.."

မဥ္ဇူ၏ထံမှ အာမေဍိတ်သံဖြစ်လေသည်။ မဥ္ဇူကဲ့သို့ပင် အားလုံးသည်လည်း ကိုဘထွန်းနှင့်ယှဉ်၍ ရပ်နေသူကို တွေ့လိုက်၏။ အံ့အားလည်း သင့်ကြ၏။

ပြီးတော့ကာ အားလုံးသည် ကားပေါ်မှဆင်းခဲ့ကြလေသည်။

"ဗိုလ်သိန်းဒန်"

ရိုစီက ဤသို့ပင် ဖျတ်လတ်သွက်လက်စွာနှင့် ခေါင်ငင်လိုက်၏။

"ဗိုလ်သိန်းဒန်... ကြည့်စမ်း၊ ဘယ်တုန်းက ပြန်ရောက်သလဲရှင်၊ နေနိုင်လိုက်တာရှင်..."

အပြစ်တင်သကဲ့သို့ မဥ္ဇူက မေးမေးပြောပြော ပြောလေသည်။ မြကမူ ဗိုလ်သိန်းဒန်အား မကြည့်ဘဲ ဦးခေါင်းကိုငုံ့နေ၏။ ဂျပန် သို့ မဥ္ဇူမသိအောင် သူ့ဘာသာသူ စာတစ်စောင်ထည့်လိုက်ခြင်း ကြောင့်ပင် ဗိုလ်သိန်းဒန် ပြန်လာလေသလော၊ မြသည် ဤလျှို့ဝှက်ချက်ကို တွေးပြီး ရှက်နေလေသည်။

ဗိုလ်သိန်းဒန်သည် မမျှော်လင့်သူများအား အမှတ်တမဲ့ လာ၍ တွေ့ဆုံသည့်ပမာ ကြက်သေသေလျက်ရှိ၏။ ပြီးမှ တဖြည်းဖြည်း အားယူပြီး ပြုံးလေသည်။

ဗိုလ်သိန်းဒန်သည် ယခုပင် စစ်ဗိုလ်ကြီးတစ်ယောက် ပြန်၍ဖြစ် နေသကဲ့သို့ စစ်ယူနီဖောင်းအပြည့်အစုံနှင့် ဖြစ်နေလေသည်။

"ဒါတွေ ဘယ်တုန်းက ဝတ်လာသလဲ"

"ကဲ.. ကဲ.. လာကြ.. လာကြ"

အမေးကိုမဖြေဘဲ ဗိုလ်သိန်းဒန်သည် အားလုံးကို ရှားမီးသို့ အရောက် ပြန်လှည့်၍ ခေါ်လာလေသည်။

"ကိုဘထွန်း ခင်ဗျား သူတို့နဲ့သိသလား"

"သိတယ်၊ ရိုစီနဲ့ပတ်သက်ပြီးသိတယ်၊ သိရုံတင်မကတော့ဘူး။ ခုပဲ..."

ကိုဘထွန်းသည် ဗိုလ်သိန်းဒန်၏အနီးသို့ကပ်ပြီး တစ်စုံတစ်ခုကို ပြောလိုက်လေသည်။

"ဟာ.." ဟူသောအသံနှင့်အတူ "ကောင်းတယ်၊ ကောင်းတယ်" ဟူသောအသံသည် ဗိုလ်သိန်းဒန်၏အထံမှ ထွက်လာ၏။ မဥ္ဇူတို့

တစ်တွေက ပြုံး၏။

"ကဲ.. ဆိုပါဦး၊ ဂျပန်ပြည်က ဘယ်တုန်းကရောက်သလဲ။ ဘာဖြစ်လို့ မဥ္စုတို့ဆီကို မလာသလဲ၊ ပေးလိုက်တဲ့စာတွေရသလား"

"ဂျပန်ပြည်က လွန်ခဲ့တဲ့တစ်လလောက်က ရောက်တယ်။ စာ တစ်စောင်မှ မရဘူး။ မမဥ္စုဆီကို စာရေးပေးပြီး သုံးရက်လောက်မှာ ကျွန်တော် ပြန်လာတယ်။ ဒီကိုရောက်ရောက်ချင်း တရုတ်ဖြူ အန္တရာယ် ကို ကာကွယ်ဖို့ဆိုပြီး တပ်မတော်ကပြန်ခေါ်လို့ တပ်ထဲဝင်ရတယ်။ အခု ကျွန်တော် ကျိုင်းတုံဘက်မှာပါ"

ဗိုလ်သိန်းဒန်သည် မည်သူ့အားမျှမကြည့်ဘဲ စကားကို ငုံ့ပြီးပြောလေ သည်။

"နိုင်ငံထဲကို ပြည်ပအန္တရာယ်တွေဝင်လာတဲ့အချိန်မှာ ကျွန်တော် တို့ဟာ လက်ပိုက်ကြည့်နေလို့ မဖြစ်ဘူး။ ဒါကြောင့်မို့လို့ တပ်မတော်ရဲ့ ခေါ်သံကို ကျွန်တော် နာခံလိုက်တယ်။ ကိုဘထွန်း... ခင်ဗျားကော..."

"ကျွန်တော်နဲ့ခင်ဗျား အယူအဆချင်း တူတဲ့လူတွေပဲ။ နိုင်ငံကို ထူထောင်တဲ့နေရာမှာ စီးပွားရေးဟာ အဓိကပဲလို့ ခင်ဗျား မကြာခဏ ပြောခဲ့တဲ့အတိုင်း စီးပွားရေးကိုပဲ ဆက်ပြီးလိုက်တော့မယ်။ သြော်.. မဥ္စု..၊ ကိုယ်တို့နှစ်ယောက်စလုံးဟာ တပ်မတော်က တစ်ပြိုင်နက်တည်း ထွက်ခဲ့ ကြတာပါ။ တော်လှန်ရေးခေတ်ဆိုရင်လည်း ဗိုလ်ဗထူးတို့နဲ့ အဆက် အသွယ်ယူတဲ့တာဝန်ကို ကိုယ်တို့နှစ်ယောက် အတူတူကျခဲ့တယ်။ ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးသွားတဲ့အချိန်မှာ ဒီလောက် စေတနာသန့်တဲ့ လူမျိုးတွေကိုတောင် သတ်ပစ်ရက်တယ်၊ နိုင်ငံရေးသမားတွေကို မုန်းတယ်ဆိုပြီး စီးပွားရေးဘက် လိုက်ကြဖို့ တိုင်ပင်ကြတယ်။ ဗိုလ်သိန်းဒန်က နိုင်ငံခြားထွက်သွားတယ်။ ကျွန်တော်ကတော့ ဒီမှာ ကျန်ရစ်ခဲ့တယ်။ ကြည့်စမ်း သုံးလေးနှစ်ပဲ.."

"ကဲ.... တွေ့တုန်းမှာ အေးအေးဆေးဆေး စကားပြောကြရအောင်"

ရှိစီက ဤသို့ စကားကမ်းလှမ်းလိုက်သည်။ ဗိုလ်သိန်းဒန်သည် မြကို တစ်ချက်မျက်လွှာပင့်ပြီး ကြည့်၏။ ပြီးလျှင်...

"ကျွန်တော်တော့ ခုညနေ ကျိုင်းတုံပြန်ရမယ်..." ဟု စကားကို ခပ်တိုတို ခပ်လေးလေးပြောလေသည်။

ထိုနောက် အားလုံးသောမိတ်ဆွေများအား လှည့်ပတ်ကြည့်၏။ မဌေးသည် ပင့်သက်တစ်ချက်ရှူလိုက်ကာ မြအား လှမ်း၍ကြည့်လေသည်။ မြသည် ဦးခေါင်းကို ငုံ့ပြီးနေ၏။

ဗိုလ်သိန်းဒန်သည် မြအား တစ်ချက်မျှလှမ်း၍ကြည့်လေသည်။ တကယ်တော့ကာ သူတို့နှစ်ဦးသည် အတွင်းသန္တာန်၌ လှုပ်ရှားနေလေမည် ထင်ရလေသည်။

ဗိုလ်သိန်းဒန်သည် အားလုံးအား နှုတ်ဆက်ပြီးလျှင် မင်္ဂလာဒုံသို့ ထွက်ခွာသွားလေသည်။

လှုပ်တစ်ပြက်အတွင်း၌ မမျှော်လင့်သူကို တွေ့ရ၏။ တွေ့ရသော တဒင်္ဂကာလမှာလည်း အိပ်မက်ကဲ့သို့ရှိ၏။ ပြီးလျှင်လည်း တွေ့ဆုံသောသူသည် ရင့်ကျက်သောဣန္ဒြေကိုဆောင်သည့် စစ်သားကြီးဖြစ်နေ၏။ စစ်သားကြီးသည် စစ်သားနှင့်ဆိုင်သော စကားတစ်ခွန်း နှစ်ခွန်းကိုသာပြောပြီး ပျောက်ကွယ်သွားလေပြန်ပြီ။

မြသည် နေအိမ်သို့ရောက်လာသည့်တိုင်အောင် စိတ်အတွင်း၌ ခံစားလာရသည့်ဝေဒနာကို အမည်မပေးတတ်နိုင်အောင် ရှိနေသည်။ ရင်များသည် တလှပ်လှပ်တုန်လျက်ရှိနေ၏။ ထိုမျှမကသေး မခံချင်သော စိတ်ဒေါမနဿဝေဒနာကိုပါ ခံစားနေရလေသည်။

မျှော်လင့်ချက်ကြီးမားစွာနှင့်ပင် စောင့်ဆိုင်းနေခဲ့သည်။ ယခု အကြိမ် ပြန်လည်တွေ့ဆုံသည့်အခါတွင် ဘာပဲဖြစ်ဖြစ် သည်ကိစ္စတစ်ခုကို

အပြီးအပိုင် ဆုံးဖြတ်ချက်ချတော့မည်ဟု ဆုံးဖြတ်ထားပြီးခါမှ စစ်သား လူထွက်သည် စစ်သားကြီးပြန်ဖြစ်ကာ စစ်မြေပြင်သို့ ထွက်ခွာသွားနေ သည့်အဖြစ်နှင့် ကြုံနေရ၏။

တကယ်တော့လည်း မိမိမှာ မိန်းမသားဖြစ်လေသည်။ မိန်းမသား၏ အထံမှ လိုအပ်သောမေတ္တာပန်းလွှာကို တောင်းဆိုခဲ့ပြီးနောက်ပိုင်း၌ မိမိ၏သဘောထား ပြောင်းလဲခဲ့သည့်အဖြစ်ကိုပင် စူးစမ်းရန်အချိန်မရ သော စစ်သားကြီးအား မြသည် ရန်တွေ့ချင်နေလေသည်။

ထို့ကြောင့်ပင် မြသည် တစ်ထိုင်တည်းနှင့် စာရှည်ကြီးတစ်စောင်ကို ရေး၏။ ပြီးတော့ကာ စာကို ဆုတ်ပစ်၏။ ပြီးတော့ကာ ခုတင်မှာ မှောက်ပြီးငိုလေသည်။

"ဒါ သူ့အပြစ်၊ ဒါ သူ့အပြစ်..." ဟုလည်း ဗိုလ်သိန်းဒန်အား အပြစ် တင်လေသည်။ အနီးမှာရှိသော မဥ္စူသည် မြ၏အဖြစ်ကို တစ်ချက်မျှ ငိုင်၍ကြည့်၏။ ပြီးလျှင် ကိုဘထွန်းနှင့်အတူ တစ်ဖက်မှာရှိသော ဧည့်သည်ခန်းဆောင်သို့ ဝင်သွားလေသည်။

၁၉၅၁–၅၂–၅၃ ခုနှစ်။

* * *

ကြာပဒုံသည် မငုံပါတကား...။

အဝေးသို့ မျှော်၍မြင်ရသော ရှုခင်းကိုပင် ဗိုလ်သိန်းဒန်သည် ငေး၍နေလေသည်။ ပြည်ပမှ ဝင်ရောက်ကျူးကျော်ခြင်းကို ဗမာ့မြေ အပြင်ပေါ်သို့ တစ်လက်မမျှ မရောက်စေလိုသောဆန္ဒ၏ ပြင်းပြခြင်း နှင့်အတူ ဗိုလ်သိန်းဒန်သည် မိုင်းဆတ်၊ ကျိုင်းတုံနယ်ပယ်ဒေသများ သို့ ရောက်ခဲ့သည်။ ရန်သူနှင့် စစ်သားတို့တွေ့ကြသောအခါ စစ်သား သည် စစ်မြေအပြင်ကို ဖျာသင်ဖြူးကဲ့သို့မှတ်ထင်လျက် အချိန်ကို

ကုန်လင့်၏။ ဤအတွင်းမှာပင် ယိုးဒယားနယ်မြေအတွင်း၌ ကျူးကျော်သူတို့က စေ့စပ်ပြေငြိမ်းပွဲ ပြုလုပ်လေသည်။ သည့်နောက်တော့ကာ ဗမာ့မြေအပြင်မှ ထွက်ခွာပေးကြလေသည်။

ဤအခါတွင် ဗိုလ်သိန်းဒန်သည် စစ်မြေ၏ကြမ်းတမ်းခက်မာသောခရီးမှ စွဲကပ်လာသော ငှက်ဖျားဝေဒနာကို ခံယူထားရပေပြီ။ ဗိုလ်မှူးသည် မည်သည့်အချိန်က မင်္ဂလာဒုံစစ်ဆေးရုံသို့ ရောက်လာသည်ကိုပင် မသိခဲ့ပေ။

"တပ်မတော် အထူးလေယာဉ်နဲ့ ဗိုလ်မှူးကို ပို့ခဲ့တယ်" ဟူသော အသံကိုသာ ကြားလိုက်ရ၏။ စစ်ဆေးရုံတွင်ပင် ကုသနေဆဲ၌ မင်္ဂလာသတင်း ဟူသော သတင်းအပိုင်းအစကို သတင်းစာတွင် တွေ့လိုက်ရ၏။

"မောင်သက်ခိုင်နှင့်မြ"

စစ်ဆေးရုံသို့ရောက်၍ တစ်လမျှအကြာ ဝေဒနာသက်သာသော အရိပ်အငွေ့ကို တွေ့ပြီးနောက် မကြာမီမှာပင် ဤသတင်းကိုတွေ့ရသည်။ 'မြ'ဟူသောစာလုံးမှာ ဗိုလ်မှူးအား စိတ်ပါဝင်စားစေခဲ့၏။ အဘယ်မြနည်း။

ဗိုလ်မှူးသည် မင်္ဂလာသတင်းကို သေချာစွာဖတ်လေသည်။ 'တောင်ကြီးမြို့ ကျောင်းဆရာမ မြ' ဟူသောစာလုံးများကိုလည်း တစ်လုံးစီ တစ်လုံးစီကြည့်မိလေသည်။ ပြီးနောက် အဝေးသို့မျှော်၍ မြင်ရသောရှုခင်းဝေရီရီကို ကြည့်နေလိုက်၏။

တပေါင်းလဖြစ်သဖြင့် အပူရှိန်သည် တရိပ်ရိပ် တက်နေလေသည်။

"ဗိုလ်မှူး ဧည့်သည်များ လာပါတယ်"

အသံကြားလေမှ ဗိုလ်မှူးသည် လှည့်၍ကြည့်လေသည်။ တပ်သား၏

နောက်မှ ကပ်၍ပါလာသူမှာ ကိုဘထွန်းနှင့် မဥ္ဇူဖြစ်ကြလေသည်။

"အား.. ပူလိုက်တာ၊ ဘယ့်နှယ်လဲ ကိုယ့်လူ နေထိုင်ကောင်းရဲ့လား၊ မဥ္ဇူကတော့ အပြစ်တင်နေတယ်"

"ဗိုလ်မှူးကို အပြစ်တင်ရုံတင်မကဘူး"

မဥ္ဇူက ဤသို့သာပြောသည်။ ထိုနောက် အနီးမှရဲဘော် လာရောက်ချထားပေးသော ကုလားထိုင်တွင် ဝင်ရောက်ထိုင်ကာ တရုတ်ပြည်ဖြစ်ယပ်တောင်အဝိုင်းကလေးကို ဖြန့်ပြီးယပ်ခတ်နေလိုက်သည်။

ဗိုလ်မှူးသည် ကိုဘထွန်းနှင့် မဥ္ဇူကို တစ်လှည့်စီကြည့်လိုက်လေသည်။ ဘာမျှမပြောသေးဘဲနေရာမှ...

"ဆိုပါဦး သက်ဆိုင်ရာရဲဘော် သိဖို့ကိစ္စကို..."

"ဗိုလ်သိန်းဒန်ဟာ အရင်စတွေ့ကတည်းကညဥ့်ကို ခုထက်ထိ မဖျောက်ဘူး။ အင်္ဂလိပ်တွေပြေးတုန်းက တွေ့တယ်။ နောက်ပြီး အစပျောက်သွားတယ်။ တစ်ခါ ပင်လုံကွန်ဖရင့်မှာတွေ့တယ်။ အစပျောက်သွားတယ်။ နောက်တစ်ခါ စစ်သားအဖြစ်နဲ့ တစ်ခါပြန်တွေ့တယ်။ အစပျောက်သွားတယ်။ စာကလေး ပေကလေးတွေကို တစ်ခါတလေ ရေးဖော်မရဘူး။ ဒါကြောင့်မို့လို့ 'မြ'က ဗိုလ်မှူးကို အပြစ်တင်တယ်"

"မြက အပြစ်တင်သလား၊ ကျွန်တော် ဒါတွေကို မသိဘူး၊ ကျိုင်းတုံကို ရောက်ပြီးစက စာရေးဖို့သတိရပါသေးတယ်။ ဒါပေမဲ့ မရေးဖြစ်ခဲ့ဘူး။ ရေးလည်းပဲ သိပ်ပြီးအကြောင်းထူးလိမ့်မယ် မထင် ဘူး မဥ္ဇူ"

"ဘယ်လိုအကြောင်းမထူးဘူး ထင်တာလဲ၊ ဗိုလ်သိန်းဒန်"

"မြ တစ်ယောက်ကိုပြောတာပါ။ ခုတော့ လမ်းက အဆုံးကို ရောက်နေပါပြီလေ"

ဗိုလ်သိန်းဒန်သည် ထိုစကားကိုပြောဆိုပြီးလျှင် သတင်းစာကို

အသာလက်မှ ချလိုက်လေသည်။ မင်္ဂလာသတင်းသည် အထင်းသားပေါ်နေ၏။

"ဟာ"

ကိုဘထွန်းသည် မင်္ဂလာသတင်းကို တွေ့ရသောအခါ ဤသို့အသံထွက်လာ၏။ မဥ္ဇူသည် ထိုသတင်းကို မျက်မှောင်ကြုတ်ပြီး ကြည့်လေသည်။

"ဒါ ဗိုလ်သိန်းဒန်အပြစ်ပဲ"

"ဆိုပါဦး.. ကျွန်တော်ဟာ လူပျိုစစ်သားတစ်ယောက်ပါ။ စစ်သားပီပီပဲ ကျွန်တော်က ပွင့်လင်းစေချင်တယ်။ မြဟာ ကျွန်တော့်ဆန္ဒကို နားမလည်ဘူး။ ပြီးတော့လည်းပဲ မုဆိုးမတစ်ယောက်ပါ"

"အဲဒါ အပြောရခက်တယ်"

ကိုဘထွန်းက ပြုံးပြီးပြောလာ၏။ မဥ္ဇူကလည်း ပြုံး၏။

"မဥ္ဇူ နားလည်ပြီ ဗိုလ်သိန်းဒန်။ အစက ဒီလိုနားလည်လိုက်ရင် အကောင်းသားပဲ။ မြဟာ မုဆိုးမပဲ၊ ဘာဖြစ်လို့ ဟန်ဆောင်နေရသလဲ ဆိုပြီး ဗိုလ်မှူးက စိတ်ဆိုးနေတယ်ဆိုပါတော့"

"ဒီလိုတွေးရင်လည်း တွေးနိုင်ပါတယ်။ ဒါဟာ တစ်သက်လုံးအတွက် ကိစ္စကြီးတစ်ရပ်ပါ မဥ္ဇူ ကျွန်တော်ဟာ စစ်သားဘဝက ထွက်ပြီး စီးပွားရေးဘက်ကိုလိုက်မယ်ဆိုပြီး ရည်ရွယ်ထားတာလည်း ကိုဘထွန်း အသိဆုံးပါ။ စီးပွားရှာရမယ်ဆိုရင် စီးပွားဘက်ကောင်း ကောင်းလိုပါတယ်။ ကျွန်တော်တို့နိုင်ငံအတွက် စီးပွားရေးသမားကောင်းတွေ အများကြီးလိုတယ်။ နိုင်ငံရေးသမားတွေ အထူးသဖြင့် ပေါများနေတယ်။ ဒီတော့ကာ နိုင်ငံရဲ့စီးပွားရေးကို ပြန်လည်ထူထောင်ချင်တဲ့ လူတစ်ယောက်ဟာ သူ့ဘဝရဲ့တည်ငြိမ်ဖို့ကို ပထမ စဉ်းစားတယ်။ ဒီစဉ်းစားချက်ဟာ ဟန်ဆောင်မှုအောက်မှာ မြုပ်သွား ရမှာလား"

"မြကို ဗိုလ်သိန်းဒန် အထင်လွဲနေတယ်"

"မလွဲပါဘူး၊ မှန်တာပြောတာပါ"

"လွဲပါတယ်၊ လွဲတာမှ နှစ်ဆင့်တိတိ"

မဥ္ဇူနှင့် ဗိုလ်သိန်းဒန်တို့ ပြောနေသောစကားများအကြားသို့ ကိုဘထွန်းက ဝင်ရောက်ပြောဆိုလိုက်လေသည်။ ကိုဘထွန်းသည် မဥ္ဇူကို လှည့်ကြည့်၏။

"ကဲ.. ရှင်းပြပါဦး မဥ္ဇူ"

"ဒီမှာ ဗိုလ်သိန်းဒန်၊ မဥ္ဇူကိုယုံသလား"

"ဘာကိုအကြောင်းပြုပြီးမေးတာလဲ မဥ္ဇူ"

"ဩော်... မဥ္ဇူဟာ မြနဲ့အသက်အရွယ်ချင်း မတိမ်းမယိမ်းရှိပေမဲ့ မြရဲ့ယောကျ်ား စဝ်ဆိုင်ထွန်းကိုအကြောင်းပြုပြီး မြရဲ့အဒေါ် တော်စပ်နေတာလေ။ ပြီးတော့လည်း မြနဲ့ မိန်းကလေးချင်းဆိုတဲ့ ဘဝတူညီမှုရှိတယ်လေ။ မြအကြောင်းကို ဗိုလ်သိန်းဒန်ထက် မဥ္ဇူက ပိုပြီးသိတာကို ဗိုလ်သိန်းဒန်ယုံပါသလားလို့ မေးတာ..."

"ဒါဖြင့်ရင် ယုံပါတယ်"

"မဥ္ဇူဟာ မှဆိုးမကလေးတော့ မှန်တယ်။ ဒါပေမဲ့ အပျိုစင်ပါ ဗိုလ်သိန်းဒန်..."

ဗိုလ်သိန်းဒန်သည် ထိုစကားကြောင့် ဦးခေါင်းကို ဆတ်ခနဲ လှုပ်လိုက်လေသည်။

"မဥ္ဇူသိသမျှပြောရရင် မြဟာ အင်မတန်အရှက်ကြီးတယ်။ ဖုံးဖုံးဖိဖိ နေတတ်တယ်။ အဲဒါကြောင့်ပဲ သူ့ကို အင်မတန်ချစ်တဲ့ စဝ်ဆိုင်ထွန်းဟာ အလိုလိုက်ထားတယ်။ မြက သူ့အသက် ၂၁ ပြည့်မှ အိမ်ထောင်နဲ့နေမယ်ဆိုလို့ ဒီကြားထဲမှာ အဆီးအတား အကာအရံ သဘောလောက်နဲ့သာ သူတို့ မင်္ဂလာဆောင်ခဲ့ကြတယ်"

"ဒီစကားတွေကြားရတာ ယုံတမ်းစကားလို ဖြစ်မနေဘူးလား ဗိုလ်သိန်းဒန်"

ကိုဘထွန်းက ဝင်၍ထောက်လိုက်လေသည်။ တကယ်တော့လည်း ယုံတမ်းစကားကဲ့သို့ပင်ဖြစ်၍ နေလေသည်။ ဗိုလ်သိန်းဒန်သည် မေမြို့တွင် တွေ့ဆုံခဲ့စဉ်ကာလက တွေ့ရသည့်အတွေ့အကြုံများကို ပြန်လည်၍ဆန်းစစ်နေမိ၏။ ထိုစဉ်အခါက မြအား တွေ့ရသည်မှာ အပျိုစင်တစ်ဦးကဲ့သို့ပင် ရှိလေသည်။ စဝ်ဆိုင်ထွန်းကိုယ်တိုင်ကလည်း မေမြို့တွင် တွေ့ဆုံကြလေမှ သူ့တွင် ဟော်သိမ်းပွဲအတွက် မြအား မင်္ဂလာဆောင်ရသည်ဟု ဖွင့်ဟပြောဆိုလာဖူးသည်။ သည့်မျှမက မင်္ဂလာဆောင်ပြီးနောက် မြကို ကောလိပ်သို့ဆက်လက်ပို့ထားသည်ဟုလည်း ဆိုဖူးလေသည်။

ဗိုလ်သိန်းဒန်သည် ဘာမျှမပြောဘဲ မဥ္ဇူကိုသာ ကြည့်နေလိုက်လေသည်။

"ဒီအကြောင်းတွေကို သိတဲ့လူဟာ စဝ်သန္တာရယ်၊ မဥ္ဇူရယ်၊ ကာယကံရှင်နှစ်ဦးရယ်ပဲ ရှိတယ်။ ဒီက ကိုဘထွန်းတောင် အစက ဒီအကြောင်းကို မယုံဘူး။ မြဟာ သူအင်မတန်ချစ်တဲ့လူလို့ စဝ်ဆိုင်ထွန်းကို အသိအမှတ်ပြုချင်မှ ပြုမယ်။ မြဟာ အင်္ဂလိပ်သွေးပါတယ်။ သူ့အဖေက နယ်ပိုင်ဝန်ထောက်တစ်ယောက်ပဲ ဆိုပါတော့။ သူ့အမေနဲ့ သူ့ကို ရှမ်းပြည်မှာထားခဲ့ပြီး ဘိလပ်ကိုပြန်သွားတာ စစ်မဖြစ်ခင်ကလေးကပဲ မြရဲ့အမေဟာ မဥ္ဇူရဲ့အဒေါ်တစ်ယောက်ပါ။ ဒီလောက်အထိ ဗိုလ်သိန်းဒန်ကို ပြောပြနေတာဟာ မြအပေါ်မှာ အထင်မလွဲဖို့ပါ"

"ဒါပေမဲ့ အခုတော့ ဘာမှမတတ်နိုင်တော့ပါဘူး"

ဗိုလ်သိန်းဒန်သည် ဤစကားကို ခပ်လေးလေး ပြောလိုက်လေသည်။

"ဟုတ်ပါတယ်၊ ဒီမင်္ဂလာသတင်းအရဆိုရင်တော့ မတတ်နိုင်တော့ပါဘူး။ မြပဟာ ဗိုလ်သိန်းဒန်ကို တော်တော်ချစ်တယ်။ ဗိုလ်သိန်းဒန်က သူ့ကို မက်မက်မောမော မလိုက်လာတဲ့အခါမှာ သူက လည်း ဗိုလ်သိန်းဒန်ကို နောက်ဆုံး မျှော်လင့်ချက်မထားနိုင်တော့ဘူးလို့ ယူဆသွားပုံရတယ်"

"ဒါဖြင့် အားလုံးအလွဲလွဲပဲ"

"ဟုတ်ပါတယ်၊ ပညတ်နဲ့ ပရမတ်မကွဲဘူး"

"ဘယ်လိုလဲ ကိုဘထွန်း"

"ဩော်... မဟူရာ၊ မဟူရာဆိုပြီး ပညတ်တယ်။ မဟူရာဆိုပေမယ့် အမည်းအနက်ရောင်ကသာ လွှမ်းတယ်။ ဒီလိုပဲ မီးသွေးမီးသွေးဆိုပြီး ပညတ်တယ်။ အရောင်ကတော့ အမည်းအနက်ပါပဲ။ အဲဒီအထဲမှာ (မဟူရာပညတ် ပရမတ်မီးသွေး) ဆိုပြီး ငြင်းနေလို့မရဘူး... အတူတူပဲ.."

ဗိုလ်သိန်းဒန်က ပြုံးလေသည်။

"ကျွန်တော် ဒီကိစ္စကိုရှင်းချင်တယ်" ဟုလည်း စကားကိုဆက် ပြီး သွက်လက်စွာ ပြောလိုက်လေသည်။

"ပွင့်ပြီးတဲ့ ကြာပဒုမ္မာတွေဟာ ပြန်ငုံးတော့ဖြင့် မငုံဘူး ဗိုလ်သိန်းဒန်"

မဥ္ဇူသည် ဗိုလ်သိန်းဒန်၏အကဲကို စမ်းလိုက်လေသည်။

"နှစ်ယောက်စလုံးဟာ တစ်ယောက်ကိုတစ်ယောက် တန်းတန်းမတ်မတ်ကြီး ချစ်ကြပြီးမှ ဘာထူးသလဲ၊ အတူတူပဲ"

ကိုဘထွန်းသည် သူ၏စကားကို ပြန်ဆက်လာလေသည်။

"ခင်ဗျားကို ကျုပ် တစ်ခုပြောချင်တယ်။ စီးပွားရေးနယ်ထဲကို ပြန်ဝင်ဦးမလား"

"ဒါကိုတော့ မပြောနိုင်သေးဘူး၊ ကိုဘထွန်း"

"ဒီမှာ ဗိုလ်သိန်းဒန်၊ ကျိုင်းတုံဘက်ကနေပြီး ဒီရန်ကုန်ကို ပြန်ရောက်လာတာတောင် ဘာဖြစ်လို့ အကြောင်းမကြားသလဲ"

"ကျွန်တော့်အပြစ်ပါ မဥ္ဇူ"

ဗိုလ်သိန်းဒန်သည် ဦးခေါင်းကို ငုံ့၍နေလိုက်လေသည်။

"သွားရင်းလာရင်း ကျွန်တော် သတင်းကြားလို့ မဥ္ဇူကိုခေါ်ပြီး ဒီမှာလာကြည့်တာပဲ ဗိုလ်သိန်းဒန်၊ မြသာသိရင် ဘယ်လောက်များ ဝမ်းသာဦးမလဲ"

"အို"

မဥ္ဇူက အားရပါးရပြောနေသော ကိုဘထွန်းအား စကားကို ရပ်တန့်စေလိုက်လေသည်။

* * *

ထွက်သွားသောကားငယ်၏အသံကို ကြားရ၏။ အသံသည် တဖြည်းဖြည်းနှင့် ဝေး၍ဝေး၍သွားလေသည်။ ဗိုလ်သိန်းဒန်သည် စောစောက မဥ္ဇူပြောသွားသောစကားများကို ကြားနေသကဲ့သို့လည်း ရှိလေသည်။ ပြီးတော့ကာ ကိုဘထွန်း၏ မဟူရာနှင့်မီးသွေး၏တူ သောအရောင်အဆင်းကိုလည်း တွေးမိ၏။

ဓာတ်လမ်းသည် ဤအတိုင်းသာဆိုပါက တစ်ခန်းရပ်ပေပြီလော...။

မဥ္ဇူသည် ကားငယ်၏တံခါးကို ဂျိုင်းခနဲနေအောင်ပင် ပိတ်လိုက်သည်။ ပြီးတော့ကာ အိမ်ပေါ်သို့ ခပ်သွက်သွက်ကလေး ပြေးပြီးတက်သွား၏။ ပါးစပ်မှ "မြရေ.. မြ.. မြ.."စသည်ဖြင့် တတွတ်တွတ် ဟစ်အော်လာလေသည်။

မြ၏အခန်းတွင်းသို့လည်း တောက်လျှောက်ပင် ဝင်ရောက်ကြည့်ရှုလိုက်လေသည်။ မြသည် သတင်းစာကိုကိုင်ပြီး ညှော့ခန်းဆောင်

ဘက်ဆီမှ ထွက်လာကာ "အန်တီ... မြ ဒီမှာ..." ဟု အသံပေးလိုက်၏။

မြ၏အသံကိုကြားမှပင် မဥ္ဇူသည် ကပျာကယာ ဧည့်ခန်းဆောင်ဘက်ဆီသို့ လှည့်လာလေသည်။

"ဒါတွေ ရိုစီဉာဏ်တွေပဲပေါ့၊ မဟုတ်ဘူးလားဟင်" ဟု ငုံးတိတိနှင့်မေးလေသည်။

မြသည် ရုတ်တရက်သော် ခပ်ကြောင်ကြောင်ဖြစ်သွား၏။ မဥ္ဇူသည် တယ်လီဖုန်းရှိရာသို့ တန်းတန်းမတ်မတ်သွားပြန်လေသည်။

"ဒီမှာ.. ဒီမှာ.. ဟယ်လို.. ဟယ်လို၊ ဆောက်(သ်)ကိုပေးပါ။ ဒီမှာစကားပြောနေတာ ဘယ်သူလဲ၊ ဪ.. ရိုစီကို ခေါ်ပေးပါ။ မဥ္ဇူပါ၊ ရိုစီအားသလား၊ ခဏအိမ်ကိုလာခဲ့ပါ။ ဟုတ်ပါတယ်။ အဲဒီ ကိစ္စပါ။ ဒီမှာ အခုလာပါ"

ကျယ်ကျယ်လောင်လောင်နှင့် စကားများကိုပြောပြီးလျှင် မဥ္ဇူ သည် တယ်လီဖုန်းကို ဂျောက်ခနဲမြည်အောင် ချလိုက်လေသည်။ ပြီးတော့ကာ အနီးတွင်ရပ်နေသော မြကို လှမ်းကြည့်၏။

"ဒီမင်္ဂလာသတင်းကို ဖတ်ပြီးပလား မြ"

"ပြီးပြီ မဥ္ဇူ၊ မြ ဘာမှမသိဘူး"

"သက်ခိုင်ကို မဥ္ဇူသိပါတယ်။ ကိုဘထွန်းလည်း သိပါတယ်။ သူ မြကို ကြိုက်နေတယ်မဟုတ်လား"

"ဒါတော့ မြမသိဘူး။ ရိုစီတော့ တစ်ခါနှစ်ခါပြောဖူးတယ်။ သက်ခိုင်နဲ့မြဆိုရင် မကောင်းဘူးလားတဲ့။ ဗိုလ်သိန်းဒန်လည်း မျှော်လင့်ချက်မရှိဘူးတဲ့"

"မြက ဘာပြန်ပြောမိသေးသလဲ"

"ဘာမှ ပြန်မပြောခဲ့ဘူး။ မြ အေးအေးပဲနေချင်တယ် မဥ္ဇူ"

"ခုမှခက်တယ်၊ ဗိုလ်သိန်းဒန် မင်္ဂလာဒုံဆေးရုံမှာရှိတယ်"

"တကယ်လား မဥ္ဇူ၊ သူဘာရောဂါနဲ့လဲ"

"ရောဂါက ငှက်ဖျားရောဂါပါ။ ခုသက်သာနေပါပြီ"

"ဘုရား... ဘုရား..."

မြသည် အသံများ ထွက်လာလေအောင်ပင် ဘုရားတမိလေသည်။

မင်္ဂလာသတင်းသည် သတင်းစာတွင် ပါရှိပြီးဖြစ်လေသည်။ ဤသတင်းကို ဗိုလ်သိန်းဒန်ဖတ်မိလျှင်...

မြသည် ရှေ့သို့ဆက်ပြီး မတွေးရဲပေ။ ဤအချိန်မှာပင် နေအိမ်၏ဝင်းအတွင်းသို့ ဝင်ရောက်လာသည့် ကားငယ်၏အသံကို ကြားရ၏။

ကားငယ်၏အပေါ်မှ ရိုစီနှင့်မောင်သက်ခိုင်တို့သည် ဆင်းသက်လာကြ၏။

"ဒီမှာ ကိုသက်ခိုင်၊ ဒီကိစ္စကို ရှင်က အင်ပို့လိုင်စင်လျှောက်သလို လွယ်တယ် အောက်မေ့နေသလား"

သက်ခိုင်ကို တွေ့တွေ့ချင်း မဥ္ဇူက မေးလေသည်။ သက်ခိုင်သည် ဘာမျှပြန်မပြောနိုင်ဘဲရှိ၏။ တကယ်တော့လည်း ဤကိစ္စ သည် သက်ခိုင်ထက် ရိုစီနှင့်သာ ပိုမိုသက်ဆိုင်လေသည်။

ရိုစီသည် ရုတ်တရက် စကားမပြောသေးဘဲ အားလုံးကို လှည့်ပတ်ကြည့်လိုက်၏။ ပြီးမှ "မြအတွက် ကောင်းမယ်ထင်လို့ ကိုယ် လုပ်တာပဲ" ဟု ပြောလေသည်။ ဤစကားကို ကြားရသော မဥ္ဇူ သည် အသားများ ဆတ်ဆတ်တုန်၍နေလေသည်။

"ကောင်းမယ်ထင်လို့ လုပ်ရင်လည်း မြဆိုတဲ့မိန်းကလေးမှာ အဒေါ်တွေ၊ အစ်မတွေ ရှိသေးတာပဲ ရိုစီရယ်၊ တိုင်ပင်ဦးမှပေါ့"

"ရိုစီလည်း အင်မတန်ချစ်တဲ့သူငယ်ချင်းတစ်ယောက်အတွက်မို့ လုပ်ရတာပါ၊ အပြစ်ရှိသလား မဥ္ဇူ"

"အပြစ်ရှိတယ်၊ ကာယကံရှင် ခွင့်ပြုချက်မရှိဘူး"

အားလုံးသည် ကာယကံရှင်ဆိုသော မြအား လှမ်းကြည့်ကြလေသည်။ မြသည် မျက်နှာကို နှစ်ဖက်သောလက်များနှင့် အုပ်၍ထားလေသည်။ ပြီးတော့ကာ ငိုလေသည်။

"ကိုသက်ခိုင်အတွက် ရိုစီတာဝန်ယူပါတယ် မဥ္ဇူ"

ရိုစီသည် ထိုင်ရာမှထ၍သွားသော မြအား တစ်ချက်ကြည့်ပြီး ထိုစကားကို ပြောလိုက်လေသည်။

"ရိုစီရယ်၊ ဒီခေတ်မှာ ဝင်ကုန်ထွက်ကုန်ဆိုင်းဘုတ်ချိတ်တိုင်း အဓိပတိကုန်သည်တွေ မဟုတ်ဘူးဆိုတာ မဥ္ဇူသိပါတယ်"

ဤစကားကို သက်ခိုင်သည် ကြားနိုင်မည်မဟုတ်ပေ။ မြနှင့် မရှေးမနှောင်းပင် သူသည်လည်း ဤဧည့်ခန်းဆောင်မှ ထွက်ခွာသွားပြီဖြစ်၏။

"စေ့စပ်ကြောင်းလမ်းခြင်းဆိုပြီး မြရဲ့စိတ်ကိုသိရအောင် စမ်းလိုက်တာပါကွယ်၊ ဒီကိစ္စမှာ ကိုယ်မှားတယ်၊ ပြန်ရုပ်သိမ်းပေးပါ့မယ်"

"မှားတယ်၊ ဟုတ်လား ရိုစီ၊ ခံရတဲ့လူအတွက် အစကတည်း က အဲသလိုသိရင် မြ မနစ်နာဘူး။ ခု ဗိုလ်သိန်းဒန်ကိုတောင် ဘယ်လိုလုပ်ပြီး ရှင်းပြရမယ်မသိတော့ဘူး"

မဥ္ဇူသည် ပြောရင်းပြောရင်းကပင် မျက်ရည်များ ရစ်ဝဲလာ၏။

သည်အချိန်သို့တိုင်အောင်ပင် ဧည့်ခန်းဆောင်သည် တိတ်ဆိတ်ခြင်းကို အဖော်ပြုလာလေသည်။ ရိုစီသည် မြ၏အိပ်ခန်းတွင်းသို့ လှမ်းငဲ့ကာကြည့်လိုက်၏။

မြတစ်ယောက်မှာ အိပ်ရာထက်တွင် မှောက်ကာငိုလျက်ရှိနေလေသည်။

ကျားရဲရာ၌ ကြမ်းမှာကို မယိုးသာချေ။ ဖြစ်ခဲ့သမျှသောအကြောင်းများသည် အကောင်းဟူ၍ကား မရှိ။

ထိုကြောင့်ပင် မြသည် ငိုလျက်ရှိနေလေသည်။ ခန်းမသဉ္ဇာမှ ပင်တိုင်စံသည် ဝင်္ကြေး မပြေရှိလေအံ့ထင်ရ၏။

တစ်ရက်၊ နှစ်ရက်၊ သုံးရက်။

ဖြစ်ခဲ့သမျှသည် အသစ်များသာချည်းဟု ဆိုပါချေလျှင် ထိုအသစ်များသည် ပျက်၍ပျက်၍ ကွဲ၍ကွဲ၍ ပြိုအိကျဆင်းသွားသော ထုထည် ဒြပ်ကြီးတစ်ခုနှင့် တူပေမည်။

ခြောက်သွေ့လျက်ရှိသောနေအိမ်၏ သဉ္ဇာခန်းမအတွင်းမှာဖြစ်လေသည်။ အချိန်သည် တိတ်ဆိတ်သည်ဟုဆိုသော အကာလ ညအခါမှာဖြစ်၏။ ယခင့်ယခင်သောညများထက် ယနေ့ညသည် ပိုမို တိတ်ဆိတ်ပေလိမ့်မည်။

ဗိုလ်သိန်းဒန်သည် ဦးခေါင်းကိုမော့ပြီး ကုလားထိုင်၏နောက်မှီပေါ်သို့ တင်ထားလိုက်လေသည်။ လှိုက်လှဲစွာနှင့် လှုပ်ရှားနေသော ရင်ခုန်သံများသည် တဒက်ဒက် တဒိတ်ဒိတ် မြည်ဟည်းနေသကဲ့သို့ ရှိလေသည်။ မျက်နှာပြင်မှာမူ ဖွာရှိုက်ထားသော စီးကရက်မီးခိုးမီးငွေ့များ၏ နောက်ဘက်တွင် နီကြင်ကြင်နှင့်ရှိနေသည်။

အန်တီမဥ္ဇူ

ရက်လှစွာဖြင့် ဗိုလ်မှူးကို မတွေ့ချင်တော့ပါ။

မြ

စာငယ်သည် ဗိုလ်မှူး၏လက်ထဲ၌ ကြေမွလျက်ရှိလေသည်။ ဆေးရုံမှဆင်းလာပြီးနောက် အထင်လွဲမိသမျှ ရှင်းလင်းပါရန်ဟူ၍ မဥ္ဇူတို့၏နေအိမ်သို့ အရောက်လာခဲ့ကာမှ မြနှင့်လွဲရလေသည်။ မြ၏ အကြောင်းများကို ကြားသိရသောအခါ ရင်မှာဆို့နင့်၍လည်း သွားခဲ့၏။

စိတ်ပြေလက်ပျောက်ရှိလေမည်လားဟု မြနေထိုင်ရာအခန်းငယ်၏ အတွင်းသို့ ဝင်ရောက်ခဲ့လေရာ ယခုမှပင် ဝိထိမကျသေးသော စိတ်၏ အကြောင်းကို သိရသည်။

ဗိုလ်သိန်းတန်သည် မြ၏ခန်းမဆောင်မှ စိန်ကရာသီ၏အဆောင် သို့ ဝင်ရောက်လာသော ဣန္ဒာဝံသမင်းသားငယ်အား စူးစိုက်၍ကြည့် နေလိုက်၏။

ပြီးလျှင် တစ်စုံတစ်ခုကို ယတိပြတ်ဆုံးဖြတ်ချက် ချလိုက်သကဲ့သို့ ထိုင်ရာမှ ဆတ်ခနဲထလိုက်လေသည်။

ပျောက်သောသူအား ရှာဖွေရာတွင် တွေ့စကောင်း၏။ မဟူရာ လည်း မဟုတ်၊ မီးသွေးလည်း မဟုတ်၊ နက်ကျောသော အရောင် အဆင်းသည်သာ ပရမတ်ဖြစ်သည်ဆိုလျှင်...

ဗိုလ်သိန်းဒန်တစ်ယောက် ရွှေမန်းအမြန်သွား ဒီဇယ်ရထားကြီး ၏အပေါ်သို့ ရောက်လျက်ရှိသည်ကို အဆန်းဟုမဆိုသာတော့။ သွက် လက်ဖျတ်လတ်ခြင်းက စိုးမိုးလျက်ရှိနေ၏။ မန္တလေး၊ ထိုမှတစ်ဆင့် လားရှိုး၊ တောင်ကြီး စသည့်ဒေသများတွင် ဗိုလ်သိန်းဒန်အား အမှတ် မထင်တွေ့ရ၏။

၅၄–၅၅–၅၆ ခုနှစ်။

* * *

မမဥ္စ။

ကျွန်တော်တို့တပ်မတော် ရောက်သည့်ဒေသတိုင်း၊ သို့မဟုတ် ကျွန်တော် ခွင့်ရက်များရသည့်အခါတိုင်း ကျွန်တော် ၏ ပျောက်ဆုံးနေသူကို ရှာဖွေလျက်ပင်ရှိပါသည်။

သောင်းကျန်းသူများ၏ ကျေးရွာတစ်ရွာကို ကျွန်တော်

တို့တပ်မတော် ဝင်ရောက်သိမ်းပိုက်မိသောအခါ ကျွန်တော် မေ့၍မရသော မြနှင့်သွားရောက်တွေ့ဆုံပါသည်။

ကျွန်တော်၏ မူလမြနှင့် တစ်ထေရာတည်းတူလှသဖြင့် ကျွန်တော်ကပင် စတင်ပြီး အသိမိတ်ဆွေဖွဲ့ရသည်။ မြ၏ အရှက်အကြောက်ကို နားလည်ပြီးဖြစ်သည့်အတိုင်း ကျွန်တော် မည်သူဖြစ်ကြောင်းကို ပြောပြသည့်အခါ ရင်းနှီးစွာ စကားပြန် ခြင်းမရှိပါ။

ကွဲကွာနေကြသည့် နေ့ရက်လတာ ကြာညောင်းခဲ့သဖြင့် ခပ်စိမ်းစိမ်း ဖြစ်လျက်ရှိပါသည်။ မြအား ကျွန်တော်က ဖြစ်ခဲ့ သမျှအကြောင်းများကို ရေးသားဖော်ပြပြီးနောက် ယခုအချိန် တွင် ကျွန်တော်တို့သည် ငယ်ရွယ်ကြသည့်သူများ မဟုတ် တော့လေသည့်အတွက် ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးလိုကြောင်း ပြောပြသောအခါ မြသည် အတန်တန် ငြင်းပယ်ပါသည်။

သူ၏အကြောင်းပြချက်မှာ အေးအေးဆေးဆေး နေထိုင် လိုကြောင်းပင် ဖြစ်ပါသည်။

သို့တိုင်အောင် ကျွန်တော်၏ ဆက်လက်တောင်းပန်ချက် ကြောင့် မြသည် ကျွန်တော်၏အလိုဆန္ဒသို့ လိုက်လျောခဲ့သဖြင့် လွန်ခဲ့သောလဆန်းကပင် ကျေးရွာလူကြီးများ၏ရှေ့မှောက်တွင် လက်ထပ်ခဲ့ပါသည်။

ကျွန်တော်တို့ မကြာမီ ရန်ကုန်သို့ပြန်ရောက်ရှိလိမ့်မည် ဟု ယူဆပါသည်။

ကိုဘထွန်းတစ်ယောက်အားလည်း အစဉ်သတိရရှိ ကြောင်း ပြောပြစေလိုပါသည်။

မမဥူ

ကျွန်တော်၏မြသည် ကျွန်တော်၏မူလမြမဟုတ်ပါ။ အုံ့အားမသင့်စေလိုကြောင်း တောင်းပန်ပါသည်။ တူလွန်းသော မြကိုယ်စား တစ်ယောက်ပင်ဖြစ်ပါသည်။

သို့သော် အုံ့အားသင့်ဖွယ်ရာ မင်္ဂလာလက်ဆောင်များကို ကျွန်တော် လက်ခံရရှိခဲ့ပါသည်။ ထိုလက်ဆောင်များမှာ စိန်ကရာသီမင်းသမီးနှင့် ဣန္ဒာဝံသမင်းသား၊ အယ်လီဇဘက် မင်းသမီးတို့၏ပုံများဖြစ်ပါသည်။ ထိုပုံများကို လက်ဖွဲ့သူ မည်သူ ဖြစ်ကြောင်းကို လိုက်လံစုံစမ်းသောအခါ များမကြာမီကပင် ဤကျေးရွာသို့ရောက်ရှိလာသည့် ကျောင်းဆရာမကြီးတစ်ဦး ဖြစ်ကြောင်း သိရပါသည်။

သို့နှင့် ကျွန်တော်ကိုယ်တိုင် ထိုကျောင်းဆရာမကြီးအား တွေ့ဆုံရန်ကြိုးစားရာ မင်္ဂလာဆောင်သည့်ရက်အတွင်းကပင် ဤကျေးရွာမှ ထွက်ခွာသွားကြောင်းကို သိရှိရပါသည်။

အကယ်၍ ဆရာမကြီး'မြ'၏သတင်းများကို ရရှိပါက အကြောင်းပြန်စေလိုပါသည်။

သိန်းဒန်

မှတ်ချက်။ ။ မဟူရာနှင့်မီးသွေးတို့မှာ အသွေးအရောင်တူသော်လည်း ဓာတ်သဘာဝ၌ မတူကြောင်းကို ကိုဘထွန်းသို့ ပြောပြစေလိုပါသည်ခင်ဗျား။

မြဝတီ၊ ဇွန်၊ ၁၉၆၀

❑

# သုံးဖက်မြင်ဇာတ်လမ်းတစ်ခု

ကျွန်မကဲ့သို့ ရုပ်ချောပြီး လုပ်ရည်ကိုင်ရည်ရှိသူမို့ ကျွန်မက ပြောသည်မဟုတ်ပါ။ ကျွန်မ အသက်ကလေးငယ်ငယ်ကပင် ကျွန်မကို လာရောက်စေ့စပ်ကြောင်းလမ်းသူများလည်း ရှိကြပါသည်။ ကျွန်မ အပျိုစင်ဘဝမှာ ကျွန်မကဲ့သို့သော မိန်းကလေးမျိုးနှင့် တွေ့လာသည့်တိုင်အောင် ဒီငနဲက မထုံတက်တေးနိုင်လှသည်။ ဒါကြောင့်မို့ပင် ကျွန်မက သူ့ကို မကြိုက်ပါဘူး၊ မချစ်ပါဘူးဟု အကြိမ်ကြိမ်ပြောရသည်။ ဤသို့ပြောခြင်းမှာ ကျွန်မ ဟန်လုပ်ခြင်းဖြစ်ကြောင်းကို သူသိပုံရပါသည်။ လူက လူအေးကြီး၊ လူကောင်းကြီးများဖြစ် နေသလားလို့ ကျွန်မက စဉ်းစားမိသော်လည်း ကျွန်မမှာ မိန်းမသားဖြစ်ပါသည်။ ကျွန်မကိုချစ်လျှင် အငမ်းမရချစ်မှ ကျွန်မက ကြိုက်ပါသည်။ သူ့လို ဣန္ဒြေကြီးလုပ်ပြီး အေးတိအေးစက်နိုင်သူကို မလိုချင်ပါ။

ဒါကြောင့်ပင် သူနှင့်ကျွန်မ မညားပါ။ ကျွန်မကပင် အမူလွန်

သလား၊ သူကပင် အေးတိအေးစက်နိုင်သလား၊ ဒါကိုသာ စဉ်းစားကြပါ ရှင်။

သူ့ကို ကျွန်မ စတင်တွေ့ရှိညည်မှာ ကျွန်မဦးလေးတော်တစ်ယောက်၏ နေအိမ်မှာ ဖြစ်ပါသည်။ သူ့သတင်းကို ကျွန်မ သူနှင့်မတွေ့ခင်ကပင် ကြားဖူးပါသည်။ သူသည် ပန်းချီဆရာကလေး တစ်ယောက်ဖြစ်ပြီး နာမည်ကျော်လျက်ရှိပါသည်။

ဦးလေးမိန်းမ အဒေါ်က "သူနဲ့ဆေးဆရာကြီးတစ်ဦးရဲ့သမီး စေ့စပ်ထားကြောင်း၊ သူတို့အနုပညာသည်များမှာ ပစ္စည်းမရှိသော်လည်း ပညာရှိကြောင်း၊ လူတော်လူကောင်းများဖြစ်၍ အသောက်အစား ကင်းရှင်းကြောင်း" ကိုပြောပြဖူးပါသည်။

ကျွန်မ သူ့ကိုမြင်သောအခါ သူက ကျွန်မကို ခပ်တည်တည်ပဲ ကြည့်နေပါသည်။ အဲသလို ကြည့်နေခြင်းကို ကျွန်မ နည်းနည်းမှ မကြိုက်ပါ။ လူပုံက သေးသေးသွယ်သွယ်နှင့် ဖြူဖြူကလေးပင်ဖြစ်ပါသည်။ ကျွန်မနှင့်လည်း လိုက်ပါသည်။ ဒါပေမဲ့ သူ့မှာစပ်ဟပ်ပြီး မိန်းမသားနှင့် ဖြစ်နေသဖြင့် ကျွန်မက ဘာမှမပြောဘဲနေရပါသည်။

တစ်နေ့တွင် အဒေါ်ဖြစ်သူက အံ့ဩစရာကောင်းသော စကားတစ်ခွန်းကို ပြောလာပါသည်။

"ဟဲ့... လှကြည်၊ နင် သူ့ကိုယူပါလား၊ နင်တို့နဲ့ဆိုရင် သူနဲ့ ဖြစ်နိုင်တယ်တဲ့..."

"အဒေါ်.. အဒေါ့်လူက ဟိုကောင်မနဲ့စေ့စပ်ထားတယ်ဆို" လို့ ပြန်မေးလိုက်တော့ အဒေါ်ကပြုံးပြီး...

"အေး... ငါ့သားကို ငါပဲသွားစေ့စပ်တာပဲကွ၊ အဲဒီကောင်မလေးရဲ့ အမေက သိပ်အပေါက်ဆိုးတယ်ကွယ့်၊ သူတို့သမီးကိုသူတို့ သိပ်ဂုဏ်တင်နေတယ်ကွယ့်။ အဲဒါကြောင့်မို့ ငါက နောက်ဆုတ်လိုက်တယ်ကွယ့်၊

ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲပဲ ဖိတ်ပါစေတော့၊ လူကောင်းတစ်ယောက် ရဖို့ဆိုတာ ခဲယဉ်းတယ်"

"အဒေါ်လူက.. အဟင်း.. ဟင်း.." ကျွန်မက အဲသလိုပြောပြီး ရှက်ရယ်ရယ်လိုက်ရတယ်။ အဲသလိုရယ်လိုက်ပြီးတော့ မကြာခင်မှာပဲလေ သူနဲ့ကျွန်မ တွေ့ကြတာပေါ့။ ကျွန်မလည်း ရှက်ပြီး မျက်နှာကို လက်နဲ့ဖုံးထားတယ်။ သူက အနားကထိုင်ပြီး တတွတ်တွတ်နဲ့ ပြောတယ်။ သူပြောတာက...

"လူလူချင်း စကားပြောမယ် အကြည်.. ဂုဏ်တွေ ပကာသနတွေ မလိုဘူး။ ဘဝတူတူ လုပ်စားကြရအောင်တဲ့..."

သူ့စကားက ရိုးလွန်းတယ်။ ကျွန်မက "ရှင်က ကျွန်မကို ဟိုမိန်းမလို မိန်းမစားများ အောက်မေ့လို့လား" လို့ ခပ်တည်တည်ပြန်ပြီး 'ဟောက်' လိုက်တယ်။ အဲဒီတော့ သူကပြုံးနေတယ်။ ကျွန်မ ဇက်ပေါ်ကို သူ့လက်ကလေးတင်လို့၊ ပေါင်ကိုကိုင်လို့ စကားပြောတယ်။ တယ်ခက်တဲ့လူ။ တစ်ခါတည်း အတင်းဆွဲရင် ကျွန်မက ရှက်ရှက်နဲ့ ငုံ့ပြီးငြိမ်နေမယ်ဆိုတာကို မသိဘူး။ အဲဒါတောင်မှ အဲဒီလူက မိန်းမတစ်ယောက်ကို (သုံးလလောက်)ရဖူးသေးသတဲ့။ ယောက္ခမအမကြီးကို လက်သီးနဲ့ ထိုးခဲ့ဖူးသတဲ့တော်.. အံ့ပါရဲ့၊ လူက အေးတိအေးစက်ကြီး...

သြော်.. တွေ့စမို့ထင်ပါရဲ့လေလို့.. ကျွန်မက စဉ်းစားလိုက်တယ်။ နောက်ပြီးတော့ သူ ကျွန်မကိုတွေ့တိုင်းမှာလည်း ဣန္ဒြေကြီး တစ်ခွဲသားနဲ့ နေတယ်ရှင်။ ရုပ်ရှင်တူတူတွဲကြည့်လည်း ကျောက်ရုပ်ကြီးလိုနေတယ်။ ကျွန်မကကြာတော့ သည်းမခံနိုင်တော့ဘူး။ ဒါနဲ့ပဲ...

"ခု မကြာခင်မှာ ကျွန်မလေ ဆွေမျိုးတွေရှိတဲ့ 'ကံမ' မြို့ကိုသွားရတော့မယ်" လို့ပြောလိုက်တယ်။ ဒီတော့ "ဟာ.. သွားလို့ဘယ် ဖြစ်မလဲ၊ ဒီလိုတော့ ခွဲပြီးမနေနိုင်ဘူး အချစ်ရေ့၊ လာ.. တစ်ခါတည်း လိုက်ခဲ့.."

ဆိုတဲ့စကားများကိုပြောပြီး အတင်းဆွဲသွားပါစေဆိုပြီး ကျွန်မက ပြော လိုက်တာရှင့်။ ဒါပေမဲ့ အဲဒီလူကြီးက လူအကြီး၊ ဘာမှမပြောဘူး။ ကျွန်မ ကို ဘာမှမပြောဘဲနဲ့ ကျွန်မလက်ကိုပဲ အမှောင်ထဲမှာဆုပ်ကိုင်ပြီး သက်ပြင်းကြီးချနေတဲ့အသံကို ကြားရတယ်။ ဒါနဲ့ ကျွန်မကလည်း နောက်ထပ်နည်းပရိယာယ်တစ်ခုကို ထပ်ပြီးထုတ်ရ ပြန်တယ်။

"စိတ်အလိုကို လူလိုက်တယ်၊ ကျွန်မတော့ အစ်ကိုကြီးတွေ မောင် တွေနဲ့ ဒီကိစ္စရတ်တရက်ဖြစ်မှာမဟုတ်ဘူး မောင်ရယ်၊ ဟင်း.. ဒီကုလား ကားကြီးက ရှည်လိုက်တာ၊ ငါးနာရီတောင် ထိုးပြီထင်ပါရဲ့" လို့ပြော လိုက်ပြီး ကျွန်မလက်ကို အသာပြန်ရုပ်လိုက်တယ်။ အဲသလို ရုပ်လိုက် တော့ ဘသားချောက လက်ကိုမလွှတ်ဘဲနဲ့ သူ့ပေါင်ပေါ်မှာတင်ထား တယ်။

"ကားက မရှည်ပါဘူး။ သုံးနာရီမှာ ပြီးမှာပါ။ အစ်ကိုတွေ မောင်တွေ အတွက် ဒီကတာဝန်ထားပါ။ အဆင်ပြေအောင် အဒေါ်တို့ ဦးလေးတို့ကို ပြောခိုင်းပါ့မယ်" ဆိုပြီး စကားပြန်လာတယ်။ "စိတ်အလိုကို လူက လိုက်တယ်" လို့ ကျွန်မပြောလိုက်တဲ့စကားကိုတော့ သူ မရိပ်မိဘူး၊ တယ် ခက်တဲ့လူ။

ကျွန်မက သူ့ကိုတွေးပြီး သနားမိတယ်။ ကျွန်မကိုတွေ့ရင် တကောက် ကောက်လိုက်တတ်တယ်။ စကားပြောတတ်တယ်။ ပြောတဲ့စကားက တော့ တခြားမဟုတ်ပါဘူး။ မင်္ဂလာဆောင်ဖို့ပါပဲ။

"ဟုတ်ကဲ့ ဆောင်ပါတော့၊ မင်္ဂလာအခါကောင်းနေ့ရက်ကို ရွေးပါ တော့" လို့ ကျွန်မက ပြောရမှာလားရှင့်။ ဘယ်တော့မှ မပြောဘူး။ မိန်းကလေးပဲရှင်၊ မနေနိုင်လို့ သူ့ကိုမျှော်။ သူရှိရာကိုသွားပေမယ်လို့ ဣန္ဒြေကလေးတစ်ခု အကြောင်းကလေးတစ်ခုနဲ့ သွားရတာပေါ့။ ဒါကို လည်း နားမလည်ဘူး။

မိန်းမဆိုတာ ဟန်ကလေးပန်ကလေးနဲ့ နေရတဲ့ဥစ္စာပဲရှင်။ နောက်ပြီးတော့ ကိုယ့်ကိုအမြဲတမ်း ယုယနေတဲ့လူကိုပဲ ကိုယ်ကလိုချင်တာ။ ဟော... ခုတော့ရှင်၊ ဘာမှမစွံဘူး။ နိုင်လွန်ကလေးတစ်ဝတ်စာ၊ ပေါင်ဒါကလေးတစ်ဘူးတောင်မှ ဝယ်ပေးဖော်မရဘူး။

အဲဒါ ထားပါတော့။ ကျွန်မက "မောင်ရယ်၊ ကျွန်မဘဝဟာ အင်မတန်ဆိုးတယ်သိလား။ ဒါပေမဲ့ အေးအေးနေပေါ့မောင်ရယ်၊ တစ်နေ့ လူကြီးတွေက ကြည့်ပြီးစီမံသွားကြမှာပေါ့။ လူကြီးတွေနဲ့ ပြောထားဆိုထားပြီးမှပဲ"လို့ သူ့ကိုအားပေးသလိုလိုနဲ့ ခြောက်လိုက်တယ်။ "အေးအေးနေ" ဆိုတာက "အပူတပြင်း လုပ်စရာရှိတာလုပ်"လို့ ပြောလိုက်တာကို သူနားမလည်ဘူး။ လူအကြီး.. လူအကြီး...။

ကျွန်မက သူ့ကိုကြည့်ပြီး အားမလိုအားမရဖြစ်တယ်။ တစ်ခါတလေ သူ့အိမ်ကိုရောက်သွားတဲ့အခါလည်း သူက အလုပ်ရှိရင် ထွက်သွားတယ်။ နောက်ပြီး လမ်းမှာ ကျွန်မနဲ့တွေ့တယ်လေ။ ကျွန်မက သူ့ကိုတွေ့တော့ မတွေ့ချင်ဟန်ဆောင်ပြီး အသာလှည့်နေလိုက်တယ်။ အဲဒါကို သူက ရပ်ကြည့်ပြီး ထွက်သွားပြန်ရော... တကယ်ဆိုရင်..

"ဟော.. အကြည်လေးပါလား၊ အမယ်လေး.. မျှော်လိုက်ရတာ မောလို့.. လာ.. လာ..၊ တွေ့တုန်းမှာ စကားပြောရအောင် ရွှေတိဂုံဘုရားဖြစ်ဖြစ် တိရစ္ဆာန်ရုံဖြစ်ဖြစ် သွားကြရအောင်။ နိုင်လွန်ကလေး တစ်ဝတ်စာ ဝယ်ပေးလိုက်ဦးမယ်"

အဲသလို တောက်တိုမည်ရ ဖွယ်ဖွယ်ရာရာကလေး ပြောလာတယ်ဆိုရင် ကျွန်မက ဘယ့်နှယ်လုပ်ပြီးငြင်းနိုင်ပါ့မလဲ။ အားနာသလိုလိုနဲ့ သူ့နောက်ကို လိုက်ရမှာပေါ့။ ခုတော့ရှင်... ရှက်စရာကောင်းလိုက်တာ။

ဒါနဲ့ ကျွန်မလည်း သူ့ကိုမချစ်ချင်ဟန်ဆောင်မှပဲဆိုပြီး နေလိုက်တယ်။

အဲသလိုနေရုံမကဘူး။ ကျွန်မကို ကျွန်မတို့လမ်းထဲကလူတွေက စပ်ဟပ်သလို ပြောလိုက်တယ်။ လူက 'သွေးပူ'မလာဘူး။ ခါတိုင်းလိုပဲ ကျွန်မတို့အိမ်ကိုတော့ မကြာခဏလာပါရဲ့။ ဒါပေမဲ့လို့ ကျွန်မကို စကား မပြောဘူး။ လှမ်းလှမ်းကြည့်ပြီး ပြန်သွားတယ်။ ကျွန်မလည်း နည်း ပရိယာယ်ဆင်ရပြန်တယ်။ ကျွန်မရဲ့ညီမလေးတစ်ယောက်ကို တိုးတိုး တိတ်တိတ်နဲ့ "ကျွန်မမှာ ရည်းစားအသစ်ရှိနေတယ်၊ ကျွန်မ ကိုလိုချင်ရင် အတင်းကားနဲ့ဆွဲတင်မှရမယ်။ ကားနဲ့သာတင်ပေတော့" လို့ သူ့နား ပေါက်အောင် ပြောခိုင်းလိုက်တယ်။

သူကလည်း ကားနဲ့တင်မယ်ဆိုတဲ့သတင်းကို ရတယ်။ ကျွန်မက လည်း ဒီလိုကားနဲ့တင်ဖြစ်ရင် ကျွန်မအတွက် ပိုပြီးဂုဏ်တက်တယ်။ ယောကျ်ားက မနေနိုင်မထိုင်နိုင်ဖြစ်နေလို့ အတင်းကားနဲ့တင် ပြေးမှ ရတယ်ဆိုတဲ့ဂုဏ်က နည်းတဲ့ဂုဏ်မှ မဟုတ်ဘဲရှင်။

ကျွန်မညီမကလည်း ကျွန်မတို့ အတူကြံထားတာကို မရိပ်မိအောင် တစ်မျိုးလှည့်ပြီးပြောခဲ့တယ်။ ဝါမဝင်ခင်မှာ အိမ်နားက ငယ်ရည်းစားနဲ့ လိုက်ပြေးတော့မယ်။ ငယ်ရည်းစား မောင်တင်ဆွေနဲ့အတူ တွဲသွားတာ နှစ်ခါရှိပြီပေါ့.. ဆိုတာတွေပေါ့ရှင်။ ဘယ်လောက်အကွက် ကောင်းတွေ ဆင်ထားသလဲ။ ကျွန်မတော့ ကားတင်ခံရတော့မယ် ရှင့်။

အဲ.. မောင်တင်ဆွေဆိုတဲ့ ကောင်ကလေးအကြောင်းကို ပြောရဦး မယ်။ အဲဒီကောင်ကလေးက ကျွန်မထက် သုံး–လေး နှစ်လောက်ငယ် တယ်။ ငယ်ငယ်က အတူကစားဖက်ပေါ့။ လင်မယားလုပ်တမ်း၊ ရည်းစား ထားတမ်းကစားရင်းက ကျွန်မကို အတင်းကြိုက်နေတဲ့ ကောင်ကလေး။ ကျွန်မကလည်း သူ့ကိုယူမယ်လို့ စိတ်ကူးထားတဲ့ကောင်ကလေးပေါ့။ ဒါပေမဲ့လို့ ကောင်ကလေးက အလုပ်မရှိဘူး။ စာလည်း သိပ်မတတ်ဘူး။ ပညာအခြေခံနည်းတယ်။ လခက အလွန်ဆုံး ၁၂၆ ကျပ်လောက်ပဲ ရနိုင်

တယ်။ အဒေါ်တွေနဲ့အတူတူနေတဲ့ ကောင်ကလေးဆိုတော့ အဒေါ်တွေ ဩဇာကို ခံရတယ်။

ပန်းချီဆရာကတော့ ကျွန်မထက် အသက်ကြီးတယ်။ ဝင်ငွေလည်း ကောင်းတယ်။ ပညာလည်း ရှိတယ်ရှင်...။ ဒါကြောင့်မို့ ကျွန်မက ပန်းချီဆရာကို စိတ်ကူးကြည့်တယ်။ ပန်းချီဆရာက တစ်ခုလပ်ပေမဲ့လို့ ကိစ္စမရှိဘူးလေ။ ကျွန်မတို့ တစ်အိမ်ထောင်ကို ထိန်းကျောင်းနိုင်ရင်တော်ပါပြီ။

ကျွန်မညီမက ဝိဇယရုံမှာ ရုပ်ရှင်ကြည့်ပြီးအပြန် ကားနဲ့တင်ဖို့ စီစဉ်ပေးတဲ့အခါမှာ ကျွန်မဖြင့် ရုပ်ရှင်ကြည့်ရမယ့်နေ့ကို မျှော်လိုက်ရတာ အမောပေါ့။ အမယ်လေး... လူသူရှင်းတဲ့နေရာမှာ ကားနဲ့တင်ပြေးရော၊ ကားပေါ်မှာ ကျွန်မကို သူအတင်းဖက်ထားမှာပဲရှင်။ ဟင်း.. ဟင်း..။ နောက်ပြီး သူဘယ်ကိုများ ခေါ်သွားမှာပါလိမ့်။ အဝေးကြီးဆိုရင်တော့ ဒုက္ခပဲ။

"ဟော့.. ညီမရဲ့ ကားနဲ့တင်ရင် အဝေးကြီးကို ခေါ်မသွားဖို့ သွားပြောလိုက်ပါဦးကွယ့်"

ညီမကိုလည်း မှာရသေးတယ်။

ဒီကနေ့ ကျွန်မ ကားတင်ခံရမယ့်နေ့။ ကျွန်မတော့ ရင်တထိတ်ထိတ်ပါပဲရှင်။ ပြောရမှာရှက်ပါတယ်။ မျက်နှာလည်း မထားတတ်အောင်ပါပဲ။ ညီမတွေကလည်း နောက်ကြပြောင်ကြနဲ့ပေါ့။ ဒါနဲ့ ကျွန်မလည်း ညီမတွေကို အော်ဟစ်လိုက်ရတယ်။ အိမ်နီးနားချင်း သူငယ်ချင်းတွေကိုလည်း ကျွန်မက "ကျွန်မတို့အိမ်ကို လာလာနေတဲ့ အဲဒီပန်းချီဆရာကြီးဟာ ကျွန်မကို ပိုးပန်းနေတဲ့အကြောင်း၊ တစ်ဖက်သက်ကြိုက်နေလို့ ကျွန်မက ရှောင်နေရကြောင်း" တွေကိုလည်း ဂုဏ်ယူပြီး ပြောပြရတာပေါ့။ ကျွန်မလောက် အရေးမပါတဲ့ ဆေးလိပ်ခုံက ဆေးလိပ်လိပ်တဲ့ 'အမြ'ကတော့ ပြုံးပြီးနေတယ်။

ကျွန်မတို့ ရုပ်ရှင်ရုံထဲကထွက်လာပြီး လူတွေကြားထဲမှာ သူ့ကို ရှာပါတယ်။ ရှာတယ်ဆိုပေမဲ့ အမှတ်တမဲ့ရှာတာပါပဲ။ သူတော့ တစ်နေရာရာကနေပြီး ကျွန်မတို့ကို ကြည့်နေမှာပဲ။ သူက ကျွန်မကို အတင်းပဲပွေ့ပြီး ကားတင်မှာလား မပြောတတ်ဘူး။ ကျွန်မတော့ ရုန်းရင်းရုန်းရင်းနဲ့ သူ့နောက်ကိုလိုက်ရတော့မယ်။ သူနဲ့ ယူရတော့မယ်။ သူကားနဲ့တင်ပြေးတဲ့ အခါမှာ ကျွန်မက မျက်နှာစူထားလိုက်မယ်။ လုပ်ရက်လေခြင်းဆိုပြီး ကျွန်မက ဆူလိုက်မယ်။ အဲဒီတော့မှ ကျွန်မကို ချော့လာမှာပဲ။ ကျွန်မ မှတ်မိပါသေးတယ်။ တစ်ခါတုန်းက သူ့အေးတိအေးစက်ကြီးကို အားမလို အားမရရှိတာနဲ့ ကျွန်မက သူ့ကို ဆူလိုက်တယ်။ အဲသလိုဆူလိုက်တော့ မျက်နှာကလေးငယ်ပြီး နေပူ ကျဲတဲတဲမှာ ရပ်နေလိုက်တာရှင်။ ကျွန်မက သူ့ကိုသနားသွားပြီး 'ရွှေရင်အေး'ကလေးတစ်ခွက် တိုက်လိုက်ပါတယ်။ သူဆိုတဲ့လူက အဲသလောက် ရိုးတဲ့လူ။

ကျွန်မညီမ 'ညွန့်တင်' ကလည်း သူ့ကိုရှာတယ်။ ရှာလို့မတွေ့တော့ 'မလာဘူးအေ့'လို့ပြောတယ်။ ဟုတ်တယ်။ ကျွန်မလည်း ရှက်သွားတယ်ရှင်...။ အဲဒါကြောင့်မို့ပဲ "ဒီလူကို ငါကကြိုက်တာမဟုတ်ပါဘူးအေ့ ရယ်...၊ လူကြီးတွေကလည်း သဘောမတူကြပါဘူး။ အဒေါ်က အပြော ကောင်းလို့ နားယောင်မိတာအေ့။ သူနဲ့တွေ့တော့ ပြောလိုက်ပါအေ။ ငါ လင်မယူသေးဘူး၊ ယူရင်လည်း ငါကြိုက်တာကိုပဲ ငါယူမယ်။ ငါ့မှာ အချစ်ဦးငယ်ရည်းစားလည်းရှိတယ်ဆိုတာ ပြောပြလိုက်အေ" လို့ ညွန့်တင်ကို မှာရတာပေါ့။ ညွန့်တင်ကတော့ ဒီစကားကို သွားပြောမှာ အမှန်ပဲ။ အဲဒီတော့ သူ့ကို မေတ္တာရှိညှဉ်းဆဲ ရတာပေါ့။

ဟောရှင်.. အဲဒီလူက သိပ်ပြီးစိတ်ဆိုးနေသတဲ့။ နောက်ပြီး ကျွန်မကို လည်း ပေါက်ကရတွေ ပြောသတဲ့။ ဒါနဲ့ပဲ ကျွန်မကလည်း ကျွန်မ သူငယ်ချင်း 'အမြ'ကတိုက်တွန်းတဲ့အတိုင်းပဲ ငယ်ရည်းစား

မောင်တင်ဆွေကို ရည်းစားထားလိုက်တယ်။ အဲ.. ဒီကတော့ လူ ငယ် တယ်။ ဘာမှစဉ်းစားတဲ့ဉာဏ်မရှိဘူး။ ကျွန်မကို အရှုးအမူး ချစ်တတ် တယ်။ ကျွန်မ သဘောကျတယ်ရှင်။ ကျွန်မက လှည့်လို့ရတယ်။ အဲသလို လှည့်လို့ရတာမျိုးမှ ကျွန်မက သဘောကျတယ်။ ဘယ်လိုပဲ လုပ်ကျွေးရ ကျွေးရရှင်...။

ကျွန်မအစ်ကိုက ကျွန်မရည်းစားထားတာကိုသိတော့ ငါ့ညီမ လမ်းလွဲနေပြီလို့ပြောတယ်။ တချို့လူတွေကလည်း သဘောမကျဘူး။ ဒါကြောင့်မို့ပဲ ပြန်ပြီးစဉ်းစားကြည့်တော့ ကျွန်မအမှားပဲလို့ မြင်လိုက် တယ်။ အဲသလိုမြင်တော့ ကျွန်မအစ်မနဲ့ကျွန်မတို့ သီတင်းကျွတ် ကန်တော့ပွဲနဲ့ ဦးလေးအိမ်သွားရင်းက "ဒီရည်းစားထားတယ်ဆိုတဲ့ သတင်းတွေက မနာလိုတဲ့လူတွေပြောတာ၊ ကျွန်မတို့က (ဒီကအဒေါ့် သား)ကိုပဲယူမှာပါ၊ အိမ်ကိုလည်း လာလည်ကြပါဦး" လို့မှာခဲ့ရတယ်။ ကန်တော့ခဲ့ရတယ်။ အဲ.. အိမ်ကို သူတို့မလာကြဘူး။ အဲသလိုမလာကြ တော့ ကျွန်မ အရှက်ရပြန်ရောရှင်။ ဒါနဲ့ ကျွန်မလည်း ဘာမှမစဉ်းစား တော့ဘဲနဲ့ မောင်တင်ဆွေနဲ့ယူဖို့ စီစဉ်ရတယ်။ အစ်မကြီးကလည်း မောင်တင်ဆွေနဲ့ယူဖို့ကို လူမသိအောင်စီစဉ်ပေးတယ်။ တိတ်တိတ်ပုန်း တောက ကြီးဒေါ်ကိုမှာရတယ်။ မင်္ဂလာမဆောင်နိုင်တော့ ခိုးပြေးတယ် ဆိုပြီး အသံလွှင့်ရတယ်။ နောက်တစ်နေ့ ရုံးမှာ လက်ထပ်ရတယ်။ ဒီကိစ္စ မှာတော့ ကျွန်မရဲ့လူကြီးတွေက မပါသလို ဘေးဖယ်ပြီး နေလိုက်ကြတာ ပေါ့။ အဲဒါတွေကို သူတို့ မသိကြ ဘူး...။

ခုတော့ ကျွန်မ လင်ရပါပြီရှင်...။

* * *

ကျွန်တော် ဒီကိစ္စကို ဆက်လက်ပြောပြပါရစေ။ ကျွန်တော် သူ့ကို အစကမသိဘူး။ သူ့ဦးလေးတော်တစ်ယောက် မကျန်းမာဖြစ် တဲ့ကိစ္စနဲ့ ပတ်သက်ပြီးမှ သူ့ကိုသိရတယ်။ သူ့ကိုသိရတဲ့အချိန်မှာ ကျွန်တော်ဟာ မိန်းကလေးတစ်ဦးနဲ့ ချစ်ကြိုက်နေပါတယ်။ အဲဒီ မိန်းကလေးဟာ ပွင့်လင်းရိုးသားသူဖြစ်ပါတယ်။ ကျွန်တော်ကလည်း သူ့ကိုယူမယ်လို့ သန္နိဋ္ဌာန်ချထားပါတယ်။ ဒါပေမဲ့လို့ သမီးရှင်များဟာ အရာရာမှာ တွင်ကျယ်ချင်တတ်တဲ့သဘောရှိတယ်။ သူတို့ သမီးကို ရာဖြတ်ထောင်ဖြတ်နဲ့ ရောင်းချင်ကြတယ်။ ကျွန်တော်က မေတ္တာအရင်းခံနဲ့ ဈေးဆစ်ခဲ့ပါတယ်။ သူတို့က လက်မခံနိုင်ဘူး။ အဲဒါနဲ့ ကျွန်တော်လည်း စိတ်ပျက်နေတုန်းမှာ သူ့ကိုတွေ့ရတယ်။ သူဆိုတာက ဆင်းရဲတဲ့လက်လုပ်လက်စားပါပဲ။ အိမ်ကလေးတစ်လုံးကို ဟန်ကျပန်ကျ ငှားပြီးနေနိုင်ရှာတာ မဟုတ်ဘူး။ ၂၀ လောက်တန်တဲ့ ဝါးအိမ်ကလေးတစ်ခြမ်းကို ညီအစ်မနှစ်ယောက် ငှားပြီး (ဖက်စပ်) နေထိုင်ကြပါတယ်။ အစ်မ 'လင်' က ထင်းရောင်း၊ မြင်းလှည်းမောင်း လုပ်ပါတယ်။ ကလေးသုံးယောက်နဲ့ ဆိုတော့ သူတို့လည်း သူတို့ အိမ်ထောင်နဲ့ခွဲပြီးနေရတယ်။ ကျွန်တော်နဲ့ အတူနေတဲ့ သူ့ဦးလေးရဲ့ ပြောပြချက်အရပဲ သူ့မှာ အစ်ကိုတစ်ယောက်၊ မောင်တစ်ယောက်နဲ့ အတူ တစ်အိုးခွဲစားပြီး စက်ကလေးချုပ်သတဲ့။

သူတို့ကိုကြည့်ရတာက ရင်ထုမနာပဲ။ ဆင်းရဲသားဘဝမှာ မိန်းကလေးတစ်ယောက်က ရှေ့ဆောင်ပြီး လုပ်ကိုင်စားသောက်တဲ့အိမ်ထောင်တစ်အိမ်ထောင်ဟာ ဘယ်ကလောက် ကသီလင်တနိုင်မလဲ ဆိုတာသာ စဉ်းစားကြည့်ကြပေတော့။

"သူ့ကို စဉ်းစားပါ၊ ဆင်းရဲတဲ့မိန်းကလေးဖြစ်တဲ့အတွက် ပိုမိုပြီး သင့်လျော်ပါတယ်" ဆိုတဲ့ တိုက်တွန်းချက်ကြောင့်ပဲ ကျွန်တော်က လည်း စဉ်းစားတယ်။ တော်မယ်လို့ ယူဆလိုက်တယ်။ အဲဒါနဲ့ပဲ

စကားကလေးဘာကလေးပြောပြီး ကြည့်ရတယ်။ တော်ရှာမယ့်ပုံပါ ပဲ။ ဒါပေမဲ့လို့ လူဆိုတာက ခဏ္တခဏကလေး တွေ့တဲ့အချိန်မှာ ဆုံးဖြတ်ချက်ချလို့မရဘူးပေါ့။ တစ်သက်လုံးအတွက် အိမ်ထောင်ဖက်ကိုရှာရတာက ပိုပြီးမလွယ်ကူဘူးလို့ ထင်မိပါတယ်။ အဲဒါကြောင့်မို့ပဲ အခြေအနေကို အကဲခတ်ရင်း နေခဲ့ပါတယ်။ မိန်းကလေးများဟာ အများအားဖြင့် သူတို့ရဲ့လက်ရှိဘဝကို သူတို့မေ့တတ်ကြပါတယ်။ အခြေအနေနဲ့မဟပ်တဲ့ နေထိုင်မှု၊ သာယာမှုကလေးများကိုလည်း လိုလားတတ်ကြပါတယ်။

သူဟာ ခပ်ကြွားကြွားကလေးနေချင်တယ်။ ဟန်လုပ်ပြီး စကားကို ပြောတတ်တယ်။ ရုပ်ရှင်ရုံထဲမှာ နှစ်ယောက်သား ထိုင်ပြီးကြည့်တဲ့အခါမှာ သူက ဒီကိစ္စကို လူကြီးတွေ ကြည့်ပြီးစီမံပါလိမ့်မယ်လို့ ပြောတယ်။ အဲဒီတော့ ကျွန်တော်က ဘာလုပ်ရမလဲ။ လူကြီးတွေရဲ့ အရိပ်အကဲကိုပဲ ကြည့်နေလိုက်ပါတယ်။

လူကြီးတွေဆိုတာကလည်း အစစအရာရာမှာ သူတို့ခြယ်လှယ်သမျှကို ခံရမယ်ဆိုတဲ့ပုံသဏ္ဍာန်ကလေးကို တွေ့ရတယ်။ ဒီပုံသဏ္ဍာန်ကတော့ သမီးရှင်တိုင်းမှာရှိတဲ့ပုံသဏ္ဍာန်ပါပဲ။ ကျွန်တော်တို့က လိုက်လျောနိုင်သမျှ လိုက်လျောပြီးဆက်ဆံခဲ့တဲ့ကြားထဲမှာပဲ၊ ဟော.. ဘာကလေးလိုချင်တယ်၊ ဘယ်နေရာမှာ ဘာလုပ်ချင်တယ်ဆိုပြီး..'မျောက်ပြ ဆန်တောင်း'အလုပ်ကို လုပ်လာတယ်။ ကျွန်တော့်ရဲ့သဘောက မိသားဖသားပီပီ ဖြစ်စေချင်တယ်။ အတိအလင်း စေ့စပ်ကြောင်းလမ်းလာတဲ့အခါမှာ ယောကျ်ားတစ်ယောက်ရဲ့ ထမ်းဆောင်ရမယ့်တာဝန်ကို ကျွန်တော်က မလစ်ဟင်းအောင်လုပ်ရမှာပဲ။ ဒါပေမဲ့လို့ ဆန်ကိုချည်းပဲ တောင်းနေပြီး မျောက်ကို အသာဝှက်ထားတဲ့ လူကြီးတွေရဲ့အလုပ်ကို ကျွန်တော်က အနည်းအကျဉ်းလောက်သာ တာဝန်ကျေ ဆောင်ရွက်ပေးရုံကလွဲပြီး ဘာမှမလုပ်ပေးခဲ့ဘူး။

အဲဒီတော့ သတင်းတစ်ခု ကြားလာတယ်။ လူကြီးတွေက သဘော မတူဘူးတဲ့။ လူကြီးတွေက ပေးစားတာကိုပဲ ယူရမယ်တဲ့။

ဒါဖြင့် ဒီကိစ္စက ပြီးနေပြီပေါ့။ မဟုတ်ဘူးလား စာဖတ်သူ..

မဟုတ်သေးဘူး၊ မိန်းကလေး ကာယကံရှင်က ကျွန်တော့်ကို ကားနဲ့တင်ပါဆိုပြီး ကြားလူတစ်ယောက်ကို အပြောခိုင်းလိုက်ပါတယ်။ ကာယကံရှင်ရဲ့သဘောက ဘယ်လိုလဲဆိုတော့ ကာယကံရှင်ကလည်း သူ့ငယ်ရည်းစားနဲ့ဆိုလား၊ ချိန်းတွေ့နေကြသတဲ့။ ကျွန်တော်ကလည်း အံ့အားသင့်သွားရပြန်တယ်။ အရင်တုန်းက ကျွန်တော်နဲ့စတွေ့ကြတဲ့ အချိန်မှာ ကျွန်တော်ကမေးခဲ့တယ်။ "မင်းမှာ ပိုင်ဆိုင်တဲ့သူများ ရှိ နေပြီလား..."လို့၊ အဲဒီတော့ သူက "မရှိသေးပါဘူး" တဲ့။ ဟော.. ခုတော့ ရှိနေပြန်သတဲ့။ ရည်းစားချစ်သူရှိတဲ့ မိန်းမတစ်ယောက်ကို ကျွန်တော်က ကားတင်ရမယ်ဆိုတာက ရယ်စရာကြီးပဲ။ တကယ့်ကို ရယ်စရာကြီးပဲ။

ဒီကိစ္စကို ကျွန်တော်မလုပ်ဘူး၊ လုပ်မယ်လို့ အတိအကျမဖြေ လိုက်ဘူး။ ဖြစ်ပါလိမ့်မယ်လို့ ပြောလိုက်တယ်။ အဲဒီနောက်မှာပဲ မကြာခင်မှာ ကျွန်တော်တို့ဆီကို သူနဲ့ သူ့အစ်မလာတယ်။ လာပြီး တော့... ကျွန်တော်နဲ့ပဲ 'ပေးစားမယ်'လို့ သူ့အစ်မကပြောတယ်။ သူကလည်း ကြားက မနာလိုသူတွေရဲ့စကားကို မယုံပါနဲ့။ သူ ဘာမှ မဖြစ်ပါဘူးဆိုပြီး ပြောသွားတယ်။

ကျွန်တော်လည်း သူပြောသလိုပဲ ခပ်အေးအေးနေလိုက်ပါတယ်။ ဟော... သတင်းတစ်ခု ကြားရပြန်တယ်။ သူ လင်နောက်လိုက်သွား သတဲ့။

အဲဒါ ဘာသဘောပါလဲခင်ဗျာ။

* * *

ဒီကိစ္စတွေကို ကျွန်တော်က ကြားလူတစ်ယောက်အနေနဲ့ ရှင်းပြချင်ပါတယ်။ သူတို့တစ်တွေက ကျွန်တော့်အိမ်ကို ငှားပြီးနေကြတဲ့လူတွေပါ။ ကောင်မကလေးက အစားကို ခြိုးခြံစားပြီး အဝတ်ကို ခပ်ကြွားကြွားဝတ်တတ်တယ်။ သူတို့တစ်တွေနဲ့ နေခဲ့တာလည်းကြာတော့ အားလုံးရဲ့သဘောကို ကျွန်တော်က သိပါတယ်။

ကောင်မကလေးက ဒီလမ်းထဲမှာဆိုရင် ဆင်းရဲပြီး လုပ်စားနေရတဲ့ သဘောရှိတယ်။ သူအရင်နေခဲ့တဲ့အိမ်က မောင်တင်ဆွေကလေးနဲ့ ငယ်ငယ်တုန်းက ကျွန်တော်ရဲ့အိမ်နောက်ဖေးမှာ ကစားကြပြီး ဖက်နမ်းနေတာကိုလည်း တွေ့ရတယ်။ နောက်ပြီး အစ်ကိုလုပ်တဲ့သူ၊ အစ်မလုပ်တဲ့သူတွေနဲ့ အတူတူနေပြီး အိုးခွဲ၊ စီးပွားခွဲကြတယ်။ အဲသလို စီးပွားခွဲတဲ့အခါမှာ သူတို့မောင်နှမသုံးယောက်က တစ်အိုး၊ အစ်မလင်မယားက တစ်အိုးဖြစ်လာတယ်။

သူတို့အိုးနဲ့ သူတို့စားကြတဲ့အခါမှာ သူတို့လုပ်တဲ့လုပ်ငန်းကို အကြောင်းပြုပြီးတော့ လာကြတဲ့ဧည့်ပရိသတ်တွေလည်း ရှိတယ်။ အလုပ်ကို ငွေကြေးပေးပြီးခိုင်းနိုင်တဲ့ အရည်အချင်းကမရှိတော့ ဆွေမျိုးသားချင်းတွေကို ထမင်းကျွေး၊ အနည်းအကျဉ်း အထောက်အပံ့ပေးပြီးတော့ အလုပ်ခိုင်းဆိုတဲ့စနစ်နဲ့ လုပ်လာတယ်။ အဲဒါက ကြာရှည်ခံတာမဟုတ်ဘူး။ နောက်ပြီး စက်ချုပ်လုပ်ငန်းဆိုတာကလည်း နင်လားငါလား အပြေးအလွှားချုပ်နိုင်လုပ်နိုင်မှ တော်ရုံကျတယ်။

ကောင်မကလေးဟာ သဘောအခြေခံက မဆိုးဝါးလှပေဘူး။ အုပ်ထိန်းသူ အိမ်ထောင်အကြီးအကဲတစ်ယောက်အဖြစ်နဲ့ အပျိုဘဝမှာ လုပ်စားကိုင်စားနေရတဲ့အခါမှာ သူတို့စီးပွားရေးဟာ မြင့်တဲ့အခါမြင့်လာတယ်။ နိမ့်တဲ့အခါလည်း နိမ့်သွားတယ်။ အစ်မဖြစ်သူဆိုတာက နည်းနည်းစီးပိုးတဲ့သဏ္ဍာန်ရှိတယ်။ သူတို့မှာ တစ်အိမ်တည်း

နှစ်အိမ်ထောင် နှစ်စီးပွားဖြစ်နေတာနဲ့ပဲ အိမ်ထောင်ဟာ သိပ်အဆင် မပြေဘူး။

နောက်ပြီး အစ်မဆိုတဲ့မိန်းမက ဒီကောင်မကလေးငယ်ငယ်ကတည်းက ကျွေးမွေးလာသူတစ်ယောက်ဆိုပြီး သူ့ညြဇာကို နာခံစေတယ်။ ညီမကလည်း ကိုယ့်ဘာသာကိုယ် လွတ်လွတ်လပ်လပ်နေချင်တယ်။ ဒါနဲ့ပဲ ကျွန်တော်တို့ကြားလာတဲ့ စကားတစ်ခွန်းက...

"ပန်းချီဆရာလေးတစ်ယောက်က သူတို့ကို စပ်ဟပ်သတဲ့..."

"သဘောလည်း တူကြသတဲ့"

ဒါပေမဲ့ တိုးတိုးတိတ်တိတ် လူမသိအောင် နေကြဦးမတဲ့။

ကျွန်တော်က... "ဘာဖြစ်လို့ လူသိမခံချင်တာလဲ၊ တကယ်တမ်း ယူကြမယ်ဆိုရင်လည်း ဒီပန်းချီဆရာကလေးက တော်သားပဲ" လို့ ဆိုတော့...

"အခြေအနေကို ကြည့်ဦးမယ်"ဆိုပြီး ပြောကြတယ်။

"ဟ.. လာပြီးစေ့စပ်တဲ့လူက မင်းတို့ရဲ့ဦးလေးပဲ မဟုတ်လား။ ဒီထက် အခြေအနေက ကောင်းနိုင်ပါ့မလား။ ဦးလေးက မဟုတ်တဲ့အလုပ်ကို လုပ်မှာလား" လို့ ကျွန်တော်က ပြောလိုက်တော့ သူတို့ညီအစ်မက ပြုံးနေကြတယ်။

ကောင်မလေးက ဘာပဲဖြစ်ဖြစ် အပျိုဆိုတဲ့ဘဝကလေးကို ဗန်းပြပြီး လုပ်ကိုင်စားသောက်နေထိုင်ရတဲ့ဘဝကို ကြည်နူးနေဟန်ရှိတယ်။ အစ်မနဲ့ မောင်များကလည်း ဒီသဘောအတိုင်းပဲလို့ ထင်ရတယ်။

ဒါပေမဲ့ ရန်ကုန်ရွှေမြို့တော်ကြီးမှာ ဒီလို'အထီးကျန်' လုပ်ကိုင်စားသောက်ရတဲ့ဘဝဟာ မကောင်းဘူး၊ ကြာရှည် အသုံးချဖို့ မတော်ဘူးလို့ ကျွန်တော်မြင်တယ်။

ဒီနေရာမှာ တောက သူတို့ရဲ့ကြီးဒေါ်ဆိုတာက ဝင်ရောက်လာ

ပါတယ်။ အဲဒီကြီးဒေါ်က အမေ့ဘက်က ဆွေမျိုးပေါ့။ ပထမ ပန်းချီဆရာကလေးနဲ့ စေ့စပ်ပေးတာက၊ အဖေ့ဘက်က ဆွေမျိုးများ ဖြစ်ကြပါတယ်။

အမေ့ဆွေမျိုးကြီးဒေါ်က ဒီလိုအကြောင်းကို ကြားတဲ့အခါမှာ ဆွေမျိုးနယ်လုတဲ့ကိစ္စပေါ်လာတယ်။ အဖေမျိုးက စေ့စပ်တဲ့သူက ဘယ်လူလဲ၊ ဘယ်လိုလူစားလဲ၊ ငါသဘောမတူဘူးဆိုတာ ဖြစ်လာတယ်။ အမေမျိုးကလည်း အဲသလိုဝင်လာတော့ ကောင်မလေးကလည်း "ဒီကိစ္စက ပြောတုန်းဆိုတုန်းပါ။ ကျွန်မကလည်း သိပ်မကြိုက်ပါဘူး" လို့ပြန်ပြောသတဲ့။ ပန်းချီဆရာကလေး သူတို့အိမ်ကို ဝင်ထွက်သွားလာနေတဲ့အချိန်ကာလပိုင်းမှာ သူတို့ဟာ ပြဿနာ သောင်မတင်၊ ရေမကျလုပ်ထားကြတယ်။ နောက်ပြီး ကြီးဒေါ်ကစပ်ဟပ်ပေးတဲ့လူက ဘာပဲ၊ ညာပဲနဲ့ အဖေဘက်ကအမျိုးတွေကြားအောင် အသံကောင်းလွှင့်တယ်။ တကယ်တော့ အဲဒါတွေဟာ တစ်ခုမှမဟုတ်ဘူး။

သူတို့ကိုယ်သူတို့ ဂုဏ်ရှိအောင်ဆိုပြီး ဂုဏ်လုပ်တာပဲဖြစ်တယ်။ ဂုဏ်မလုပ်တတ်တော့ သူတို့ဘာသာသူတို့ ဘာလုပ်ရမှန်းမသိဖြစ်သွားတယ်။ ဒီကြားထဲမှာ အရပ်နဲ့ခြောက်လှန့်ကြသေးတယ်။ သူတို့အရပ်က ဒီကောင်မကလေးကို အပြင်လူနဲ့မယူရဘူးတဲ့။ အရပ်က သဘောမတူဘူးတဲ့...။ အရပ်ဆိုတာကလည်း အိမ်ကလေး သုံးလေးအိမ်လောက်ပါပဲ။ ကျွန်တော်လည်း အသာကြည့်နေပါတယ်။ ဒီကြားထဲမှာ ကောင်မကလေးဟာ ခြေလှမ်းတွေပျက်ပျက်လာတယ်။ အိမ်နီးချင်းက 'အမြဲ'ဆိုတဲ့ ဆေးလိပ်ခုံက ကောင်မကလေးနဲ့ပေါင်းပြီး တစ်မျိုးတစ်မည်ဖြစ်လာတယ်။ မကြာပါဘူး၊ အိမ်နောက်ဖေးမှာ အဲဒီမောင်တင်ဆွေဆိုတဲ့ကောင်ကလေးနဲ့ စကားပြောလား ဘာလား ဖြစ်လာပါတယ်။

ကျွန်တော်က ကိစ္စတစ်ခုကို ပြတ်ပြတ်သားသားလုပ်ပါလို့ ပြော လိုက်တဲ့အခါမှာ သူတို့မောင်နှမတွေဟာ ပြုံးနေကြတယ်။ တခြား ကလာပြီး အလုပ်လုပ်ကြတဲ့ ဆွေမျိုးတွေအားလုံးကို ပြန်လွှတ်လိုက် ပြီး သူတို့မောင်နှမတစ်တွေချည်း ကျန်တဲ့အခါမှာ မောင်က ပန်းချီ ဆရာကလေးဆီသွား၊ အစ်မလုပ်တဲ့လူက မောင်တင်ဆွေရဲ့အဒေါ် တွေဆီသွားပြီး 'ညီမလေးလံပွဲ'လုပ်ကြတယ်။ ဈေးဆစ်ကြတယ်။ မောင် ဆီကထွက်လာတဲ့ လေသံကိုကြားရတာက ပန်းချီဆရာကလေးဟာ တော်ကြောင်း၊ ဝင်ငွေကောင်းကြောင်းကနေပြီး မတော်ကြောင်း၊ ဝင်ငွေ မကောင်းကြောင်းတွေ ဖြစ်လာတယ်။

အဲ.. အဲ.. ဒါတွေမှားကုန်တာပေါ့ဗျာ။ အဖေဘက်ကဆွေမျိုး တွေ အရေးနိမ့်သွားသလို အမေဘက်ကဆွေမျိုးတွေက ခေါင်းထောင် လာတယ်။ ကြီးဒေါ်ဆိုတဲ့မိန်းမကြီးရယ်၊ သူတို့မောင်နှမတစ်တွေရယ် တိတ်တိတ်တိုင်ပင်ကြပြီးတော့ လူမသိ၊ သူမသိ၊ ကောင်မကလေး ကို 'မောင်တင်ဆွေ'ကလေးနဲ့ ထည့်လိုက်ကြတယ်။ အဲသလို ထည့် လိုက်ပြီး အဖေဘက်က ဆွေမျိုးတွေဆီ အစ်မလုပ်တဲ့လူက ပြေးလွှားသွားပြီး 'ခက်ပါတယ်၊ ရှက်ပါတယ်၊ မိလှကြည် ဒီလိုလုပ်သွားပြီ.. အားနာလှ ပါတယ်.." ဘာညာနဲ့ တိုင်တန်းချက်ကလေး ထုတ်လိုက်တယ်။

အဖေအမျိုးတွေက အဲသလိုလာပြီးပြောလိမ့်မယ်ဆိုတာကို ကြိုတင် သိနေတာ သူတို့မသိကြဘူး။ လူတွေဟာ ကိုယ်လုပ်တဲ့အလုပ်ကလေး တစ်ခုအပေါ်မှာ ကိုယ့်အမြင်လောက်သာ စဉ်းစားတတ်ကြတယ်။ သူတစ်ပါးတွေက ဘယ်လိုများမြင်ကြမယ်ဆိုတာကို မစဉ်းစားဘူး။

ပန်းချီဆရာကလေးကလည်း နောက်ဆုတ်သွားတယ်လို့ ကျွန်တော် ထင်ပါတယ်။ ဘာပဲဖြစ်ဖြစ်လေ။ ကိုယ့်ဘာသာကိုယ် ကောင်းတယ် ထင်ပြီး လုပ်ကြတဲ့အခါမှာ မြေကြီးအောက်ကို ၁၀ တောင်လောက်

မြုပ်ကျသွားလည်းပဲ ကောင်းတယ်ထင်နေကြတာပါပဲ။

မကောင်းဘူးလို့ထင်ပြီး မလုပ်ဘဲနေကြရင်းက ကောင်းကင်အထက် တာဝတိံသာကို ရောက်နေရင်လည်း ကောင်းတယ်လို့ မထင်ဘူး။ အဲဒါက ပုထုဇဉ်သဘောပဲဆိုပါတော့။

ဒီကိစ္စကလေးမှာ စာဖတ်သူကတော့ ဘယ်လိုများ ထင်မြင်သတုံး။ တကယ်လို့များ အိမ်ထောင်ရေးကိစ္စတစ်ခုကို တည်ဆောက် လုပ်ကိုင်မယ်ဆိုရင် အခုလိုဖြစ်ပျက်တတ်တဲ့ ဆွေမျိုးနယ်လုပုံတွေ၊ ကြားလူတွေ ရှုပ်ပုံတွေ၊ ကာယကံရှင်မိန်းကလေးကိုယ်တိုင်က မိန်းမ မပီသနေတာ တွေကို တွေ့ရင်လည်း ဆင်ခြင်နိုင်ကြပါစေ... လို့ ကျွန်တော်က တတိယ လူတစ်ယောက်အနေနဲ့ ဝင်ရောက်ပြောဆိုလိုက်ပါတယ်။ ။

ရှုမဝ၊ မတ်၊ ၁၉၅၉

❑

## အသည်းကျော်မကလေးအတွက်

သောင်းကျန်းနေသောအချိန်။ ပဲခူးခရိုင်၊ ကွင်းရွာများဖြစ်သော မိုးခိုင်ကြီး၊ မိုးခိုင်ကလေးစသည့်ရွာများ မီးရှို့ခံရသည့်ဒဏ်ကြောင့် ရှေ့လျှောက်ပြီး နေရင်းဇာတိတွင် မနေရဲတော့သဖြင့် ရန်ကုန်သို့ ရှိစုမဲ့စုပစ္စည်းကလေးများ သယ်ပိုးပြီး ပြောင်းရွှေ့နေထိုင်မှုပင် အမှားကြီးမှားသည်။

အစက သည်လိုဖြစ်လာလိမ့်မည်မထင်။

ယခုဖြစ်လာသည်ဟု ကြားရသောကြောင့် ရင်ခုန်လေသည်။

တွေးလေလေ ဟုတ်မှာပဲဟု သံသယဖြစ်လေရှိခဲ့သည်။ ဘုရားလောင်းက သူ့တပည့်အား "မိန်းမပညာ" သင်ပေးလေရာတွင် ဘုရားလောင်း၏မိခင်နှင့် တပည့်အား အလိုစမ်းစေခဲ့ပုံ၊ ဆိတ်ကွယ်ရာ၌ မိန်းမတို့သည် ကာမဂုဏ်၏အလိုကိုလိုက်တတ်၏ ဟူသောပညာရှိစကားကို ကြားမှတ်ခဲ့ရပုံ၊ သည့်နောက် မိန်းမသည် လင်ယောကျ်ား

နှင့်ကင်းကွာက ဖောက်ပြန်တတ်ပုံ၊ ဝတ္ထုနိပါတ်အသွယ်သွယ် စသည် တို့ကို အပြန်အလှန်တွေးတောလေသောအခါ သက်ပြင်းကြီးကို ထုတ် ခဲ့ရ၏။

"အေးမျှင်ရေ... ဒီမှာအလုပ်လုပ်ရတာကလည်း နေ့တွက်မကိုက် ဘူး။ တောပြန်ပြီး စပါးကလေး၊ ငါးပိကလေးများ မိုးတွင်းအတွက် ရှာဦးမှထင်ရဲ့" ဟု ဇနီးထံခွင့်ပန်စဉ်က ကြည်ကြည်လင်လင်နှင့် ခွင့်ပြုလိုက်ပုံမှာ "ဒါကြောင့်ကိုး"ဟု နားလည်လာပြန်၏။

အိပ်ရာပေါ်ပက်လက်လှန်ပြီး ခြင်ထောင်အမိုးကို မမှိတ်မသုန် ကြည့်နေ၏။ ထိုခြင်ထောင်၏အမိုးတွင် ဇနီးသည်၏အရိပ်သည် ပေါ်၍ ပေါ်၍ နေလေသည်။

လူမမည် ကလေးငယ်ကလေး တိုးလိုးတွဲလောင်းနှင့် အသက် ၄၀ ခန့်ရှိ အသားဖြူဖြူ မျက်လုံးမျက်ဖန်ကောင်းကောင်း ကိုယ်လုံး ကိုယ်ပေါက် ထွားထွားကျိုင်းကျိုင်းရှိသော မုဆိုးမလေး မအေးမျှင် ဘဝ၌ရှိသေးသော ဇနီးသည်နှင့်စပါးပွဲစား မောင်အောင်ထွန်းတို့၏ နှောင်းကာလအဖြစ်အပျက်များသည် ခြင်ထောင်၏အမိုးတွင် ထင်၍ ထင်၍နေသည်။

ထိုအခါက မုဆိုးမလေး မအေးမျှင်မှာ လင်ကြီးကွယ်လွန်ပြီး နောက် ကျန်ရစ်ခဲ့သော လယ်၊ကျွဲ၊နွားများဖြင့် မိုးခိုင်ကြီးရွာတစ်ဝိုက် တွင် စန်းပွင့်နေရာ ပွဲစားကိုအောင်ထွန်းမှာ ထိုကျေးရွာများတစ်ဝိုက် တွင် နာမည်ကြီးလူဆိုးဓားပြဗိုလ်ဖြစ်သော ကိုတင့်နှင့် အပြိုင်အဆိုင် အကြိတ်အနယ်ပင် ပိုးပန်းခဲ့ရ၏။ မအေးမျှင်၏တစ်ပတ်နွမ်း အချစ်ပန်း အာအာကလေးသည် ထိုစဉ်သမယ၌ ကိုအောင်ထွန်းထက် ရုပ်ရည်သာ သော ဓားပြဗိုလ်ကိုတင့်ကို ဝတ်ရည်များ ယိုစီး၍ ဝတ်မှုန်များ ပြန့်ကျဲ သွားသယောင်ယောင် သတင်းများထွက်ပေါ်လာပြီးမှ ပွဲစား ကိုအောင်ထွန်း

ထံသို့ ကြွေကျလာခဲ့၏။

အပြိုင်အဆိုင်ပိုးပန်းစဉ်က အတော်ကလေး အနှောင့်အယှက်ပေးသော ဓားပြဗိုလ် ကိုတင့်သည် မိုးခိုင်ကြီးရွာနှင့်မလှမ်းမကမ်းတွင်ရှိသော 'အင်း'၏နံဘေးတွင် စပါးအရောင်းအဝယ်မှ ပြန်လာသောကိုအောင်ထွန်းကို မအေးမျှင်နှင့်ပတ်သက်၍ သူက မည်သို့မျှဆက်လက်ပြီး အနှောင့်အယှက်မပေးတော့ကြောင်း ဝန်ခံသွား၏။ ထိုနေ့မှအစပြုပြီး ကိုတင့်သည် မိုးခိုင်ကြီးရွာမှ အစပျောက်သွားလေသည်။ ထိုအကြောင်းနှင့်ပတ်သက်၍ အချို့ရွာသူရွာသားများက မအေးမျှင်သည် ဖောက်ပြန်တတ်သော အလေ့အကျင့်ရှိသဖြင့် ဓားပြဗိုလ်ကြီးကပင် စွန့်ခွာသွားလေသယောင်ယောင် ပြောဆိုကြ၏။ ကိုအောင်ထွန်းကမူ သူနှင့်မအေးမျှင်တို့၏အချစ်ဇာတ်လမ်းတွင် 'အင်တီသတ္တဘာဂများ'ဟု ထိုရွာသားများကိုတင်စားကာ ထိုစဉ်အခါက ထိုစကားများကိုမယုံမကြည်ရှိလိုက်၏။ မအေးမျှင်၏အပြုံးကလေးများကြားထဲတွင်လေ၏အဖြတ်အသန်းကိုပင် မခံခဲ့ချေ။

ယခုကား ကြား၏။ သတင်းပေးလာ၏။

ဒါကြောင့်မို့ မအေးမျှင်နှင့်သူ ပေါင်းသင်းလာသောနှစ်ကာလများအတွင်း၌ မအေးမျှင်ကို သူပြန်တွေးလေသည်။ ယခု ဒေါ်အေးမျှင်ဟူသော အသက် ၅၅ နှစ်ဘဝသို့တိုင်အောင် ကိုအောင်ထွန်း (ဘကြီးအောင်ထွန်း)က အပြစ်ဟူ၍ စွန်းစမှ မတွေ့ခဲ့ချေ။ ခက်၏။ တိမ်မယောင်နှင့် နက်၏။ အသက်ပေးလျက် ချစ်ထားခဲ့ပြီးသော ဇနီးကသည်ပုံသည်လိုဟု သတင်းကို တောမှကြားသောအခါ တောတွင်ဆက်လက်ပြီး နေထိုင်ရှာဖွေရန် ကိုအောင်ထွန်း မစဉ်းစားတော့ချေ။

* * *

မှောင်နေလေသည်။

ဓာတ်မီးတိုင်များ မရှိသဖြင့် အမှောင်ပေါ်က အမည်းက လွှမ်းခြုံနေ၏။ သည်မျှမက ကွက်သစ်ဖြစ်သဖြင့်လည်းကောင်း၊ ည ၁၂ နာရီခန့်ရှိသဖြင့်လည်းကောင်း၊ လဆုတ်ရက်ဖြစ်သဖြင့်လည်းကောင်း အမှောင်နှင့်အမည်းကို နက်သည်ထက်နက်သည့် အနက်ရောင်က စိုးမိုးထားလေရာ ရည်မှန်းချက် အောင်မြင်ရပေမည်။

မိုးသက်လေကလေးများက ဝှေ့ယမ်းနေရာ အခါကာလအားလျော်စွာ အေးစိမ့်စိမ့်ရှိလှပေသည်။

ချွေးစိမ့်စိမ့်ရှိသော နဖူးပြင်တစ်လျှောက်မှာ တွန့်လျက်အကြောင်းကြီးများ ထင်နေ၏။ ခြေတစ်လှမ်း၊ တစ်လှမ်း၊ နောက်တစ်လှမ်း...။

သည်လိုနှင့် အိမ်နှင့် နီး၍နီး၍လာ၏။ ကပ်၍ကပ်၍ လာ၏။ ရင်သည် တဒိတ်ဒိတ်ဖြစ်နေ၏။ သူတို့ 'ကြာခြည်သံ'ပေးနေသည်ကိုတွေ့လျှင်ဟု ဇောက ဇောနေ၏။

တဲအိမ်၏အတွင်းမှ ခိ–ခိ–ခိနှင့် ရယ်သံများ ထွက်ပေါ်လာမည်လား။

စက္ကူအာရုံသည် တဲဆီသို့ ရောက်နေသကဲ့သို့ သောတအာရုံသည် တဲဆီသို့ တစွင့်စွင့်ရှိနေသည်။ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်းတွင် မြေကြီးကိုနင်းမိပါလေစဟု သံသယဖြစ်လောက်အောင် ပေါ့ပါးစွာ ဖော့ဖော့ကလေး နင်းလာသည်။

အိုင်.. အိုင်...။

ဘကြီးထွန်းအောင်သည် ကပျာကယာခုန်မိလေသည်။ ရှေ့လောကြီးသောဇောကြောင့် အိပ်နေသောခွေးကိုပင် မမြင်မိ။ ခွေးသည် လန့်ကာအော်ပြီးနောက် ခပ်လှမ်းလှမ်းမှ ဘကြီးအောင်ကိုကြည့်ကာ တဝုတ်ဝုတ်နှင့်ဟောင်၏။

ကျားဘို... ကျားဘို..။

ဘကြီးသည် တိုးတိုးကလေးခေါ်၏။ ထိုနောက် ကျွတ်.. ကျွတ် ဟု စုတ်သပ်၏။ ကျားဘိုသည် ဘကြီးကို ဘကြီးမှန်းသိသောအခါ သူ့အိမ်သားဟု နားလည်၍ အမြီးကလေးလှုပ်ရင်း ဘကြီးနားကပ် လာလေသည်။

ဘကြီးသည် တဒိတ်ဒိတ်ခုန်နေသောရင်ကို ဖိထားသောလက် များနှင့် ကျားဘို၏ကျောကို သပ်ပေး၏။ ထိုနောက် အိမ်၏ခေါင်း ရင်းဘက်ဆီသို့ကပ်လျက် ဝင်သွားပြီးနောက် မတ်မတ်ကြီးရပ်ကာ နားစွင့် လေသည်။

တိတ်ဆိတ်လှသော ညလယ်၏သဘာဝဝယ် အမှောင်၏အတွင်းမှ ဘကြီးသည် အိမ်ပေါ်မှ အိမ်မြှောင်စုတ်ထိုးသံကို ကျယ်ကျယ်ကြီး ကြားရ လေသည်။ ဝါးကြမ်းခင်းမှ တကျွတ်ကျွတ်နှင့်မြည်သံကား တစ်ခါတစ်ရံ ပေါ်ပေါက်လာ၏။ လူ၏အသံဗလံကိုကား နည်းနည်းမျှ မကြား။

ထို့ကြောင့် ဘကြီးမှာ အကြံရကျပ်နေလေသည်။ လက်ဆုပ်လက် ကိုင် သိချင်တွေ့ချင်လှသဖြင့် ညနေကတည်းက ရန်ကုန်ရောက်လာ သော်လည်း အခြားအသိအိမ်တွင် အချိန်ဖြုန်းကာ ယခုမှ တကူးတကန့် လာခဲ့၏။ လာခဲ့ကျိုးမနပ်သလိုဖြစ်တော့မည်လားဟု တွေးလေသည်။

ကျားဘိုသည် ဘကြီးအောင်နားသို့ လာရပ်၏။ ဘကြီးကို မော် ကြည့်၏။ ထိုနောက် အမြီးကလေးနန့်ကာ အီ.. အီ.. အီ.. အီ..နှင့် မျက်နှာချိုသွေးလာသည်။ ဘကြီးသည် ကျားဘိုကို ကန်ပစ်လိုက်ချင်၏။ သည်အချိန်မှာ ဒေါ်အေးမျှင်နှင့် ကိုဖိုးထူးတို့ ကျားဘိုကြောင့် သူလာမှန်း သိလျှင် ခွကျကုန်မည်ဟု တွေးလေသည်။ ရေမြောင်းကလေးကို အသာ ကျော်ကာ အိမ်ခေါင်းရင်းထရံအနီးမှ ခွာခဲ့၏။ ကျားဘိုက သူ့နောက်မှ လိုက်လာ၏။

ထိုအတွင်း ဂျွမ်း.. ဂလွမ်း...နှင့် အိမ်ပေါ်မှအသံတစ်ခုထွက်ပေါ်လာသည်။ ထိုအသံနောက် မရှေးမနှောင်းမှာပင် ရှဲခနဲ မီးခြစ်ခြစ်သံ၊ ဟဲ.. ပူစီဟူသော ဒေါ်အေးမြှင်အသံတို့ကို ဆက်တိုက်ကြားရ၏။

ဒေါ်အေးမြှင် နိုးလေပြီ။

အိမ်ပေါ်မှ မီးလင်းလာသည်နှင့်တစ်ပြိုင်နက် ကျားဘိုသည် အိမ်ပေါ်သို့ အပြေးအလွှား တက်သွား၏။ တံခါးမပိတ်ဘဲ ဟာလာဟင်းလင်းဖွင့်ထားသဖြင့် အိမ်ပေါ်မှမီးရောင်သည် အိမ်ရှေ့လမ်းမဆီသို့ 'ဟပ်' လာလေသည်။ ဘကြီးကား သူ့ကို ဒေါ်အေးမြှင်မမြင်စေရန် အနီးရှိရေတိုင်ကီပုံးကြီးဘေးတွင် ဆောင့်ကြောင့်ထိုင်ချလိုက်လေသည်။

ဒေါ်အေးမြှင်သည် မီးခွက်ကိုကိုင်ကာ အိပ်ခန်းမှထွက်လာ၏။ သည့်နောက် အိမ်ရှေ့ဧည့်ခန်းတွင် စစ်ခြင်ထောင်ကလေးနှင့်အိပ်နေသော ကိုဖိုးထူးကို လှမ်းကြည့်လေသည်။ ပြီးသောအခါ နောက်ဖေးမီးဖိုချောင်ဘက်တွင် ပူစီလှန်လှောသွားသော အိုးခွက်ပန်းကန်များကို သိမ်းဆည်းလေသည်။ သို့သိမ်းဆည်းနေဆဲတွင် ကျားဘိုသည် ဒေါ်အေးမြှင်အနီးသို့ လာရပ်၏။

အမြီးကလေးနန့်ကာ အီ.. အီ.. နှင့်မြည်ကာ အိမ်၏အောက်ဘက်သို့ ငုံ့၍ငုံ့၍ကြည့်လေသည်။

"ဟဲ့.. ကျားဘို၊ နင်ဘာဖြစ်နေသလဲ"

ကျားဘိုကို မြည်တွန်တောက်တီးပြီးနောက် ဒေါ်အေးမြှင်သည် အိမ်သာသို့ဝင်ကာ အပေါ့သွားလေသည်။ ထိုအချိန်မှာပင် အိမ်အောက်ဘက်ဆီမှ တစ်ခုနှင့်တစ်ခု ဆင့်ထားသောအမှိုက်ခြင်းတောင်းများ လဲကျသံကြားရသည်။

အချိန်မဲ့၊ အခါမဲ့ဖြစ်သဖြင့် ဒေါ်အေးမြှင်သည် သူခိုးများလားဟု စိတ်ဇဝေဇဝါဖြစ်လေသည်။ ကွက်သစ်တွင်နေ၍ မချမ်းသာသော သူ

တို့လိုအိမ်မျိုးများကို သူခိုးက ကပ်မည်မဟုတ်ဟု သံသယဒွိဟကို ဖြေဖျောက်၏။ မကြာသေးမီက ခေါင်းရင်းအိမ်မှ အိမ်အပြင်တွင် လှမ်းထားသော ရေလဲထဘီနှစ်ထည် ပျောက်သွားဖူးကြောင်းကို သတိရလိုက်ရာတွင်ကား ဒွိဟစိတ်သည် ပြန်၍ပေါ်လာလေသည်။

သို့အတွက် အဟမ်း.. အဟမ်း.. ဟု ချောင်းသံပေးလေသည်။ ထိုနောက် ကျားဘို.. ကျားဘို...ဟုခေါ်လေသည်။ ကျားဘိုကား အိမ်အောက်မှနေ၍ အီအီ.. အီအီ.. ဟုညည်းတွားကား ဒေါ်အေးမျှင် ခေါ်လိုက်သံကို ပြန်လည်ခွန်းတုံ့၏။

ကျားဘို အိမ်အောက်တွင်ရှိသည့်အတွက် သူခိုးအတွက် ဘာမျှ စိတ်ပူစရာမလိုဟု ဒေါ်အေးမျှင်သည်တွေးကာ အိမ်ရှေ့ဘက်ဆီသို့ အထွက် ရိပ်ခနဲဖြင့် လမ်းမဆီမှ လူတစ်ယောက်လျှောက်သွားသလို တွေ့လေသည်။ ရိုးရိုးလမ်းလျှောက်မည့် အချိန်အခါလည်းမဟုတ်သဖြင့် အသာမျက်မှောင်ကြုတ်ကာ မီးခွက်ကိုမြှောက်လျက် အပြင်ဘက်ဆီသို့ မျှော်၍ကြည့်လေသည်။

ဘာမျှမတွေ့။

စိတ်ထင်လို့ ထင်ပါရဲ့လေ.. ဟုဒေါ်အေးမျှင်သည် တွေးကာ တံခါးဝဆီမှလှည့်၍ အိပ်ခန်းတွင်းဝင်မည်ပြုလေသည်။ သို့အိပ်ခန်းဆီသို့အဝင်တွင် ကိုဖိုးထူး နိုးလာလေသည်။

"ဘာလဲ.. ကြီးကြီး.."

"ဘာမှမဟုတ်ပါဘူးကွယ့်၊ အိမ်ရှေ့မှာ လူရိပ်လိုလိုတွေ့လို့"

"ဟာ.. မဟုတ်တာ.."

"ဟုတ်တယ်ကွယ့်၊ ဒါထက် မောင်ဖိုးထူး၊ မော်တော်ကားရောင်းထားတဲ့ငွေတွေ ဘယ်မှာထားသလဲ"

"ကျွန်တော် တခြားမှာထားတယ် ကြီးကြီး၊ ကျွန်တော့်ဆီမှာ ၅ဝ

ပဲရှိတယ်။ ကြီးကြီးယူထားလေ"

ဖိုးထူးသည် ခြင်ထောင်ကိုမ,ပြီး အပြင်သို့ထွက်လေသည်။ ထို နောက် ကြီးကြီးအေးမျှင်အား ငွေ ၅ဝိ ထုပ်ထားသော စက္ကူထုပ် ကို ပေးလေသည်။ ကိုင်ထားသောမီးခွက်သည် ဖျတ်ခနဲငြိမ်းသွား၏။ ကြီးကြီးက ၎င်းနေရာအခန်းတွင်းဆီသို့ စမ်းပြီးဝင်သွားရာ ဝါးကြမ်းပြင်တွင် ခြေနင်းသံ ကျိုးကျိုးကျီကျီသည် ပေါ်လာ၏။ ကိုဖိုးထူးက ချောင်းဟန့်၏။

သည်အဖြစ်များကို မှုမှန်အတိုင်း မတွေ့ရသော ဘကြီးအောင်ထွန်း သည် အမှောင်ထဲ၌ မျက်မှောင်ကြုတ်နေ၏။ မတုန်မလှုပ် ရပ်နေ၏။ ကိုဖိုးထူးသည် တောင်ငူမှ ရေနံဆီဒီဇယ်(မက်)အမျိုးအစား ကုန်တင်ဆယ်ဘီးကားတစ်စီးနှင့် ရန်ကုန်တွင် သောင်တင်နေသူဖြစ်၏။ သောင်းကျန်းမှုဒဏ်ကြောင့် အဆက်အသွယ်အားလုံးပြတ်ပြီး အဝေးပြေး၊ အနီးပြေး ဘယ်လိုမှမပြေးရသောဘဝတွင် မက်ဒီဇယ် ကားကြီးကို လမ်းဘေးဆိုက်ထားကာ ကားဘီးများကို ဖြုတ်ပြီးရောင်း ချလျက် ထိုင်စားနေ၏။ ထိုမှတစ်ဆင့် ကားကြီးကို သုံးထောင်သော အသပြာနှင့် အရှုံးခံရောင်းချလိုက်ကာ ဤကွက်သစ်ရှိ ဘကြီးအောင် ထွန်းနှင့် အကြီးအေးမျှင်တို့ထံ ထမင်းလခပေးစားရင်း ငြိမ်းချမ်းရေး ကို မျှော်လင့်နေသူဖြစ်သည်။ သူ့လက်ထဲတွင် ငွေတွေရှိလေသည်။ လူတို့၏သည်းခြေကြိုက် အသပြာတွေ ရှိလေသည်။

သည်အသပြာများနှင့် သည်ကိုဖိုးထူးသည် ဘကြီး၏မိန်းမ အကြီး အေးမျှင်ကို ထဘီများ ဝယ်ပေးသည်ဟု ဘကြီးက ရွာမှကြားရလေ သည်။ သည်မျှမက ဘကြီးရွာသို့ အရှာအဖွေသွားချိန်တွင် တစ်လ ခန့် အကြီးကို ကျွေးမွေးနေသည်။ သည်လိုဆိုလျှင် သည်ကားသမား ဖိုးထူးသည် ကားသမားတို့ထုံးစံအတိုင်း သစ္စာစောင့်သိနိုင်ပါမည်

လော။

ဘကြီးသည် အိမ်မှာရှိကတည်းက အကြီးအေးမျှင်သည် ကိုဖိုးထူးကို အတော်ပဲ ဂရုစိုက်သည်။ ဖော်ရွေသည်ကို ဘကြီးအသိ။

ခု.. ဘကြီးမျက်မှောက်တွင် အကြီးကို ကိုဖိုးထူးက သူပိုင်ငွေများ အပ်နှင်းသည်။ သည်အချိန်မှာပင် မီးခွက်ကငြိမ်းသွား၍ ကျိုးကျိုးကျွိကျွိနှင့် ကြမ်းပြင်က မြည်ဟည်းသဟော။

မဖြစ်ချေပြီ။

ဇောက်စင်စစ် မှန်ပြီ။ မလွဲမသွေ ဟုတ်ပြီ။

မဖောက်မပြန် ထင်ရှားပြီ။

သို့ဖြစ်လျှင် ဘကြီး ဘာလုပ်ရမည်နည်း။

ဘကြီးသည် အသာကလေးနှင့် အိမ်ဆီသို့ ကပ်ပြန်လေသည်။ ကိုဖိုးထူးအိပ်နေသော နေရာခေါင်းရင်းဘက်ဆီတွင် ရပ်ရပြန်၏။ မယားဟူသည် သေလွန်ပြီးသောအခါမှ အကောင်းအဆိုးကို ဝေဖန်နိုင်စွမ်းရှိ၏။ မသေလွန်မီကာလ၌ အကောင်းကိုလည်းကောင်း၊ အဆိုးကိုလည်းကောင်း ကြိုတင်၍ဆုံးဖြတ်ခြင်းငှာ မတတ်နိုင်ဟူသောစကားသည် မှန်လေ၏တကားဟု ဘကြီးအောင်ထွန်းသည် စဉ်းစားမိ၏။

"ဟော့.. ဖိုးထူး"

"ဟော့.. ဖိုးထူး"

"ဟော့.. ဖိုးထူး"

ဆက်ကာဆက်ကာ တိုးတိုး တိုးတိုးနှင့်ခေါ်၏။ ခေါ်၍မရသောအခါ အသံသည် ကျယ်လျက် ကျယ်လျက်လာလေသည်။

"ဗျာ.. ဘယ်သူလဲ"

"ဟဲ့.. ဖိုးထူး၊ ဘယ်သူလဲ"

အသံနှစ်ခုစလုံး ပေါ်လာ၏။ ဇောဇောနေသဖြင့် အသံကျယ်

သွားသည်ကို သတိမပြုမိသော ဘကြီးအောင်ထွန်းသည် ရုတ်တရက် မျက်လုံးပြူးသွားလေသည်။ အေးမျှင် နိုးလာပြီ။ သူ့ကို ဘယ်လိုများ မျက်နှာချင်းဆိုင်ရပ့ါဟု ဘကြီးတွေး၏။ မီးခြစ်ကို ရှဲခနဲခြစ်လိုက်သော ကိုဖိုးထူးက ဘကြီးကို ထရံမှကျော်၍ မြင်ရသောအခါ အံ့အားသင့်စွာနှင့် "ဟင်.. ဘကြီး" ဟုမြည်တမ်းလိုက်၏။ မရှေးမနှောင်းဆိုသလို "အကြီး ရေ.. ဘကြီး၊ ဘကြီး"ဟု ကိုဖိုးထူးက အားရဝမ်းသာ ပြောလိုက်၏။ ဘကြီး မူလကစီစဉ်ထားသည်မှာ သည်စီမံကိန်းမျိုးမဟုတ်။ ကိုဖိုးထူး ကို တိုးတိုးကလေးနှင့် အကြီး မနိုးအောင်ခေါ်၍ "မင်းနဲ့ငါ့မိန်းမကို ငါမသက်သာဘူးကွ" ဟုပြောပြ လိုက်ရန်ဖြစ်၏။ ကိုဖိုးထူးက စောဒက တက်လျှင် စောစောကရောက်ရှိကာ တွေ့မြင်ကြားသိရသမျှကို ဖွင့်ချမည် ဖြစ်လေသည်။ ထိုအခါ ဘာမျှပြန်မပြောနိုင်တော့မည့် ငဖိုးထူး လူယုတ်မာ ကြာခိုငနဲ လောကကုမ္ဘီ ငရဲသွား၊ မျောက်မသား ခွေးကောင် ရှူးကြောင် ကြောင် မောင်တဏှာကို ပြောင်ပြောင်သာ ပါးချိတ်ရိုးမှာ ပိတ်ထိုးလိုက် မည်ဖြစ်၏။

ယခုကား အကြီးသည် အပြင်ခန်းဘက်သို့ ထွက်လာသည်။ "ကိုအောင်ထွန်း အချိန်မတော်ကြီးမှ ရောက်လာသလားတော်.."ဟု ဘကြီးကို မတွေ့သေးဘဲ ပြောဆိုအပြစ်တင်လေသည်။

ဘကြီးက ဘာပြန်ပြောရမည် ရုတ်တရက်မသိ။ အိမ်ရှေ့ရေ မြောင်းကို ခွထားသော ရေတိုင်ကီမှရေကိုခပ်ကာ ခြေထောက်ကို ဆေးသည်။ အကြီးက တံခါးဝမှာရပ်ပြီး တောမှဆွေမျိုးသားချင်းများ အကြောင်းကို မေးသည်။ ရပ်ရွာအခြေအနေကို မေးသည်။ ဘကြီးက အလိုက်အထိုက်ဖြေ၏။ စိတ်မဝင်စား။

ကိုဖိုးထူးကလည်း ဘကြီးကို သတိရကြောင်း၊ အကြီးကပင် ဘကြီး နောက်လိုက်တော့မည့်အကြောင်း ဟာသဆန်ဆန် ပြောပြ၏။ ဘကြီး

ကား "ခွေးမသား နင်တို့အကြောင်းတွေ ငါမသိဘူး မှတ်သလားကွ"ဟု အစာအိမ်ထဲမှနေ၍ ကြိမ်းလေသည်။

အိပ်ရာထဲသို့ ရောက်သောအခါ မီးခွက်ရောင်၏အောက်၌ သနပ်ဖက်ဆေးပေါ့လိပ်ကြီးကို ထိုင်ဖွာနေသော အကြီးအေးမျှင်၏ခန္ဓာကိုယ်တစ်ခုလုံးကို ဘကြီးက အကဲခတ်လေသည်။ ရင့်ရော်ရာဘက်သို့ ယိမ်းယိုင်နေသော အကြီး၏ရုပါသည် သူဇာယောင်လွှမ်းလာသလိုလို။

ရှေ့သွားနှစ်ချောင်းကျိုးနေသော ပါးစပ်တွင်းမှ ဆေးငွေ့များကို မှုတ်ထုတ်ပြီး အကြီးက ပက်လက်ဆန့်အိပ်နေသော ဘကြီးအား ..

"ဘယ့်နှယ်လဲ.. တောကအလုပ်တွေ" ဟုမေးသည်ကို ဘကြီးသည် ဘာမျှပြန်မဖြေဘဲ အကြီးကိုသာ တွေတွေကြီး စိုက်ကြည့်နေလေသည်။

ရယ်ရမှာအခက်၊ ငိုရမှာအခက်။

ငိုအားထက် ရယ်အားက ထွားကျိုင်းနေသဖြင့် စိတ်ရှိလက်ရှိအားရပါးရရယ်လိုက်ရလျှင် အဆင်ပြေမည်လား အောက်မေ့မိ၏။ ရစ်သိုင်းနေသော ဦးထွန်းအောင်၏လည်ပင်းမှ မျက်နှာသုတ်ပဝါကိုကြည့်ပြီး တစ်ဆို့နေသော အမည်မဖော်နိုင်သော အလုံးကြီးကို ဝှိခနဲနေအောင်ပင် မျိုချမိသည်။

ပြီးတော့မှ တစ်ဖန် "ကျွန်တော့်ကို ဦးလေးက ဒီလိုပဲထင်လို့လား" ဟု အသံတုန်တုန်နှင့် မေးလိုက်သည်ကို ဦးထွန်းအောင်က အတွင်းသို့ ဟောက်ပက်ကြီးဝင်နေသော မျက်လုံးပြူးကြီးများနှင့် ပြူးတူးပြဲတဲကြည့်ကာ သူ၏ဆံပင်ဖြူငုတ်တိုကလေးတွေ ထောင်နေသော ဦးပြည်းကို အကြောပြိုင်းပြိုင်းထနေသော လက်ချောင်းများနှင့် ပွတ်သပ်လိုက်ပြီးနောက်..

"မင့်အမေ.. ဘာထင်လို့လားလဲ၊ ဘာထင်လို့လားလဲ" ဟု တိုးတိုးကလေးအော်လေသည်။ ဖိုးထူးကား ထိုအခါတွင် နှုတ်ပိတ်သွားပြီး တုဏှိဘာဝေဖြစ်သွားရလေသည်။ မျက်လုံးအစုံတွင် မျက်ရည်များ ရစ်ဝဲလာကာ အဝေးသို့ငေးလိုက်၏။ ဦးထွန်းအောင်ကား ဆန့်တင့်ငံ့နှင့် မျှိသိပ်ထားရသော ဇဝေဇဝါဒွိဟကို ဖွင့်ချလိုက်ရသဖြင့် အနည်းငယ်ပေါ့သွားသလို မျက်မှောင်ကြီးကြုတ်ပြီး ထိုင်ရာမှ ထသွားသည်။

တစ်ယောက်တည်း ကျန်ရစ်ခဲ့သော ဖိုးထူးကား တွေးနေလေသည်၊ ငေးနေလေသည်။ ပတ်ဝန်းကျင်မှအိမ်များက ဤဦးထွန်းအောင် စွပ်စွဲသောအဖြစ်ကိုသိလျှင် (ဟုတ်ဟုတ်၊ မဟုတ်ဟုတ်) သူ့ကို ကဲ့ရဲ့စကားတင်းဆိုကြတော့မည်။ ဟင်.. ဖြစ်ရလေ ဖိုးထူး။ အပျိုကလေးတွေ၊ ရွယ်တူတန်းတူတွေ ရှားသမို့လားဟု နှာခေါင်းရှုံ့ကြတော့မည်။

ဘယ်နေရာ၊ ဘယ်အချက်တွေများ မသင်္ကာစရာဖြစ်နေပါလိမ့်။ မျက်တောင်ပင် မခတ်နိုင်အောင် ဦးနှောက်ကို အလုပ်ပေးသော်လည်း ရေးရေးမထင်။

နောက်ဖေးမီးဖိုချောင်ဘက်မှ ထမင်းချက်နေရာက ထွက်လာသော ဒေါ်အေးမှျင်သည် ဝါးထရံတွင် တွယ်ချိတ်ထားသော လုံခြည်စုတ်သုတ်ပဝါတွင် လက်နှစ်ဖက်ကိုသုတ်ကာ ကိုဖိုးထူးကို ကြည့်လေသည်။

"ဟဲ့.. ဖိုးထူး၊ ထမင်းစားတော့မလား၊ အားလုံးကျက်နေပြီ"

ကိုဖိုးထူးသည် စကားမပြန်နိုင်ချေ။

အမှတ်တမဲ့ပင် မီးဖိုဘက်ပြန်ဝင်သွားပြီးမှ သတိရသလို ကပျာကယာပြန်ထွက်လာသော ဒေါ်အေးမှျင်သည် ပါးစပ်တွင် ဝါးထားသော ကွမ်းကို ထွေးထုတ်ပြီးနောက် ကိုဖိုးထူးနားတွင် ဆောင့်ကြောင့်သွား

ထိုင်၏။

"နင့်ဦးလေး ဘယ်သွားသလဲ"

"မသိဘူးဒေါ်ကြီး၊ ခုပဲ အောက်ဆင်းသွားတယ်"

ဒေါ်အေးမျှင်သည် ကိုဖိုးထူးကို အကဲခတ်မိဟန်ရှိပေသည်။ ပါးရေတွန့်၍ အိုရှုံနေသောမျက်နှာ ပိုမိုအိုသွားပြီးနောက်...

"ဟဲ့.. ဖိုးထူး နင်ဘာဖြစ်နေတာလဲ"

ကိုဖိုးထူးသည် ဒေါ်အေးမျှင်၏ထိုအမေးကြောင့် အတော်စိတ်ထိခိုက်သွားသည်ထင်၏။ နဂိုကရစ်ဝဲလုစ မျက်ရည်တို့သည် နီထွေးနေသော မျက်လုံးအစုံမှ နက်ကျောမည်းမှောင်သော အသားအရောင်ကိုဆောင်သည့် ပါးပြင်ပေါ်သို့ တလိမ့်လိမ့် ကျဆင်းလာ၏။ ယောကျ်ားတန်မဲ့ ငို၏။

ထိုကိုဖိုးထူး၏မျက်ရည်ကို ဒေါ်အေးမျှင်သည် နားလည်သွားပေပြီ။ ချက်ချင်းဆိုသလို "ဒီလူ့တိရစ္ဆာန်ကြီး ဘယ်သွားသလဲဟင်။ ငါ့ပြောစမ်း၊ ပြောစမ်း.."ဟု ခပ်ကျယ်ကျယ် ပြောလေသည်။ ကိုဖိုးထူးသည် ရုတ်ခြည်းပင် ဒေါ်အေးမျှင်ကို လှည့်ကြည့်၏။ မျက်တောင်ကို တဖျတ်ဖျတ် ခတ်လိုက်ပြီးနောက်...

တိုးတိုးပြောပါ၊ ဒေါ်ကြီးရယ်။ လူတွေကြားရင် ရှက်စရာကြီး။ ဒေါ်ကြီးလည်း သိတဲ့အတိုင်းပဲ၊ ကျွန်တော် ဒေါ်ကြီးကို မိဘလို သဘောထားပြီး ကြည့်ရှုခဲ့တာ ဒေါ်ကြီး..၊ ခုတော့ ဦးလေးက...."

ကိုဖိုးထူးစကားကို အဆုံးထိအောင် မပြောရဲသဖြင့် ရပ်နေလိုက်ရာ ကိုဖိုးထူး၏မပေါ်လာသေးသော စကားများကို ဒေါ်အေးမျှင် နားလည်သွားလေပြီ။

"နင်ဟာ ငါ့သားကလေးလောက် ရှိပါသေးတယ် ဖိုးထူးရယ်၊ ငါ့သားကလေးလောက် ရှိပါသေးတယ်။ တောက်.. ဒီကောင်ကြီး ဖြစ်ပုံကို

ငါတော့ မပြောချင်တော့ပါဘူးကွယ့်၊ မပြောချင်တော့ဘူး"

ဒေါ်အေးမျှင်သည် ရက်သွေးဖြန်းကာ မျက်နှာသည်လည်း ထူအမ်းအမ်းဖြစ်နေ၏။ သွားမရှိတော့သော ပါးစပ်ကို တလှုပ်လှုပ်နှင့် ဖွင့်ပိတ်နေရသဖြင့် မောဓ၏။ သည့်ထက် အသက်အရွယ်ကြီးရင့် သည့်အထဲ ဒေါသစိတ်ကို ချုပ်တည်းထားရသဖြင့် ပိုပြီးအသက်ရှူ ကျပ်နေ၏။

"ရှိကြီးခိုးပါရဲ့ ကိုအောင်ထွန်းရယ်...၊ ရှင် ဒီလိုမပြောပါနဲ့။ ကောင်လေးတွေ ကြားသွားရင် စိတ်မကောင်းဖြစ်နေဦးမယ်။ ရှင့် မယားအေးမျှင်လို ရွတ်တွကြီးကို ဒီကောင်လေးက ဒီလိုလုပ်မလား။ ရှင်စဉ်းစားနိုင်တယ်။ ရှင်ပညာရှိတယ် မဟုတ်လား။ ဘုန်းကြီးတောင် လုပ်ခဲ့သေးတယ် ဟင်..."

"အေး.. ငါ ပညာရှိလို့ခက်တာပေါ့ အေးမျှင်ရယ်။ နင့်ကို ငါ ဘယ်လောက်ချစ်တယ်ဆိုတာ နင်သိတယ်မဟုတ်လား။ ခု သူများ တွေက ဒီလိုပြောနေတာ ငါမကြားချင်ဘူး။ မဟုတ်ရင် မကျော်ဘူး ကွယ့်"

"ဒီကောင် အိမ်ပေါ်မှာနေတာ ငါမကြည့်ချင်ဘူး"

"အို.. ဒါကတော့ မကြည့်ချင်ရင် ကောင်းအောင်ကြည့်ပြော လိုက်၊ ရှင့်ဟာက အရှက်မရှိ အရှက်ရာပြီးပြောတော့ ကျုပ်မခံနိုင် ဘူး"

"မခံနိုင်တာ ဟုတ်လို့ပေါ့ကွယ်"

"ရှင်... ဒီလိုမပြောနဲ့နော်"

ဒေါ်အေးမျှင်သည် ဦးထွန်းအောင်၏ရင်ခွင်ကို တဗုန်းဗုန်း ထုလေ သည်။ ဦးထွန်းအောင်သည် ဒေါ်အေးမျှင်၏ လက်နှစ်ဖက်ကိုဆွဲပြီး ရင်ခွင်တွင် သိမ်းပိုက်ထားရာက ပါးကလေးချိုင့်ချိုင့်၊ နားထင်ကလေး

ကျကျ၊ ကေသာကလေး ဖြူဖြူနှင့် ဒေါ်အေးမျှင်ကို စူးစိုက်ကြည့်ပြီးနောက် မချင့်မရဲဖြစ်နေ၏။

ကာမဂုဏ်စိတ်သည် ဖွဲတစ်ဆုပ်ကို မွဲမွဲကလေးကိုင်နိုင်သည်အထိ ကျယ်ပြန့်သည်ဆိုရာ ရေတစ်ထမ်းကိုပင် ကျကျနနကြီး ထမ်းပိုးနိုင်သေးသော အသက် ၆၀ ကျော် ဦးထွန်းအောင်အဖို့ကား ပြောစရာမရှိတော့ပေ။ ဟုတ်ပေသည်။ ယခု ဦးထွန်းအောင်သည် ကာမဂယက် ရိုက်နေပြီ။

"ဒီလိုပြောတာ ငါတစ်ယောက်တည်းမှ မဟုတ်ဘဲ အေးမျှင်ရဲ့"

ဒေါ်အေးမျှင်သည် မျက်ရည်များ တွေတွေကျဆင်းနေရာက မျက်နှာချင်းဆိုင် အိပ်နေသည်ကို အလိုမရှိသလို ကျောခိုင်းလိုက်၏။ ထိုအခါ ဦးထွန်းအောင်သည် ဒေါ်အေးမျှင်၏နောက်ကျောဆီသို့ ကပ်သွားပြီးနောက် "သူများတွေလည်း ပြောနေကြတယ်.."ဟု စကားကို ဆက်ပြန်၏။

"သူများတွေပြောတိုင်း တော်က ယုံရအောင် တော့်မှာ စဉ်းစားနိုင်တဲ့ စိတ်မရှိဘူးလား။ တော်ရှင်.. တော်.. တော်.."

စိတ်ညစ်၏။ မဟုတ်ပါဟု ဘူးခံသော်လည်း မရ။ ညဉ်း ၉ နာရီ အိပ်ရာဝင်ကတည်းက တတွတ်တွတ်နှင့် သည်ကိုဖိုးထူးနှင့် ရပ်ရွာက သမုတ်လိုက်သောအကြောင်းများကိုသာ ပြောပေသည်။

အပြင်ဧည့်ခန်းတွင် အိပ်နေသော ကိုဖိုးထူးကား အချိန်မတော် ပြန်ရောက်လာပြီး နောက်တစ်ည နောက်တစ်ညများတွင် အိပ်ခန်းတွင်လည်းကောင်း၊ အခြားမျက်ကွယ်တစ်နေရာတွင်လည်းကောင်း လင်မယားနှစ်ယောက် မျက်နှာချင်းဆိုင်လိုက်တိုင်း တတွတ်တွတ် 'ရိ'နေပုံကို တွေ့မြင်ရသောအခါ ဘကြီးနှင့်အကြီးတို့ ငယ်မူပြန်နေကြသလားဟု ထင်လိုက်မိလေသည်။ ဟုတ်ပေသည်။ ဘကြီးနှင့် အကြီးတို့သည် ရိုးရိုးငယ်မူပြန်နေသည်မဟုတ်ဘဲ ကာမကိစ္စနှင့် ငယ်မူ

ပြန်နေသည်ကိုကား ကိုဖိုးထူး မသိ။

အေးပါလေ၊ ရိုးရိုးနှင့် အပြစ်ကင်းစွာ အကြီးအေးမျှင်ကို အမေလိုသဘောထားကာ ဘကြီးထွန်းအောင်မရှိစဉ် စောင့်ရှောက်ကျွေးမွေးခဲ့သည်ကို ဖိုးထူးက အခြား 'နသားပါယား'သောအထင်များကို မထင်မြင်နိုင်ပါ။

အကြီးသည် ညစဉ်ပင် ဖျောင်းဖျခဲ့ရပြီဖြစ်သဖြင့် အကျိုးအကြောင်းလိမ့်ပတ်လည်အောင် ပြောဆိုခဲ့ရပြီဖြစ်သဖြင့် သည့်ထက်ပိုပြီး မစွမ်းနိုင်တော့ပါ။ ဘကြီးကမူ အကြီးကငြင်းကွယ်လေတိုင်း သံသယကြီးထွားပြီး ကိုဖိုးထူးအား မျက်မုန်းကျိုးလာသည်။

သူ့ဘာသာသူ တွေးနေငေးနေသော ကိုဖိုးထူးကို သူက သူ့ကိုအန္တရာယ်ပြုဖို့ စဉ်းစားနေသည်ထင်မှတ်၏။ နောက် သာမန်ရယ်စရာတစ်ခုကြောင့် ကိုဖိုးထူးနှင့် အကြီးတို့ ရယ်မောကြသည်ကိုပင် 'သူ့ရှေ့မှာတောင် မျက်နှာပြောင်တိုက်ကြသည်'ထင်၏။

ယနေ့တွင်ကား ဘကြီး၏'အုံ့ပုန်းမျိုသိပ်မှု' ပေါက်ကွဲသောနေ့ဖြစ်၏။ ဘကြီးက ကိုဖိုးထူးကို ဒေါသသံကလေးပါပါနှင့် ဖွင့်ပြောလိုက်ပြီဖြစ်ရာ ဘကြီးနှင့် အကြီးတို့ လွန်ခဲ့သည့်နှစ်ရက်က တိုးတိုးတိုးတိုးနှင့် 'ရိ'နေပုံကို ပြန်လည်ထင်ယောင်လာသည်။

အကြီးသည် ကိုဖိုးထူးအနီးမှ ထသွားပြီး အခန်းတွင်းသို့ဝင်လေသည်။ တရှုံ့ရှုံ့နှင့် ရှိုက်ကြီးတငင် ငိုကြွေးလေသည်။ ဘုရားပေးပေး ကျမ်းပေးပေး၊ မဟုတ်ပါဟု အကြိမ်ကြိမ်ရှိခိုးတောင်းပန်ကာ ကျေးဇူးရှင်ကို မပြစ်မှားပါနှင့်ဟု ပြောဆိုခဲ့သော်လည်းမရဘဲ အရှက်ကြီး ရှက်စရာဖြစ်အောင် လုပ်လိုက်သည်ဟု ညည်းတွားပြောဆိုကာ ငိုနေလေသည်။

ကိုဖိုးထူးသည် အိမ်ပေါ်မှ ဆင်းသွား၏။

ကိုဖိုးထူး၏အဖြစ်ကိုကြည့်ပြီး ကြီးဒေါ်အေးမျှင်က ရင်ထုမနာ

ဖြစ်၏။ ဘကြီးကို တမြုံ့မြုံ့ဒေါပွ၏။ ကျိတ်မနိုင် ခဲမရဖြစ်၏။

သည်အချိန်တွင် ဘကြီးသည် ရွှေတိဂုံစေတီရင်ပြင် ချောင်ကျသော တစ်နေရာတွင် ကုပ်ပြီးထိုင်နေလေသည်။ အိုနေသောမျက်နှာနှင့် မမြင်ရသေးသော အနာဂတ်ကို လှမ်းကြည့်နေလေသည်။ ဘကြီးသည် ဘုန်းကြီးလူထွက်ဖြစ်၏။ ဓမ္မအကြောင်း သဘောသကန်များကို ဘကြီးသည် သရုပ်ပေါ်အောင် ဖော်ထုတ်လေတိုင်း အကြီး အေးမျှင်အပါအဝင် မိန်းမများကို အပြစ်ဖော်ထုတ်၏။ သစ္စာမရှိသော ယောကျ်ားများနံပါတ်ကို စဉ်းစား၏။

ဘကြီးသည် သူ၏မဏ္ဍိုင်ဖြစ်သော ပညာစိတ်ကို တစ်ဖက်သို့ ယိမ်းနေသော သူ၏ကာမဂုဏ်စိတ်နှင့်ရောမွှေထားလေသည်။ ဒါကြောင့်မို့ ဘကြီးသည် အတွေးခေါင်နေခြင်းလည်းဖြစ်ပေသည်။ "လေးညှင်းရှိလျှင် ငါးညှင်းရှိရမည်"ဟူသောအဖြစ်မျိုး ဖြစ်နေသည်။ "ဇာတိပ္ပိုလ်ရှိက ဇာတိပ္ပ"ရှိရမည်ဟု စွဲလမ်းနေသည်။

ဘာကို ဘယ်လိုတွေးတွေး၊ အကြီးအေးမျှင်ဆီသာ သံသရာလည်လာသည်။ သစ္စာရှိသော ဖိုးထူးကိုသာ မြင်လာသည်။ ကိုဖိုးထူးကို စိတ်ထဲရှိသမျှ ဖွင့်ချခဲ့ပြီးနောက် အကြီးအေးမျှင်ကို မျက်နှာချင်း မဆိုင်ရဲသဖြင့် ဘုရားဆီသို့ ချဉ်းကပ်လာမှ ဘကြီးအဖြစ်က ပိုဆိုးနေရာ ဘုရားကြီးကို ကြည့်ပြီး ဘုရားဟောလိုက်သော ဘုရား၏တရားဓမ္မကို ဘကြီးသည် မေ့လျော့နေလေသည်။

* * *

ည...

ဘကြီးသည် အိမ်ရှေ့ဝါးတံခါးကလေးအနီးတွင် တစ်တီတူး ကဲ့သို့ ခြေနှစ်ချောင်းထောင်ကာ အိပ်၏။ သက်ပြင်းရှည်ကြီးကို မကြာခဏ

မှုတ်ထုတ်၏။

လင်ငယ်နေသောအကြောင်းကို လင်ကြီးကသိလျှင် ထိုမိန်းမသည် လင်ငယ်နောက်သို့ လိုက်တတ်သည်။ သို့တည်းမဟုတ် လင်ငယ်က လင်ကြီးကို အန္တရာယ်ပြုတတ်သည်။

ဒါကြောင့် ဘကြီးသည် အိမ်အတက်အဆင်းတံခါးဝတွင် အိပ်နေခြင်းဖြစ်သည်။ အကြီးအေးမျှင်ကို စိတ်မချသဖြင့် ဘကြီး အိပ်မပျော်။

ဒါတင်လားဆိုတော့ မဟုတ်သေး။ လင်ငယ်ကောင်ဖိုးထူးက သူအိပ်ပျော်နေဆဲ သူ့ကို ဓားနှင့်လာခုတ်လျှင် သို့မဟုတ် တုတ်နှင့် လာရိုက်လျှင် သူမှာခံရမည်။ တောင်ငူသား မယားခိုး ဖိုးထူး ခိုးကြောင် ခိုးဝှက်နှင့်များ သည်ကိုလာသော် ဓားမနှင့်ပိုင်းလိုက်မည်ဟူသော စိတ်ကူးနှင့် ဘကြီးအနားတွင် ဓားမတိုကြီးတစ်ချောင်း။

သည့်နောက် ပုဆိန်တစ်လက်။

ပြီးတော့ ကုလားထိုင်တစ်လုံးပေါ်သို့ ခြေထောက်များကို တစ်တီတူး လို တင်ထားရာမှ ရုပ်သိမ်းလိုက်ပြီးနောက် ဘကြီးသည် ဓားမတိုကို ကိုင်လေသည်။ ထိုနောက် မီးဖိုဘက်သို့ဝင်ပြီး တကျုတ်ကျုတ်နှင့် ထက် သည်ထက် ထက်အောင်သွေးနေသည်။

တစ်နေ့လုံး ဘကြီး၏ပြဿနာကို ဖြေရှင်းနေရသဖြင့် မှေးခနဲ အိပ်ပျော်သွားသောအကြီးသည် ဓားသွေးသံကြောင့် နိုး၏။ ညဥ့်နက် သန်းခေါင် ဓားသွေးနေပုံကို လန့်၏။ သူ့ကိုများ လာခုတ်လေမလား။

မဆိုင်ဘူးလေ။ ဘကြီးက ဒိန်းဒလိန်းနတ် ဖမ်းထားသူမဟုတ်လော။

အရောင်တလက်လက်ထွက်နေသော ဓားသွားကို လက်နှင့်စမ်းပြီး ထိုင်ရာမှထ၏။ ထို့နောက် မီးခွက်ကိုကိုင်၏။ အကြီးအေးမျှင် အိပ်နေရာ သို့ သွား၏။ အကြီးအေးမျှင်က တထိတ်ထိတ်နှင့် မျက်စိမှိတ်ပြီး အိပ်နေဟန်ဆောင်ထားရ၏။ ဘကြီးကမီးခွက်ကိုကိုင်မြှောက်ပြီး အကြီး

အေးမျှင်ကို ကြည့်၏။ နေ့ခင်းက တစ်နေ့လုံး ငိုယိုထားသဖြင့် အကြီး အေးမျှင်၏ စက္ခုအစုံမှာ မို့မောက်နေရှာ ကရုဏာ သက်စရာ။

သည်လိုသည်ပုံကြောင့် ဘကြီးသည် တောင်ငူသား ဖိုးထူးကို သတိရ၏။ 'တောက်'ခနဲ တောက်တစ်ချက်ခေါက်လိုက်၏။ အကြီး အေးမျှင်ကား မျက်စိကိုမှိတ်ထားသဖြင့် မမြင်ရသော ဘကြီးကို မျှော်မှန်းကာ...

"သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ ဒွာဒသဉ္စ သဟဿကေ" စသော အန္တရာယ်ကင်း သမ္ဗုဒ္ဓေဂါထာကို အသည်းနှလုံးထဲမှ ရွတ်နေလေသည်။

ဘကြီးသည် အိပ်ရာသို့ပြန်လာပြီး ထိုင်၏။ အပြင်လောကကို စူးစိုက်ပြီး ကြည့်၏။ ရွာမှနေ၍ အကြီးနှင့်ကိုဖိုးထူးတို့ သတင်းကြားရပုံအတွက် တွေးပြန်၏။

ဖိုးထူးဆိုသောလူ၏ အိပ်ရာအဝတ်အစားများကို ဘကြီးသည် စုရုံးထုပ်စည်းလိုက်လေသည်။ ကနေ့ကအစ မတွေ့၊ မမြင်ချင်တော့ဟု စိတ်ကူးလေသည်။ ဖိုးထူး၏အဝတ်ထုပ်ကို သယ်ယူပြီးနောက် အိမ်ရှေ့လမ်းမသို့ ပစ်ချလိုက်၏။ ဖိုးထူးကား ဘကြီးက စွပ်စွဲချက်ကြေညာပြီးကတည်းက လစ်ထွက်သွားရာ မပေါ်လာတော့ချေ။

သည်လိုနှင့်ပဲ မိုးစင်စင်လင်းခဲ့သည်။

တစ်ဖန် နောက်တစ်နေ့ည။

ပြီးတော့ တစ်ဖန် နောက်တစ်ည။

ဘကြီးကို အကြီးက စကားမပြောရဲလောက်အောင် ဘကြီးက မှုန်တေနေသည်။ အရိပ်အရောင်မှ မပေါ်လာသော ဖိုးထူးကို မကျေမနပ်ဖြစ်နေသော ဘကြီးက "ဒီကောင် အကြံတစ်ခုခုယူနေလို့ မလာတာ၊ ကနေ့ည သတိထားရမယ်"ဟုတွေး၏။ ဖျတ်ခနဲ အသံကြား လျှင် ဘကြီးက ဓားကိုင်သည်။ ရိပ်ခနဲ အရိပ်အရောင်တစ်ခုခု တွေ့လိုက်လျှင်

ပုဆိန်ဆွဲသည်။

အိမ်အောက်မှ ရှပ်.. ရှပ်.. နှင့် ခြေသံလိုလိုကြောင့် ဘကြီးက သံတူးရွင်းနှင့် ဆင်းကြည့်ရပြန်၏။

အကြီးကား သူ့ကိုစိတ်မချသဖြင့် မအိပ်နိုင်ဖြစ်နေသော ဘကြီးကို သူကလည်းစိတ်မချသဖြင့် မအိပ်ရဲ။ အကြီးသည် မီးခိုးကြွက်လျှောက် တွေး၏။

ရှေ့လျှောက်ပြီး သည်လိုနေလို့ မဖြစ်တော့ဟု ဆုံးဖြတ်၏။

* * *

"အေးမှျင်.. အေးမှျင်"

ဘကြီးသည် အော်ခေါ်လေသည်။ အပြေးကလေး ခပ်သုတ်သုတ်လိုက်လေသည်။ အကြီးအေးမှျင်သည် ဘကြီးလိုက်လာသည် ကိုသိသောအခါ ခြေလှမ်းကို ပိုပြီးသွက်လက်စေ၏။

"အေးမှျင်.. ဟေ့.. နေပါဦး"

"မနေဘူး... တော်ကျုပ်နောက်မလိုက်နဲ့၊ တော့်ကို ကျုပ်မပေါင်းရဲတော့ဘူး"

ဘကြီးသည် ပြေး၏။ အကြီးသည် ပြေး၏။ အထုပ်ပိုက်ပြီး အဘွားကြီးတစ်ယောက် ရှေ့ကနေပြေး၍ နောက်က အဘိုးကြီးတစ်ယောက် ပြေးလိုက်နေသည်ကိုတွေ့ရသော ကန်တော်ကြီးစောင်းမှ လူအချို့က ငေးကြည့်နေကြ၏။

အကြီးကို ဘကြီးက မီလေသည်။ လက်ကိုဖမ်းဆွဲပြီးနောက် ဘကြီးသည် မောနေသော အကြီးအေးမှျင်ကို ကြည့်ကာ...

"နင် ဒီလိုပဲ ရက်စက်တော့မလား အေးမှျင်ရဲ့...." ဟုမေး၏။ အကြီးက ဘာမျှပြန်မပြောသေးဘဲ အမောဖြေနေသည်။ ထို့နောက်..

"မဖြစ်ဘူး ကိုအောင်ထွန်း၊ မဖြစ်ဘူး။ ကျုပ်တို့ ဘာမှမဖြစ်ပါဘူးဆိုတာ ရှင်မှ မယုံဘဲ။ ဘယ်လိုမှ ရှိခိုးတောင်းပန်ပြီး ပြောလို့မှမရဘဲ။ ကျုပ်နဲ့ဖိုးထူးနဲ့ ဖြစ်တယ်။ ဟုတ်တယ်.. ခု ကျုပ် ဖိုးထူး ဆီသွားမယ်"

"အာ..."

ဘကြီးသည် ဘာမှမပြောဘဲနေရာမှ 'အာ'ဟု အသံထွက်၏။ ထို့နောက်...

"ဖိုးထူးမှ အိမ်မှာမရှိတော့ဘဲ။ ငါစိတ်ချပြီ။ လာ ပြန်မယ်"

"ဟင်အင်း... နောက်ကို ရှင်ဒီလိုပဲဖြစ်လာဦးမယ်"

"မဖြစ်ပါဘူး။ ငါ နင့်စကားကို နားထောင်တော့မယ်။ နင်က မဟုတ်ဘူးဆိုရင် ပြီးရော..."

"မရဘူး.. မရဘူး..၊ ရှင်နဲ့လည်း မအိပ်ရဲဘူး"

"ငါ မကိုက်စားပါဘူး အေးမျှင်ရဲ့။ နင့်ကို ငါဘယ်လောက်ချစ်တယ်ဆိုတာ နင်လည်းအသိပါကွယ်၊ လာ.. လာ.."

"ဟင့်အင်း.. ဟင့်အင်း.."

"လာပါကွယ့်၊ လူတွေကြည့်နေတယ် ရှက်စရာ.."

"မရှက်ပေါင်တော်၊ ကျုပ်တို့က ဘာမှ'ငန်း'ဖမ်းနေတာမှ မဟုတ်တာပဲ။ ကျုပ်သွားမယ်"

"မသွားရဘူး"

"သွားမယ်"

"ဟေ့.. အေးမျှင်၊ ငါပြောနေတာ မရဘူးလား"

"မရဘူး"

"အေး.. ငါ ကန်တော်ကြီးထဲ ခုန်ချလိုက်မယ်"

"ခုန်ချ၊ ခုန်ချ၊ ရှင့်သဘော"

အကြီးသည် အထုပ်ကလေးပိုက်ပြီး ထွက်သွားဟန်ပြုလေရာ ဘကြီးသည် တွေပြီးရပ်နေ၏။ ထို့နောက် ရှေ့နောက် လူတွေရှိသလားဟု လှည့်ကြည့်၏။

"အေးမျှင်.. ဒီမှာကြည့်ကွ" ဟုအော်ပြီး ကန်တော်ကြီးထဲသို့ ခုန်ချလေရာ ဝုန်းခနဲမြည်ဟည်းသံနှင့်အတူ ရေပန်းများ ဖွာတက်လာသည်။

အကြီးအေးမျှင်သည် မျက်လုံးပြူးသွား၏။ ကပျာကယာ လှည့်ကြည့်ပြီး ကြက်သေသေသွား၏။

"ထွန်းအောင်က တကယ်လုပ်လိုက်ပါကလား..."ဟု တွေး၏။ ဟယ်.. ဘာဖြစ်ဖြစ်ဟု စိတ်ကိုတင်းကာ သုတ်ခြေတင်လေတော့၏။

ငါးမိနစ်ခန့် ငြိမ်သက်နေသောရေပြင်အောင်မှ ဘကြီးသည် အသာကလေးပေါ်လာသည်။ သူ့မအေးမျှင်ကို မျက်လုံးပြူးကြီးနှင့် ရှာဖွေသည်။ သူက ရေထဲခုန်ချလိုက်လျှင် အကြီးအေးမျှင်သည် ကမန်းကတန်း ပြေးလာကာ သူ့ကိုဆယ်လိမ့်မည်ထင်၏။ ယခုတော့ အကြီးအေးမျှင်မှာ သူ့ကို လှည့်၍မျှမကြည့်၊ သွားမြဲတိုင်းသွားနေသည်ကို တွေ့ရသောကြောင့် ဘကြီးသည် ရေထဲမှအူယားဖားယား ပြေးတက်ကာ ခပ်လှမ်းလှမ်းသို့ ရောက်နေပြီဖြစ်သော အကြီးအေးမျှင်နောက်သို့ ဒုန်းပေါက်ပြေးလိုက်သွားလေသတည်း။ ။

မြဝတီ၊ အောက်တိုဘာ၊ ၁၉၆၀

❑

# တဖုံလေ တန့်းလေ တထုံးလေ တအင်လေ

ကျွန်ုပ် မှားယွင်းခဲ့ပြီဖြစ်၏။ ဤသို့ ဖြစ်ပျက်လာလိမ့်မည်ဟု အစဦးကာလက ကျွန်ုပ် မှန်းမျှော်တွေးခေါ်ခဲ့ခြင်း မရှိသည့်အတွက်လည်း ကျွန်ုပ်မှာ သင်း၏ဒဏ်ကို ခံနေရသည်။ ယခုကဲ့သို့သော ရာသီမျိုး၊ ကာလခရီးမျိုးနှင့် နောင်ကြုံတွေ့ရမည်ဆိုလျှင်လည်း ကျွန်ုပ်သည် အလွန်ဆုံး ငါးနှစ်ထက်ပိုမို၍ ခံစားတွေ့ကြုံရတော့မည် မဟုတ်ခြင်းကြောင့် အောင့်အည်းသည်းခံကာ နေထိုင်သွားရပေတော့မည်။

သင်းသည် အစပထမက ဆရာရင်းတစ်ဦးဖြစ်ရုံမျှမက သူ့အား အစစအရာရာတွင် အလိုလိုက်အကြိုက်ကို ဆောင်ရွက်ပေးနိုင်သော ကျွန်ုပ်အပေါ်တွင် အကြီးမားဆုံးသော ပြုစုနည်း၊ ယုယနည်းများနှင့် နည်းမျိုးစုံပင် ပြုစုယုယနေထိုင်ခဲ့ဖူးသည်။ ထိုရောကာလက ကျွန်ုပ်၏ နှစ်သိမ့်ကြည်နူးခြင်းသည် အတိုင်းအဆမရှိခဲ့ပါပေ။

လူဆိုသည်မှာ နုစဉ်ကာလ၊ အသက်ငယ်ရွယ်ချိန်ကာလ၊ အတွေ့

အကြံ့နည်းပါးချိန်ကာလ၌ မိမိကိုယ်ကိုယ် ပိုမိုတွက်ဆ အထင်ကြီးထားတတ်၏။ သူတစ်ပါးကလည်း မိမိကို အထင်ကြီးစေလိုသောသဘောရှိ၏။ အရေအတွက်သည် အရည်အချင်းကို ဖုံးလွှမ်းနေသောကာလပိုင်းတွင် မိမိကိုယ်ကိုယ်မိမိ ဝန်ခံရမည့်လုပ်ငန်းအပေါ်၌ ဝန်လေးလှဆုံးပင် ဖြစ်ပေသည်။

အသက်အရွယ်ထောက်လာပြီးနောက် အမှားပေါင်းများစွာ၊ အမှန်ပေါင်းများစွာနှင့် ရင်ဆိုင်ပြီးသောအခါတွင်မှု တောက်ပြောင်လာသောအရည်အချင်း၏ကာလပိုင်းသို့ ရောက်ရှိလာသည်ဟုပင် ယူဆရပေလိမ့်မည်ထင်ရ၏။ ဤစာရေးစားပွဲပေါ်တွင်ထိုင်ကာ ကျွန်ုပ်၏အကောင်းအဆိုးများကို ဖွင့်ဟဝန်ခံ၍ ရေးသားနေထိုင်ခြင်းကိုပင် ကျွန်ုပ်သည် ပီတိဖြစ်လျက် ရှိနေပေပြီ။

ဤသို့ရေးသားတင်ပြနိုင်သည့် ကျွန်ုပ်၏အကြောင်း သို့မဟုတ် ကျွန်ုပ်ပတ်ဝန်းကျင်၏အကြောင်းချင်းတများကား အခြားမဟုတ်။ ရုပ်ရှင်ပြဇာတ် သဘင်နယ်ပယ်ပင်ဖြစ်သည်။

ကျွန်ုပ်သည် အောင်မြင်ပြီးသော ရုပ်ရှင်ဒါရိုက်တာတစ်ဦးဖြစ်လေသည်။ ကျွန်ုပ်ငယ်ရွယ်စဉ်ကာလ ရိုက်ထုတ်ခဲ့သော ရုပ်ရှင်ကားများ၊ ဆက်ဆံခဲ့ဖူးသော ရုပ်ရှင်ကုမ္ပဏီများ၊ မင်းသားမင်းသမီးများအစရှိသည့်သူတို့သည် ကွယ်လွန်ပြီးသူများ များပြားလျက် အနည်းငယ်မျှသာ ကျန်ရှိနေကြ၏။ ထိုအနည်းငယ်မျှ ကျန်ရှိနေသည့်အထဲတွင် ခင်မင်ရင်းနှီးသူလည်းဖြစ်၊ ယောက်ဖတစ်ယောက်လည်းဖြစ်ခဲ့သော မင်းသား ဌေးမောင်တစ်ယောက်သာ ကျွန်ုပ်တို့ထံ ဝင်ထွက်သွားလာနေသည်။

ဌေးမောင်သည် ကျွန်ုပ်၏ဖြစ်အင်ကို ကြည့်ကာ "ခင်ဗျား.. လေးကြည်ရဲ့ဒဏ်ကို ခံရတာ" ဟု မကြာခဏပြောတတ်၏။ ဌေးမောင်က

ဤသို့ပြောလိုက်သောအခါတိုင်း ကျွန်ုပ်သည် ဌေးမောင်အား အံ့ဩခဲ့ရလေသည်။ လေးကြည်သည် ဌေးမောင်၏နှမဖြစ်၏။ ဌေးမောင်သည် ကျွန်ုပ်လုပ်ကိုင်သော ရုပ်ရှင်ကုမ္ပဏီတွင် ဇာတ်လိုက်အလုပ်ကို လာရောက်လုပ်ကိုင်ရန် ဆက်သွယ်ခဲ့စဉ်က ခေတ်ပညာတတ် သူဌေးသားတစ်ယောက်ပင်ဖြစ်သည်။ မိဘများ ကွယ်လွန်ပြီးနောက် နှမငယ်နှင့်အတူ အမွေပစ္စည်းများကို ထိုင်ဖြုန်းကာ တေပေနေသူဖြစ်၏။ ရုပ်ရှင်ဇာတ်လိုက်လုပ်ချင်လွန်းနေသော သူ့အား ကျွန်ုပ်သည် (အောက်ဒိုး) ရှုတင်များသို့ ခေါ်ဆောင်သွားလေ့ရှိ၏။ (ရီဟာဇယ်)လုပ်သည်ဟုဆိုကာ သူ့အား တောင်ကမူကလေးတစ်ခုပေါ်သို့ ပြေးတက်ပြေးဆင်း လုပ်ခိုင်းဖူး၏။ ရေငုပ်ခိုင်းဖူး၏။ ထန်းပင်ပေါ်မှ ခုန်ချခိုင်းဖူး၏။ များစွာသော ကျွဲနွားများအလယ်သို့ ပြေးလွှားခိုင်းဖူး၏။ ဌေးမောင်တစ်ယောက် ကျွဲနှင့်နွားများအလယ်တွင် ပြေးလွှားနေသည့်အချိန်၌ ကျွန်ုပ်က နွားများကို ဝှေ့လိုက်ပါစေဟု အကြိမ်ကြိမ် ဆုတောင်းနေလေသည်။ ဤသို့ ဆုတောင်းရသည်မှာလည်း အကြောင်းရှိ၏။ ကျွန်ုပ်သည် ဌေးမောင်ထံမှ ငွေပေါင်းများစွာကို ချေးငှားသုံးစွဲထား၏။ ဤမျှသာမက ဌေးမောင်အား (အက်တင်အမူအရာ) များ သင်ကြားပေးရန်ဟုဆိုကာ ဌေးမောင်တို့၏ နေအိမ်သို့ လိုက်၍ နေထိုင်စားသောက်ရင်း ကျောင်းပိတ်ရက်များတွင် နေအိမ်သို့ ပြန်လာသော သူ့နှမလေးကြည်အားပင် ဗလက္ကာရပြုထားပြီး ဖြစ်၏။

မှတ်မိပါသေး၏။ လေးကြည်နှင့် တွေ့ဆုံကြသောညက ဌေးမောင်အား ကျွန်ုပ်က နောင်ရိုက်မည့်ရာဇဝင်ကားတွင် ဒုတိယဇာတ်လိုက်အဖြစ် ပါဝင်စေရန်အတွက် စကားကမ်းလှမ်းလိုက်၏။ ဌေးမောင်က ဝမ်းသာလွန်းသည်ဟုဆိုကာ ကျွန်ုပ်နှင့်အတူ ဟိုတယ်သို့သွား ရောက်ခဲ့သည်။ ကျွန်ုပ်သည် အကြံသမားတစ်ယောက်ဖြစ်သဖြင့် ဌေးမောင်အား

ဟိုတယ်တွင် အချိန်ကုန်ဆုံးစေသည်။ ဟိုတယ် မယ်တစ်ဦးဖြစ်သော ဘရန်ဒီမယ်မြအားလည်း ကျွန်ုပ်က မျက်စ ပစ်ထား၏။ မယ်မြသည် ဒွေးမောင်အား ဟိုတယ်ချိန်ကုန်သည့် တိုင်အောင် တစ်နေရာကို ခေါ်ဆောင်သွားမည်ဖြစ်လေသည်။ လူမှန်းမသိအောင် မူးနေပြီဖြစ်သော ဒွေးမောင်သည် ကျွန်ုပ် မည်သည့်အချိန်တွင် ပြန်သွားလိမ့်မည်ကို သိမည် မဟုတ်ပေ။

ကျွန်ုပ်သည် ဒွေးမောင်၏နေအိမ်သို့ ပြန်လာ၏။ နေအိမ်သို့ ရောက်လျှင် ဒွေးမောင်တစ်ယောက် လူသတ်မှုဖြစ်နေကြောင်း၊ အမြန် ဆုံး လိုက်ဖို့လိုကြောင်းများကို ပြောပြသောအခါ လေးကြည်သည် မျက်လုံးများပြူးကာ သူ့အိမ်မှ အစေခံကိုခေါ်လျက် ကျွန်ုပ်နှင့်အတူ လိုက်ပါလာ၏။ ကမာရွတ်ဘက်သို့ရောက်သောအခါ ခြံတစ်ခြံအတွင်း သို့ ဝင်ရောက်ပြီးနောက် ကျွန်ုပ်က သင်ကြားထားပြီးဖြစ်သော ဘရန် ဒီမယ်မြနှင့် လေးကြည်တို့အား တွေ့ဆုံပေးရလေသည်။

"ညီမလေးရဲ့.. အစ်မတော့ လူဖြစ်ရှုံးပြီကွယ်။ မင်းအစ်ကိုက အစ်မ ကို ဗလက္ကာရပြုပြီး အစ်မယောကျ်ားကိုလည်း သတ်ပစ်တယ် ညီမရယ်" စသည့် မယ်မြ၏လုပ်ကြံငိုယိုခန်းမှာ သရုပ်ပါလှ၏။ မယ်မြတစ်ယောက် မှာ ဤမျှအကတ်တင်ကောင်းမည်ပင် မထင်ခဲ့ဖူးချေ။ မယ်မြက ငိုယိုပြောဆို သောအခါ လေးကြည်သည် မျက်ရည်များ ရစ်ဝဲကာ "အစ်ကို ဘယ်မှာ လဲ၊ ဟင်.. အစ်ကိုကြီးဘယ်မှာလဲ" ဟု မေးလာ၏။ ကျွန်ုပ်က "ထွက်ပြေး သွားပြီကွယ်... ရာဇဝတ်မှု မဟုတ်လားကွယ့်" ဟု ဝင်ပြောရ၏။ ဤအခါ တွင် လေးကြည်သည် ချုံးပွဲချ ငိုကြွေးလေသည်။ ကျွန်ုပ်သည် ငိုကြွေး လျက်ရှိသော လေးကြည်အား နှစ်သိမ့်ရ၏။ အစစအားပေးရ၏။ ပြီး လျှင် လေးကြည်၏ပခုံးကိုကိုင်ကာ အားကိုးတစ်ခုပြုပါဟု ဖိတ်မန္တက ပြုလေသည်။ ထိုကာလတွင် ဘရန်ဒီမယ်မြသည် လေးကြည် အဖော်ခေါ်

လာသော အစေခံယောကျာ်းအား ခေါ်ဆောင်သွားပြီဖြစ်လေသည်။

လေးကြည်သည် ပထမဦးစွာ ငိုကြွေးခြင်းကို ရပ်တန့်လိုက်လေသည်။ ပြီးလျှင် ရုပ်ရှင်ဒါရိုက်တာကြီးဖြစ်သော ကျွန်ုပ်အား မော်ကြည့်လာ၏။ ဤဟန်ပန်အမူအရာမျိုးအား ကျွန်ုပ် နားလည်ပါ၏။ ကျွန်ုပ်ကိုယ်တိုင်ကပင် မကြာခဏ ရုပ်ရှင်မင်းသမီးများအား ပြသခဲ့သော ဟန်မူရာမျိုးပင် ဖြစ်၏။

လေးကြည် ကျွန်ုပ်မယားဖြစ်ချေပြီ။ ။

* * *

လေးကြည်ကဲ့သို့ ချောမွေ့လှပသော ရုပ်ရည်ရှိပြီးနောက် ဥစ္စာပစ္စည်းများပါ ပေါကြွယ်သော ဇနီးအလိမ္မာကိုရရှိပြီးသော ကျွန်ုပ်ကား ရုပ်ရှင်ဒါရိုက်တာများအလယ်၌ မော်မဆုံးရှိလာသည်။ လေးကြည်သည် ကျွန်ုပ်အား စိတ်ဆိုးလျက်ရှိ၏။ စကားမပြောဘဲ နေ၏။ သူ့အစ်ကိုဌေးမောင်တစ်ယောက် ဘာမျှမဖြစ်ဘဲ နောက်တစ်နေ့မနက် နေအိမ်သို့ပြန်လာသောအခါ ကျွန်ုပ်၏လိမ်လည်ခြင်းများမှာ ပေါ်ပေါက်လာလေသည်။

ကျွန်ုပ်က "လေးကြည်ရယ်...၊ မင်းကို ဒီကဘယ်လောက်ချစ်တယ်ဆိုတာ အဲဒါကိုသာ စဉ်းစားကြည့်ပါတော့ကွယ်၊ ချစ်လွန်းလို့ ကြံမိကြံရာ ကြံတာပါကွယ်" ဟု မျက်ရည်ခံကလေး ထိုးလိုက်သောအခါ မိန်းမသားဖြစ်သော လေးကြည်သည် 'ပျော့ကျ' ခဲ့လေသည်။ သည့်နောက်တွင်ကား ကျွန်ုပ်၏ဒဏ်ကို အများဆုံးခံယူရသည့် ဇနီးတစ်ယောက် ဖြစ်လာတော့၏။

ကျွန်ုပ်သည် ဒေါင်ဒေါင်မြည်ကာ ပြေးလွှားနေသည့် မြင်းကောင်းတစ်ကောင်ကဲ့သို့ ရှိလှသည်။ ကျွန်ုပ်တို့လုပ်ငန်းကား များစွာသော

ဆက်ဆံရေးရှိ၏။ ဆိုက်ပတ်၊ နေ့စားများ၊ ဓာတ်ကောင်များတို့သည် ၎င်းတို့၏အကျိုးအတွက် ကျွန်ုပ်အား လာရောက်ပေါင်းသင်း၏။ ထို့အတူပင် သူဌေး၊ မန်နေဂျာ၊ နယ်ရုပ်ရှင်ကန်ထရိုက်တာ စသည်တို့ကလည်း ၎င်းတို့အကျိုးအတွက် ကျွန်ုပ်အား လာရောက်ပေါင်းသင်းကြရရာ ၎င်းတို့နည်းတူပင် ကျွန်ုပ်ကလည်း ကျွန်ုပ်အကျိုးအတွက် ၎င်းတို့အား ပြန်လည်အသုံးချရသည်။ လူ့လောကဋ္ဌ ဦးစွာလိုသည်မှာ ငွေဖြစ်၏။ ဆိုက်ပတ်၊ နေ့စား၊ ဓာတ်ကောင်များ၊ နယ်ကန်ထရိုက်တာများထံမှ ငွေကိုရ၏။ သူဌေးအတွက် ဝင်ငွေကောင်းသော ရုပ်ရှင်ဓာတ်လမ်းတစ်ခုကိုရိုက်လျှင် သူဌေးက ကျွန်ုပ်၏ဂုဏ်ကို တိုးမြှင့်တင်ပေးလာ၏။ များစွာသော ကုမ္ပဏီများကလည်း ကျွန်ုပ်အား လက်လှမ်းလာကြ၏။

ငွေလည်းရှိ၊ သင့်တင့်သောဂုဏ်လည်းရှိ၊ ချောမွေ့လှပသော ဇနီးသည်လည်းရှိပြီးဖြစ်သော ကျွန်ုပ်မှာ ပေါင်းသင်းဆက်ဆံရေးက မူလအခြေအနေထက် ပိုမိုကျယ်ပြန့်လာ၏။ ထိုစဉ်ကာလက မျက်နှာဖြူများ၏ ပဲခူးကလပ် ဘုတ်ကလပ် စသည့်နေရာများသို့ပင် ကျွန်ုပ်ရောက်ခဲ့ရ၏။ ဤအခါတွင် ရင်ဆိုင်တွေ့ရသောပြဿနာမှာ အရက်ဖြစ်လေသည်။ အထက်တန်းကျကျနေလိုပါက အရက်ကို လက်လွှတ်၍ မဖြစ်ပေ။ အရက်သောက်ခြင်းဖြင့် မသိသေးသူကို သိရပြီးလျှင် သိပြီးသူများအားလည်း ပိုမိုရင်းနှီးလာစေတတ်သောသဘောရှိ၏။ ကျွန်ုပ်အရက်သောက်ခြင်းအတွက် လေးကြည်သည် စိတ်ကောင်းဟန်မတူပါပေ။ ယောက်ဖတော် ရွှေမင်းသားဌေးမောင်ကမူ ကောင်းချီးသြဘာပေးခဲ့၏။ ဌေးမောင်နှင့်တွဲလျက် ဂုဏ်ရှိမည့်လုပ်ငန်းများ ကိုလုပ်ရ၏။ နယ်များသို့ ရုပ်ရှင်ကားရိုက်ထွက်သည့်အခါများဆို ပါကပါလာသောမင်းသမီးသည် ကျွန်ုပ်၏မင်းသမီးပင်ဖြစ်နေတော့သည်။

နယ်များ၌ ရုပ်ရှင်ရှူး ရှူးနေသောမိန်းကလေးများကား ကျွန်ုပ်၏အနီးတွင် ဝိုင်းဝိုင်းလည်ရှိနေပေသည်။

အထက်တန်းကျကျ နေတတ်၊ ပေါင်းသင်းဆက်ဆံတတ်ခြင်း သဘောကြောင့် ကျွန်ုပ်တည်းခိုရာ နေရာမှ မြို့ပိုင်မင်းကတော်သည် ပင် ကျွန်ုပ်အား ဆရာတစ်ဆူကဲ့သို့ ကိုးကွယ်လာလေသည်။ ကျွန်ုပ် သည် ဉာဏလေခကောင်းသော လက္ခဏာရှင်တစ်ယောက်ဖြစ်၏။ သောကြာဂြိုဟ် ကသစ်ရသောသူဖြစ်၏။ မိန်းမမှုပွေတတ်သော သဘော ကရှိ၏။ ဆေးကျမ်း၊ ဗေဒင်ကျမ်းများကိုလည်း မတောက်တခေါက် သိစွမ်းသည့်ပြင် တေးဂီတအရာ၌ ဦးပြုံးချို၏မဟာဂီတအား သုံးပုံ တစ်ပုံကျိုးမျှ နှုတ်ငုံရဖူး၏။ ဤဒါရိုက်တာလုပ်ငန်း မလုပ်ဆောင် မီက နာမည်ကျော် အငြိမ့်မင်းသမီး ပထမ ပလိုတီယာ၏ သီချင်း ရေးဆရာပင် လုပ်ကိုင်ခဲ့ဖူးသူဖြစ်လေသည်။ မြို့ပိုင်၏နေအိမ်တွင် နေထိုင်လျက် ရုပ်ရှင်ကားရိုက်နေသော ကျွန်ုပ်အတွက်ဟု အတည့် အလင်းပင်ပြောကာ မြို့ပိုင်ကတော်က သူ၏တူမအရင်းခေါက်ခေါက် ကို ပုံအပ်လာသည်။ ထိုတူမငယ်၏ အမည်မှာ 'မရင်ငွေး'ဟုခေါ် ၏။ ပုံအပ်ခြင်းခံရသော သူ့အကြောင်းမှာလည်း ကြေကွဲစရာပင်ဖြစ် ၏။ မရင်ငွေးသည် မိဘများမရှိရှာချေ။ တစ်ဦးတည်းသော သမီး ငယ် ၁၂ နှစ်အရွယ်တွင် မိဘများက ကွယ်လွန်ခဲ့ကြ၏။ အားလုံး သော အမွေအနှစ်များ ငါးသောင်းဖိုးမျှ ကျန်ရစ်ခဲ့၏။ အဒေါ်ဖြစ်သူ မြို့ပိုင်ကတော်သည် ထိုငွေငါးသောင်းနှင့် လယ်ယာ၊ ချောင်း၊ မြောင်းများ အား အပိုင်စီးလို၏။ ထိုကိစ္စဖြစ်လာပါက ကျွန်ုပ်တို့အား ငွေသုံး သောင်းပေးပါမည်ဟုလည်း ကတိပေးလာခဲ့၏။ ကျွန်ုပ်သည် မရင်ငွေး အားကြည့်ပြီး သနားခြင်းစိတ်များ မဝင်ခဲ့ပေ။

ငွေများရမည်ဟုဆိုကတည်းကပင် မရင်ငွေးအား အရေးဆိုလာ

ရလေသည်။ ဤသို့ အရေးဆိုမှပင် မရင်ဒွေး၏သဘောကို သိလာရ၏။ သူက ကျွန်ုပ်ထက် မင်းသားဒွေးမောင်အား အလိုရှိသည်ဟု ခပ်ပြောင်ပြောင် ဖွင့်ပြောလာသည်။ ဒွေးမောင်ကမူ ဦးခေါင်းကို အမြန်ဆုံးညိတ်လာ၏။ သူတို့မင်္ဂလာကိစ္စကို ဆောင်ရွက်ပေးပြီးနောက် ငွေနှင့်မယားတစ်ယောက်ကိုပါ ဒွေးမောင်က ပြည်တော်ပြန် ယူဆောင်ခဲ့၏။

နေအိမ်တွင် လေးကြည်တစ်ယောက်အဖို့ အဖော်တိုးလေပြီ။ သူတို့မိန်းမသားနှစ်ယောက်အား နေအိမ်တွင် ထားရစ်ခဲ့ကာ ကျွန်ုပ်နှင့် ဒွေးမောင်တို့သည် ရုပ်ရှင်ခြံ၊ ကလပ်နှင့် ဘားများတွင်သာ အချိန်ဖြုန်းနေကြလေသည်။ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသော အခါတွင် မြို့ပိုင်ထံမှ စာတစ်စောင်ရောက်ရှိလာ၏။ စာမှာ မရင်ဒွေးအား ပြန်ပို့ပေးရန်ဖြစ်၏။ မရင်ဒွေးနှင့် သူတို့ အလွန်အကျွံဖြစ်နေကြောင်း၊ မရင်ဒွေး၌ ကိုယ်ဝန်တစ်လပါသွားကြောင်း၊ သူမရှိမီ သူ့မိန်းမက ဤကဲ့သို့ တစ်ဖက်လှည့်၍ထုတ်လိုက်ကြောင်း၊ ငွေများကိုမူ ယူထားနိုင်ကြောင်းများ ပါဝင်၏။ ဒွေးမောင်က ဒေါသများဖြစ်ကာ မြို့ပိုင်ကတော်ကို သတ်ပစ်မည်ဟုပြောလေသည်။ မရင်ဒွေးအားလည်း ဆူပူကြိမ်းမောင်းလေသည်။

ဤအခါတွင် မရင်ဒွေးက မြို့ပိုင်ရေးသားသကဲ့သို့ မဟုတ်ပါကြောင်း၊ ၎င်းအား မြို့ပိုင်က ဗလက္ကာရပြုကြောင်းများကို ပြော၏။ ကျွန်ုပ်က အနည်းငယ် သနားလာလေသည်။

သို့ကြောင့်ပင် ဒွေးမောင်အား ခပ်ပြတ်ပြတ်မေးရ၏။ ဒွေးမောင်က 'မရင်ဒွေး'အပေါ်၌ ခေါင်းခါလေသောအခါ ကျွန်ုပ်က အတိအလင်းပင် ခပ်ပြောင်ပြောင် ယူထားလိုက်၏။ မြို့ပိုင်ထံသို့မူ ပြန်လည်၍ မပို့လိုက်ပေ။ ဒွေးမောင်သည် ဤအချိန်တွင် နေအိမ်မှ ပြောင်းရွှေ့သွား၏။

သူ၏နှမလေးကြည်အပေါ်၌ မျက်နှာပူဟန်ရှိပေသည်။

ကျွန်ုပ်၏ဇာတ်လမ်းကား ဤမှ စလေသည်။ မယားနှစ်ယောက်စလုံးမှာ ကျွန်ုပ်၏ရှေ့၌ ပျော်ပျော်ပါးပါး နေရ၏။ မနေလျှင် ကျွန်ုပ်က ရိုက်၏။ ရန်မဖြစ်ရ၊ အတူတူမအိပ်ဘဲ မနေရ။ ကျွန်ုပ်သည် ဤသို့ဥပဒေများ ထုတ်ပြန်ထား၏။

ကျွန်ုပ်၏စကားကို နှစ်ဦးစလုံးက နားထောင်ကြလေသည်။ ကျွန်ုပ်သည် အောင်သေအောင်သားစားရသော ခြသေ့်မင်းပင်ဖြစ်လေသည်။ အရာရာအား အောင်နိုင်သူတစ်ယောက် မဟုတ်ပါလား။

ဟုတ်ပေသည်။ ရုပ်ရှင်ကုမ္ပဏီသည်ပင် သိန်းချီ၍ချမ်းသာလာပေပြီ။ သူဌေးလက်စွဲဖြစ်သော ကျွန်ုပ်လည်း ခေါင်းမော်လာနိုင်ပေပြီ။

* * *

ကိုအံ့ကြွယ်

အမြန်လာခဲ့ပါ။

ဦးကွန့်

အင်ဒိုဘားမားဖလင်း

သုံးရက်ခန့် နေအိမ်သို့မပြန်ဘဲ ဇာတ်ရုံမင်းသမီးကြီးတစ်ဦး၏ အိမ်တွင် ဆိုက်ပတ်ဘဝမှ မင်းသမီးဖြစ်ချင်နေသည့် ကောင်မကလေးတစ်ကောင်အား မင်းသမီးတို့၌ရှိအပ်သော အရည်အချင်းတစ်ရပ်ကို သင်ကြားပေးနေခိုက်မှာ ဌေးမောင်ကိုယ်တိုင် ဤဖော်ပြပါစာကို ယူဆောင်ခဲ့သည်။ ကျွန်ုပ်သည် စာကိုဖတ်ပြီး အံ့အားသင့်သွား၏။

သူဌေးဦးကွန့်သည် ဘာများအရေးတကြီးကိစ္စနှင့် ရင်ဆိုင်နေရသနည်း။ ကျွန်ုပ်သည် ချက်ချင်းပင် ဌေးမောင်နှင့်အတူလိုက်သွား၏။

ဦးကွန့်၏အခန်းတွင်းသို့ရောက်သောအခါ ဦးကွန့်က မျက်နှာကြီးများ နီမြန်းကာ အနီးတွင်ထိုင်နေသော စတန့်မင်းသား 'ခင်ဖေ' အား ကြည့်နေ၏။ ခင်ဖေသည် ကျွန်ုပ်တို့ဝင်ရောက်လာသောအခါ နေရာမှ ထသွားလေသည်။

"ထိုင်ပါဦး၊ ခင်ဗျားလည်း ပွေလှချည်လား။ ခြံထဲကို မှန်မှန်လာပါဗျ။ ဒီမှာ စတန့်မင်းသားတွေ ဘာဖြစ်နေသလဲ မသိဘူးလား"

"ဆိုပါဦး၊ ခင်ဗျားလူတွေက ဘာပြောသတုံး"

"အဲဒါကိုသာ ဖတ်ကြည့်ပါ"

ဦးကွန့်က ပြောပြောဆိုဆိုနှင့် စာတစ်စောင်ထုတ်ပေး၏။

သူဌေးမင်းခင်ဗျား

ကျွန်တော်တို့ အောက်တွင်လက်မှတ်ရေးထိုးသူများ ဖြစ်ကြသော စတန့်မင်းသား ခင်ဖေ၊ လှမောင်၊ အေးလှိုင်တို့က ကုမ္ပဏီ၏ငွေကြေးဆက်ဆံမှုအပေါ်တွင် မကျေနပ်ကြပါ။ တစ်ကားလျှင် ၃၀ဝိ နှင့် အပြီးအပိုင်လုပ်ကိုင်ကြသော်လည်း ကား၏ဝင်ငွေအပေါ်တွင်ကြည့်၍ ဆုငွေပေးရာ၌ နည်းလွန်းသည်ဟု ထင်ပါသည်။ ယခု ကျွန်တော်တို့အတွက် စတန့်ကားတစ်ကားလျှင် ၅၀ဝိ နှင့် ဆုငွေအဖြစ် အမြတ်ငွေ ၁၀ဝိ လျှင် ၂၅ိ ခန့် တိုးပေးစေလိုပါသည်။ ဤသို့တိုး၍မပေးနိုင်ပါက နက်ဖြန်မှစ၍ အလုပ်မှ နုတ်ထွက်ကြပါကြောင်း။

လက်မှတ်ရေးထိုးသူများ
ခင်ဖေ၊ လှမောင်၊ အေးလှိုင်။

ကျွန်ုပ်က ပြုံးလိုက်၏။ ဦးကွန့်သည် ကျွန်ုပ်အား မော်ကြည့်လျက်ရှိနေသည်။

"ကျွန်တော် စီစဉ်ပေးပါ့မယ်။ ဒါပေမဲ့လို့ ကုမ္ပဏီက ကားတွေကို ပြောင်းပစ်ရမယ်"

"ဘယ်လိုလဲ"

"စတန့်ခေတ်ကို တိမ်သွားအောင် လုပ်ပေါ့။ မင်းသားနုနုတွေ ရွေးခန့်ပြီး ဇာတ်နတွေ လှည့်ရိုက်မယ်"

"ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်၊ ဒီကိစ္စအောင်မြင်ဖို့အတွက် ကျွန်တော့်တာဝန်ထားပါ။ ဒီကောင်တွေကို ဖြုတ်ပစ်လိုက်ပါ"

ဦးကွန့်ကပြုံးလျက် ကျွန်ုပ်အား ငွေ ၅၀၀ ထုတ်ပေးကာ လုပ်ငန်းတာဝန်ကို လွှဲလာ၏။ ကျွန်ုပ်သည် အင်ဒိုဘားမားကုမ္ပဏီ၏ ကြိုးကိုင်တစ်ယောက်ဖြစ်နေပေပြီ။ ဤအခါတွင် ဒွေးမောင်အား မြှင့် တင်ရန် ဒွေးမောင်နှင့်လိုက်မည့် ရုပ်ရှင်ဇာတ်လမ်းများကို ရှာဖွေကာ အသံထွက်ကားများကို ဆက်တိုက်ရိုက်နေလိုက်ရသည်။

ကားတစ်ကားပြီးလျှင် စွံလေသည်။ စွံသဖြင့် ဆက်လက်ပြီး ဆက်တိုက်ရိုက်ကူးရလေသည်။ ဤအချိန်တွင် ကျွန်ုပ်သည် ပျက်စီး ခြင်းမက ပျက်စီးလျက်ရှိနေပေပြီ။

နှစ်ယောက်သော မယားအပြင် လေးယောက်သော တိတ်တိတ် ပုန်းမကလေးများကို ခြံထဲမှာ မွေးထား၏။ လက်ထောက်မင်းသမီး ကလေး 'သင်း' တစ်ယောက်ကား ကျွန်ုပ်၏အချစ်ဆုံးပင်ဖြစ်သည်။ သင်း သည် ညိုပြာညက်မကလေးဖြစ်၏။ သဘောကောင်း၏။

သင်းနှင့်အတူ ဟိုတယ်တစ်ခု၌ ထမင်းစားလျက်ရှိနေစဉ်မှာပင် ရန်ကုန်မြို့ပေါ်သို့ ဗုံးများကြဲချလာသည်။ ကျွန်ုပ်သည် သင်း၏လက်ကို ဆွဲကာ ပြေးလွှားကြရ၏။

စစ်ဖြစ်ချေပြီ။ ဤစစ်ဖြစ်လာသောကြောင့်ပင် ကျွန်ုပ်သည် နှစ်ဦး

သောမိန်းမများ သေဆုံးခြင်းကို ယူလိုက်ရ၏။ တောသို့ဆင်းပြေး လာစဉ်၌ ချစ်ဆွေကြီးတစ်ယောက် သေရှာပြီဟု ကြားရ၏။

စစ်ပြီး၍ ရန်ကုန်သို့ပြန်တက်လာသောအခါ ရုပ်ရှင်ကားများကို ချက်ချင်း မရိုက်ထုတ်နိုင်သည့်အဖြစ်နှင့် ရင်ဆိုင်ရ၏။ ဂျပန်ခေတ်က ပဲလှော်နှင့်ထင်းများကို ကုန်သည်လုပ်ဖူး၍လည်းကောင်း၊ ဂျပန်များထံသို့ ဟင်းသီးဟင်းရွက်များကို ကန်ထရိုက်သွင်း၍လည်းကောင်း လုပ်ကိုင်စားသောက်လာသော ကျွန်ုပ်မှာ ရန်ကုန်၌ သင်းကလေးနှင့်အတူ ကုန်စုံဆိုင်တစ်ခုကိုပါဖွင့်ရင်း ရုပ်ရှင်ရိုက်ရမည့်အချိန်ကို စောင့်မျှော်ရသည်။

ကျွန်ုပ်၏အရက်ဖိုးနှင့်ပင် ကုန်စုံဆိုင်မှာလည်း များမကြာမီပင် ပြုတ်ချေသည်။ အင်ဒိုဘားမားဖလင်းသူဌေး ဦးကွန့်ကွယ်လွန်သွားသည့်အတွက် ကျွန်ုပ်မှာ ခက်ခဲနွမ်းပါးသော သဘောရှိလာသည်။ ထိုကြောင့်ပင် သင်းအား ဆရာခန့်ထံသို့ ပို့ပေးကာ ပြဇာတ်မင်းသမီး သင်းအဖြစ် အသက်မွေးရ၏။

သင်းသည် ကျွန်ုပ်၏သင်ကြားခြင်း၊ ဆရာခန့်၏သင်ကြားခြင်းများကြောင့် နာမည်ကျော်လာ၏။ ဝင်ငွေဖြောင့်လာ၏။ သင်းသည် ရသမျှငွေများအား ကျွန်ုပ်ထံသို့အပ်နှံကာ အလုပ်ကို ကြိုးစားရှာ၏။ ပြဇာတ်လုပ်ငန်းကောင်းသဖြင့် သင်း ဝင်ငွေကောင်း၏။ နာမည်ကျော်၏။ ငွေနှင့်ဂုဏ်ရှိလာသောအခါ သင်းတစ်ယောက်မှာ ကျွန်ုပ်ကဲ့သို့ပင် ခြေပျက်လာလေသည်။

အိမ်သို့ ပြန်ချင်မှ ပြန်၏။ သွားလိုသောသူများနှင့် ခပ်ပြောင်ပြောင် တွဲသွား၏။ ဤသတင်းများကို ကြားရသောအခါ ကျွန်ုပ်သည် အိပ်ရာထက်တွင် လဲသောလူမမာကဲ့သို့ ဖြစ်လျက်ရှိနေပေပြီ။

အိမ်သို့ မပြန်သည်ဖြစ်စေ၊ တွဲလိုသူနှင့် တွဲနေသည်ပင်ဖြစ်စေ သင်းသည် ကျွန်ုပ်အားတွေ့သောအခါ ဣန္ဒြေမပျက်ပင်ရှိ၏။ ဆေး

ဆရာဝန်နှင့် အရက်ပုလင်းကိုမူ အမြဲတမ်း ကျွန်ုပ်အနီးမှာရှိစေ၏။

ဆရာသမားတစ်ယောက်၊ ကျေးဇူးရှင်တစ်ယောက်၊ လင်သား တစ်ယောက်ဟူ၍ အသိအမှတ်ပြုခြင်း ရှိသေးသမျှကာလပတ်လုံး ကျွန်ုပ်သည် ဤမျှသော အရက်တစ်ပုလင်းနှင့် တစ်ဦးသောဆရာဝန် အား တွေ့နေရဦးမည်ဖြစ်၏။

လေးကြည်နှင့် မရင်ဌေးတို့သည် ကျွန်ုပ်၏ဒဏ်များကို အများ ဆုံး ခံယူသွားကြလေသည်။ ကာလဝိပါတ်သည် နောက်ကျောမှ ပိုး၍တက်လာသည်ဟု ဆိုချင်ပါက ဆိုနိုင်ပါ၏။ လေးကြည်နှင့် မရင်ဌေးတို့အား ကျွန်ုပ် ပြုမူခဲ့သမျှနှင့် တစ်ထပ်တည်းပင် ယခုအခါ၌ သင်းတစ်ယောက်က ပြုမူလျက်ရှိ၏။


ရှိပါစေတော့။

ကျွန်ုပ်သည် သင်း၏ဒဏ်ကို ခံယူရမည်ဆိုလျှင် အလွန်ဆုံး ငါးနှစ်ခရီးသာ ရှိပေချိမ့်မည်။ ကျွန်ုပ်သည် သင်းအား စတင်ချိတ်ဆက် ခဲ့စဉ်က သီဆိုခဲ့သော ပပဝင်းဝင်းသီချင်းကိုကား ကြားယောင်၏။ ထိုသီချင်းစာသားမှာ "တဖုံလေ.. တန့်းလေ.. တထုံးလေ.. တအင်လေ.." ဟူသောအပိုဒ်ကို မကြာခဏ ပြန်လည်ရွတ်ဆိုမိ၏။

ဟုတ်ပေသည်။ ယခုဖြစ်ပျက်နေသည်ကား တဖုံ.. တန့်း.. တထုံး.. တအင်...ပင်ဖြစ်ပါသတည်း။ ။

မြဝတီ၊ အောက်တိုဘာ၊ ၁၉၆၁

❑



## မေတ္တာနှင့်ပင်ပြောစေချင်

အစ်ကို့မှာ နာကြည်းချက်ရှိနေသည်၊ သို့မဟုတ် ရှိနေပြီဟု အနီက သိ၏။ ဒါကြောင့်မို့လို့လည်း အစ်ကို့ကို အနီက မေးခဲ့ရသည်။ အစ်ကို သည် အနီ့ကို မျက်နှာနီနီနှင့် လှမ်းကြည့်လာ၏။ အစ်ကို အရက်သောက် လာကြောင်းကို အနီ ရိပ်မိသည်။ ဒါကြောင့်လည်း အနီက "အစ်ကို စိတ်ချမ်းသာပါစေတော့"ဟု ပြုံးလိုက်ရလေသည်။

"အစ်ကို၊ ကိုယ်ဖြစ်ချင်တာကို အတင်းဖြစ်ခိုင်းတာထက် ဖြစ်လာတဲ့ အပေါ်မှာ ချွတ်ယွင်းချက်ကလေးတွေကိုရှာရင် မကောင်းဘူးလားဟင်"

အနီ့စကားကြောင့် အစ်ကိုသည် အနီ့ကို မျက်နှာနီနီကြီးနှင့် လှမ်း ကြည့်လာသည်။

"ဘာပြောတယ် အနီ၊ ချွတ်ယွင်းချက်ဖြစ်လာတဲ့အပေါ်မှာ ရှာရ မယ်ဟုတ်လား။ အစ်ကို ဘာမှမချွတ်ယွင်းဘဲနဲ့ အနီရယ်"

အစ်ကို့အသံမှာ ခပ်တိမ်တိမ်ဖြစ်လေသည်။ အရက်မူးမှုလည်းပဲ

အစ်ကိုသည် သူ့ခံစားနေရသောဝေဒနာကို ထုတ်ဖော်ပြောဆိုလေ့ရှိသည်။ အစ်ကိုက "အစ်ကို ဘာမှမချွတ်ယွင်းဘဲနဲ့ အနီရယ်"ဟု ပြောလာသည့်အတွက်လည်း အနီ့မှာ အစ်ကို့ကို ကရုဏာသက်ရ၏။

အစ်ကို့အကြောင်းကို အနီအသိဆုံးဖြစ်၏။ အနီ့ကြောင့်ဆိုပါတော့။ အစ်ကိုနှင့် 'မိရွှေဦး'တို့ တွေ့ခဲ့ကြသည်။ အစ်ကိုသည် အနီနှင့်အတူတူ ကျောင်းမှရန်ပုံငွေပွဲအတွက် လက်မှတ်လာရောင်းသော မိရွှေဦးကို တွေ့ပြီးကတည်းကပင် အစ်ကို့မျက်နှာကို အနီ အကဲခတ်မိ၏။ မိရွှေဦးပြန်သွားသောအခါတွင် အစ်ကိုက အနီ့နားကိုကပ်လာပြီး မေးသည်။

"အနီ၊ သူက အနီတို့ကျောင်းကလား"

အစ်ကိုကမေးပြီး ပြုံးလေသည်။ အစ်ကို့အပြုံးကို အနီသိပါသည်။ အစ်ကို နည်းနည်းရှက်နေသည်။

"ဟုတ်တယ် အစ်ကို၊ ဒါပေမဲ့ သူကအတန်းကြီးတယ် အစ်ကို၊ ဒီဇင်ဘာကျောင်းရန်ပုံငွေရှာတဲ့ပွဲမှာ အနီနဲ့ သူ့ကို 'မာသာ'က လက်ပစ်ကွင်းနဲ့ ပစ်ယူရတဲ့ပစ္စည်းတွေ ရောင်းတဲ့ဆိုင်မှာထိုင်ဖို့ ရွေးထားတယ် အစ်ကို..."

အနီက အစ်ကို့သဘောကို သိချင်သည့်အတွက် သည်လိုပြောလိုက်သည်။ ပြီးတော့ အနီ့အခန်းထဲကိုဝင်ပြီး အနီ့ဘာသာအနီ အဝတ်လဲနေလိုက်သည်။ ကျောင်းက ဂါဝန်ပြာကိုချွတ်ပြီး ရိုးရိုးအဝတ်ကို ဝတ်နေစဉ်မှာပင် အစ်ကို့မှာ ဟန်မဆောင်နိုင်တော့ဘဲ အနီ့အခန်းဝမှာ လာရပ်သည်။ ပြုံးပြီး အနီ့အခန်းထဲကို ဝင်လာသည်။

"အနီတို့ လက်ပစ်ကွင်းနဲ့ပစ်ယူရတဲ့ပစ္စည်းတွေက ဘာတွေလဲအနီ"

"အို.. စုံလို့ပေါ့ အစ်ကို၊ စီးကရက်ဘူးတွေ၊ အလှကုန်တွေ၊ နောက်ပြီး ဘီယာပုလင်းတွေ"

"အနီတို့ဆိုင်ကို အစ်ကိုကူပြီးရောင်းပေးမယ်လေ"

အစ်ကိုက ဤသို့ပြောပြီးနောက် အနီအလှပြင်သည့် မှန်တင်ခုံပေါ်မှ ဘီးတစ်ချောင်းကိုကောက်ယူပြီး သူ့ခေါင်းကို သူဖြီးနေလိုက်သည်။ အနီကလည်း မျက်နှာပြင်မှာ ဝေ့နေသောအဆီများကို မျက်နှာသုတ်ပဝါနှင့်သုတ်ပြီး မှန်တင်ခုံမှာ ဝင်ထိုင်လိုက်၏။

အနီ့ကို အစ်ကို သေသေချာချာကြည့်သည်။ ပြီးတော့ကာ အစ်ကိုသည် သူ့လက်မှာကိုင်ထားသည့် ဘီးနှင့် အနီ့ခေါင်းမှာ ဖရိုဖရဲဖြစ်နေသော ဆံပင်များကို ယုယုယယဖြီးပေးနေသည်။

အနီ အင်မတန်ပြုံးချင်၏။ အစ်ကို့မှာ မိရွှေဦးကိုတွေ့ပြီးကတည်းက အင်မတန် ဣန္ဒြေပျက်နေ၏။ အခု အနီ့ကို သူချော့နေသည်။ သူဘာကြောင့် အနီ့ကိုချော့နေသည်ကို အနီက မရိပ်မိပါဘူးဆိုသော ဟန်ပန်အနေအထားနှင့် အသာငြိမ်နေ၏။

"အစ်ကို အနီ့ဘာသာအနီဖြီးပါမယ်။ ဘီးပေးစမ်းပါ"

"အို.. ညီမလေးကလည်း အစ်ကိုဖြီးပေးပါ့မယ်"

အစ်ကို့လက်မှဘီးကို တောင်း၍မရချေ။ အစ်ကိုက အနီ့ခေါင်းကိုဖြီးပေးနေရင်းက..

"အနီ၊ အနီ့ကို အစ်ကိုတစ်ခုမေးပါရစေလား"

"ဘာလဲအစ်ကို၊ အမလေး အစ်ကိုရယ်၊ မေးမယ့်စကားကို ခွင့်တောင်းနေရသေးသလား။ ကိုယ့်ညီမပဲဟာ"

အနီက မျက်စောင်းကလေးချိတ်ပြီး အစ်ကို့ကို ပြောရသည်။ အစ်ကိုက ပြုံးနေသည်။

"တခြားမဟုတ်ပါဘူး အနီ၊ အနီ့သူငယ်ချင်း မိရွှေဦးဆိုတာ အနီနဲ့ အတော်ရင်းနှီးမှာပဲနော်"

"ဟဲ.. ဟဲ.. ဟဲ..."

အနီက အစ်ကိုစကားပြန်မဖြေနိုင်ဘဲ ရယ်မောမိ၏။ အစ်ကို သည် စလုံးရေ စ,လေပြီ။ အစ်ကို စ,လာမည်ကိုလည်း အနီက ရိပ်မိ၏။

"အဲဒါ ဘာဖြစ်သလဲအစ်ကို၊ မိရွှေဦးက အရိုးကလေးအစ်ကိုရဲ့၊ ဂါဝန်ပြာဝတ်ပေမယ့် သူက မာသာတို့လို မယ်သီလရှင်ကလေး တစ်ပိုင်းဖြစ်နေတာ။ အစ်ကိုနော်.. မိရွှေဦးကို မပိုးရဘူး"

အနီက သည်လိုပြောလိုက်သည့်အခါတွင် အစ်ကို့မျက်နှာကလေး နည်းနည်းပျက်သွားသည်ကို အနီရိပ်မိသည်။

"အစ်ကို မပိုးပါဘူးကွယ်၊ ညီမသူငယ်ချင်းမို့လို့ အစ်ကိုက မေးတာ ပါ"

အစ်ကိုက ဘီးကို အနီ့လက်ထဲသို့ထည့်ပြီး ပြုံးကာ အပြင်ဘက်သို့ လှည့်ထွက်သွားလေသည်။ အစ်ကို့စိတ်ကို အနီ ကောင်းကောင်း ကြီးသိ၏။ အစ်ကိုသည် ထိုစဉ်က အသောက်အစားမရှိသောသူ ဖြစ်သည်။ အစ်ကို ကောလိပ်ကထွက်ပြီး ကူးသန်းရောင်းဝယ်ရေး ဘဏ်တိုက်တစ်ခုမှာ ဝင်ပြီးအလုပ်လုပ်ခဲ့သည့်အချိန်မှစ၍ အစ်ကို့မှာ အိမ်နှင့်ရုံးသာ သွားလာတတ်သည်။ ပြီးတော့လည်း အနီတို့ မောင်နှမ တစ်တွေ အားလုံးစုစုပေါင်း ငါးယောက်ရှိသည့်အနက် အစ်ကို တစ်ယောက်သာ ယောကျ်ားလေးဟူ၍ရှိသည်။ အစ်မကြီး၊ အစ်မလတ်နှင့် အစ်မငယ်တို့အောက်မှာ အစ်ကို့ကိုမွေးသည်။ အစ်ကိုနှင့်အနီမှာ လေးနှစ် ကြီး လေးနှစ်ငယ်သူများဖြစ်ပြီး အနီ့ကို မိဘများက အထွေးဆုံးအဖြစ် အလိုလိုက်သကဲ့သို့ အစ်ကို့ကိုလည်း တစ်ယောက်တည်း သောသားဟူ၍ အလိုလိုက်သည်။ အစ်မများကလည်း အစ်ကိုနှင့် အနီတို့ကို အလွန်ချစ် သည်။ "ဖြစ်နိုင်လျှင် တို့မောင်နှမတစ်တွေ ဒီအတိုင်း စုစုရုံးရုံးနေမယ် ဟေ့"ဟု အစ်မအကြီးဆုံး မမဒေါ်လီက ပြောသည်။

ဖေဖေကမူ ဟောဒီအကောင်က မိန်းမတွေကြားထဲမှာ ကြီးလာတဲ့

အကောင်၊ ယောက်ျားနဲ့ နည်းနည်းမှ မတူဘူး”ဟု အစ်ကို့ကို မကြာခဏ ပြောကာ...

“ဟေ့ကောင်.. မင်းကို မိန်းမပေးစားရမယ်ကွ..”ဟု တစ်ခါတစ်ရံ ဖေဖေက ဘာစိတ်ကူးရသည်မသိ၊ မျက်နှာချင်းဆုံ၍ ပြောသည့်အခါ များတွင် အစ်ကိုသည် မမဒေါ်လီကို စစ်ကူတောင်းတတ်၏။

မမဒေါ်လီက အထက်ကအတိုင်း “ဖြစ်နိုင်ရင် တို့မောင်နှမတစ်တွေ ဒီအတိုင်း စုစုရုံးရုံးနေမယ်ဟေ့” ဟု အချင်းချင်းပြောသည့် စကားကို ဖေဖေကြားအောင် အဖြေပေးသည်။

မေမေ့ကို ဖေဖေက မျက်စပစ်ပြပြီး ပြုံးလေသည်။

“ကြည့်ကြသေးတာပေါ့ကွာ ဟား.. ဟား..”

ဖေဖေ့ရယ်သံမှာ လောကကို ဖြတ်ကျော်ခဲ့ပြီးပြီဆိုသော ရယ်သံ၊ မမဒေါ်လီပြောသောစကားအပေါ်တွင် အယုံအကြည်မရှိဘူးဆိုသည့် ပြက်ရယ်ပြုသောရယ်သံမျိုးဖြစ်၍လည်း ထိုအခါက အနီကပင် ဖေဖေ့ကို စိတ်ဆိုးမိသေးသည်။

“ဖေဖေက မယုံဘူးလား၊ သေသေချာချာကြည့်ပါ။ ဖေဖေ့သမီးတို့ လက်တွေ့ပြမယ်” ဟုလည်း ဖေဖေ့ကို ပြောလိုက်သေးသည်။ ဆယ့်လေး–ငါးနှစ်ရှိနေသော အနီ့ကို ဖေဖေကကြည့်ပြီး ပခုံးနှစ်ဖက်ကို စုံကိုင်ကာ...

“သမီးက ငယ်ပါသေးတယ်ကွယ်” ဟု ဆက်လက်ပြီးပြောလာသေးသည်။ အစ်ကိုကမူ ဘာမျှမပြောဘဲ ပြုံးနေသည်။ အစ်ကိုသည် စကားနည်းသူဖြစ်၏။ ပြောစရာစကားကို မရှာနိုင်သည့်အခါတွင် အစ်ကိုသည် ပြုံးတတ်၏။

အခုလည်း အစ်ကိုသည် ပြုံးပြီး အပြင်သို့ထွက်သွားလေသည်။ မောင်နှမတစ်တွေ စည်းစောင့်ပြီး ထိန်းသိမ်းခဲ့ကြသော အပျိုဘဝ၊

လူပျို့ဘဝများကို အစ်ကို ပြန်ပြီး သတိရလေသည်ဟု အနီထင်၏။

အနီတို့ ကျောင်းရန်ပုံငွေအတွက် 'ဖင်စီဖဲယား'ပွဲကို စတင်ပြီး ကျင်းပသည့်ညကဆိုလျှင် မိရွှေဦးကို စတင်ပြီးတွေ့လိုက်သည်နှင့် တစ်ပြိုင်နက် အနီ့မှာ ချက်ချင်းဆိုသလို အစ်ကို့ကို သတိရလိုက်လေသည်။

မိရွှေဦးသည် အပျိုချောကလေးတစ်ယောက်ဖြစ်၏။ အင်္ဂလိပ်မြန်မာ ကပြားမကလေးဖြစ်၏။ သူ့ဖေဖေမှာ စစ်မဖြစ်မီကလေးမှာပင် သူ့မေမေနှင့် အိမ်ထောင်ကျသည်ဟု ကြားဖူးခဲ့သည်။ ကုမ္ပဏီ မန်နေဂျာအဖြစ်နှင့် ရန်ကုန်မှာတစ်လှည့်၊ မော်လမြိုင်မှာတစ်လှည့်ဆိုသလို နေခဲ့ရာမှ စစ်ဖြစ်လာသည့်အချိန်တွင် အင်္ဂလန်သို့ စစ်မှုထမ်းရန်အတွက် ပြန်သွားသည်ဟုလည်း မိရွှေဦးက ပြော၏။ ထိုအချိန်မှစပြီး သူ့ဖေဖေကို မိရွှေဦး မတွေ့ရသည်မှာ ယနေ့အထိဖြစ်လေသည်။

မိရွှေဦး၏ မေမေ့ဘက်မှ အဘိုးအဘွားများက မိရွှေဦးကို မွေးခဲ့သည်။ အဘိုးအဘွားများက ချစ်စနိုးနှင့်ခေါ်သောနာမည်အတိုင်း မိရွှေဦးအမည်မှာ သူ့ထံတွင် သောင်တင်ကျန်ရစ်သည်။ မိရွှေဦး၏ ဆံပင်ကလေးများမှာ နီကြင်ကြင်ရှိ၏။ နက်မှောင်သော မျက်ခုံးအောက်မှ မျက်လုံးပြာကလေးများမှာ ဝိုင်းဝန်းပြီး ကြည်လင်လှသည်။ မြန်မာ့သွေးကြောင့် မိရွှေဦး၏အသားမှာ နှင်းဆီရောင်ပေါက်နေသည်။ ပါးအို့နီကလေးမှာ မိရွှေဦးအတွက် အထူးမှုန်းသခြယ်လှယ်ဖို့ပင် မလိုတော့သကဲ့သို့ ရှိသည်။ ပြီးတော့လည်း တင်းတင်းရင်းရင်း ကြွကြွရွရွ ရှိသော သူ့ခန္ဓာကိုယ်ကလေးမှာ အင်မတန် ချစ်စရာကောင်းသည်။

သည်ကနေ့တွင်မှ မိရွှေဦးသည် ကြည်ပြာရောင် နိုင်လွန်ဂါဝန်ကလေးကို ဝတ်လာသည်။ သူ့ဦးခေါင်းပေါ်တွင် အနီရောင်သံပရာခွံဦးထုပ်ကလေးကို ဆောင်းထားပြီးမှ ဖိနပ်အနီကလေးကို စီးထား ၏။

သူ့ကိုမြင်ရသော အနီပင်လျှင် အံ့အားသင့်သွားသည်။ သူ့ လောက် အနီက လှချင်သောစိတ်တွေ တဖွားဖွားပေါ်လာသည်။ ဒါကြောင့်ပင် လျှင် အနီက သူ့ကို အားပါးတရလက်ဆွဲပြီး နှုတ်ဆက်လိုက်၏ ပြီးတော့...

"မိရွှေဦးကလေးက လှလိုက်တာကွယ်" ဟု ပြောလိုက်ရ၏။ မိရွှေဦး က ပြုံးလျက်...

"အိမ်က အန်တီက လုပ်ပေးလိုက်တာပေါ့အနီရယ်..."ဟု လေ အေးအေးကလေးနှင့် ပြောလေသည်။ ပြီးတော့ "ဒီကနေ့ညမှာ အနီနဲ့ မိရွှေဦးကို မာသာက ကိုယ်ရောင်းရတဲ့ကြိမ်ကွင်းဖိုးကို ကိုယ့် ဘာသာကိုယ် ယူထားရမယ်တဲ့။ ပိုရောင်းရတဲ့လူကို ဆုချမယ်တဲ့"

မိရွှေဦးက ဆက်ပြီးပြောလာ၏။ မိရွှေဦးနှင့် အနီတို့နှစ်ယောက် ဆိုလျှင် ကျောင်းကကျောင်းသူတွေအထဲတွင် တစ်ယောက်တစ်မျိုးစီ လှကြ ချောကြသည်ဟူသောစကားကို အနီက ကြားယောင်သည်။ မိရွှေဦးနှင့် အနီတို့ဆိုင်မှာ ဖွင့်လိုက်သည်နှင့်တစ်ပြိုင်နက်တည်း ကျောင်း သားတွေ လာရောက်အားပေးသော ကျောင်းသူမိဘ၊ ဆွေမျိုးများနှင့် ပြည့်နှက်နေသည်။

ဆိုင်ဖွင့်စက အနီ့မှာ ကိုယ့်ဘက်က ခပ်များများရောင်းရအောင် ကြိုးစားရင်း မိရွှေဦးဘက်ကိုလည်း မကြာခဏဆိုသလို လှမ်းပြီး အကဲ ခတ်ရ၏။ အနီ့ထက် မိရွှေဦးကများ ပိုပြီးအရောင်းသွက်နေမလားဟု လည်း အနီက စိုးရိမ်မိသည်။ အပြိုင်သဘောနှင့် ရောင်းကြသည့်အခါ တွင် အနီ့မှာ အရှုံးရမည်ကို တွေးပူမိသည်။

ဒါကြောင့်ပင် မျက်နှာကို ပြုံးပြုံးကလေး ထားရသည်။ အနီ့ဘက်ကို ရောက်လာသူများအား အနီက အားမနာစတမ်းဆိုသလို ဖိတ်ခေါ်ရ သည်။ အနီ့မှာ လက်မလည်နိုင်အောင် အရောင်းရတွင်ကျယ်လာ၏။

အနီ့ကျောင်းနေဘက် ကျောင်းသားမိတ်ဆွေများ၊ မိဘများနှင့်တွေ့တိုင်း အနီက ကိုယ့်ဘက်ကိုသာ မဲတင်းပြီးခေါ်ရ၏။

သူတို့ ကြိမ်ကွင်းကလေးများ စွပ်ဝင်သွားသည့်ပစ္စည်းများကို ယူပေးရင်း သူတို့(အဝယ်)သမားများကို ဂရုစိုက်နေရသည့်အခါတွင် အနီ့မှာ မိရွှေဦး မည်မျှရောင်းနေရသည်၊ ရောင်းပြီးပြီဆိုသည်ကို မသိတော့။

ညဥ့်နက်၍ ဆိုင်သိမ်းကြသည့်အခါတွင် ပိုက်ဆံများကို နှစ်ယောက်သား ခေါင်းချင်းဆိုင်ပြီး တစ်ကျပ်စီ တစ်ကျပ်စီ ရေတွက်ကြရသည်မှာလည်း အတော်ပင် စိတ်တထင့်ထင့်ရှိနေသည်။

"ဟော.."

မိရွှေဦးက အနီ့ကိုကြည့်ပြီး ပြုံးလေသည်။

"ကိုယ်က သုံးကျပ်ကျန်သေးတယ် အနီ"

"အေးကွာ၊ နည်းနည်းပဲ ကြောသွားတာ ကိစ္စမရှိပါဘူး မိရွှေဦး၊ နောက်နှစ်ညတောင် ရှိသေးတာ။ နောက်ဆုံးနေ့ကျရင် ကိုယ်နိုင်မှာသေချာတယ်"

ဆိုင်ပစ္စည်းများကိုသိမ်းရင်းက မိရွှေဦးက ပြော၏။ သို့ပြောရင်းကပင် မိရွှေဦးသည် တစ်စုံတစ်ရာကို သတိရသကဲ့သို့ "အိုး.. ဂေါ့ဒ်"ဟု တစ်ယောက်တည်း ဟစ်အော်လိုက်၏။

"ဘာလဲဟင် မိရွှေဦး"

"ကိုယ် သတိရတယ်။ ကိုယ် ခုမှသတိရတယ် အနီ"

"ဘာလဲ.. မိရွှေဦး၊ မင့်အိမ်ကပိုက်ဆံ ထည့်ပြီးတွက်ထားလို့လား"

"ဟေး.. မဟုတ်ပါဘူးအနီ၊ ကိုယ် အနီ့ထက် ဘယ်နှကျပ် သာမလဲ၊ သုံးကျပ်မဟုတ်လား"

"ဟုတ်တယ်လေ"

"အဲဒီသုံးကျပ်က ဘယ်သူ့ဆီကလဲ သိသလား"

"အို.. သိတာပေါ့ မိရွှေဦးရယ်။ မိရွှေဦးကို ပိုးနေတဲ့လူတွေဆီကပေါ့"

"နို:.. နို:.. မဟုတ်ဘူးဆရာ"

မိရွှေဦးက စကားကိုဆက်မပြောဘဲ ပြုံးလိုက်၏။ ပြီးတော့ အနီ့အနားကိုကပ်လာ၏။

"ကိုယ် ကောင်းကောင်းမှတ်မိတယ် အနီ"

"ဘယ်သူလဲ၊ ဖရက်ဒီလား၊ သူက မိရွှေဦးလူပဲ"

"အို... ဒီကပြောတာ နားထောင်ဦးလေ။ ဖရက်ဒီက ငွေသုံးကျပ်ရှိတဲ့ကောင် မဟုတ်ပါဘူးကွယ်"

မိရွှေဦးသည် စကားကိုဆက်မပြောသေးဘဲ သူ့ဘာသာသူ သဘောကျသလို ပြုံးနေသည်။ ပြီးတော့ အနီ့အနီးကို သူကပ်လာပြီး ခပ်တိုးတိုးကလေးနှင့်...

"အနီ့အစ်ကိုပေါ့ အနီ၊ အနီ့အစ်ကို ကိုယ်ကောင်းကောင်းမှတ်မိလိုက်တယ်။ သုံးကျပ်ဖိုး ကိုးကွင်းဝယ်ပြီးပစ်တာ ရေမွှေးတစ်ပုလင်းနဲ့ ဒိုင်ယာရီတစ်ခုပဲ ရသွားတယ်"

"ဟုတ်ရဲ့လား၊ သေချာရဲ့လား"

"အို...သေချာတယ်၊ ရှူးဝါး ရှူးဝါး။ ကိုယ့်ဆီမှာ သုံးကျပ်ဖိုး ဝယ်တာ သူတစ်ယောက်တည်း အနီ။ ဒါကြောင့် ကိုယ်ကောင်းကောင်း မှတ်မိလိုက်တယ်။ အနီတောင် သူ့ကိုတွေ့မလားလို့ ကိုယ် အကဲခတ်သေးတယ်။ အနီကလည်း တစ်ဖက်မှာရောင်းနေလို့ အလုပ်ရှုပ်နေတုန်း သူ့ကို မတွေ့လိုက်ဘူး"

မိရွှေဦး၏စကားကိုကြားတော့လည်း အနီ့မှာ အစ်ကို့ကို စိတ်ဆိုးမိသည်။ ရှက်လည်း ရှက်မိသည်။ အစ်ကို့ကြောင့် အနီရှုံးရသလို ဖြစ်နေ၏။

ဒါကြောင့်လည်း အိမ်ကလာကြိုမည့်ကားကို စောင့်နေလိုက်မိသည်။ အိမ်မှကားနှင့် အစ်ကို မုချပါလာမည်။ တွေ့လျှင် အနီ ကောင်းကောင်း ကြီးဆူလိုက်မည်။

အနီက အဲသလိုစိတ်ကူးပြီး မိရွှေဦးနှင့် လူချင်းခွဲလျက် ကားများ ရပ်တန့်ထားရာ ပလက်ဖောင်းမှာ အိမ်မှကားကို ရှာရသည်။ ကားကို တွေ့သည့်အခါတွင် ကားပေါ်၌ အစ်ကို့ကို မတွေ့ပေ။

အစ်ကိုသည် ကျောင်းဝင်းအတွင်းမှာပင် ရှိနေသေးသည်ဟု ဒရိုင် ဘာကပြော၏။ အနီက အစ်ကို့ကို ပြန်မရှာတော့ဘဲ ကားပေါ်ကိုသာ တက်ပြီးထိုင်နေလိုက်သည်။

အတန်ကြာလျှင် ခပ်လှမ်းလှမ်းမှ မိရွှေဦးတစ်ယောက် သုတ်သီး သုတ်ပျာနှင့် လာနေသည်ကို တွေ့ရသည်။ အနီ့ကားအနီးသို့ ရောက် လျှင်...

"အနီ.. အနီ့ကို အနီ့အစ်ကို လိုက်ရှာနေတယ်။ ဟောဟိုမှာ"

မိရွှေဦးက ပြောပြီး လှည့်ထွက်သွား၏။ အစ်ကိုနှင့်မိရွှေဦးတို့ တွေ့ခဲ့ကြပြီးဖြစ်သည်ကို ဗေဒင်မမေးဘဲနှင့်သိရပြီ။ အစ်ကိုသည် အနီ့ ကိုရှာဟန်နှင့် သူ့မိရွှေဦးဆီကို သွားသည်ဟုပဲ အနီက ထင်လိုက်သည်။

"အို.. ရွှေဦး ပြန်တော့မလား"

"ဟုတ်ကဲ့ အစ်ကို ဂွတ်(ဒ်)နိုက်"

မိရွှေဦးကို လှမ်းနှုတ်ဆက်သော အစ်ကို့အသံ၊ မိရွှေဦး၏ ပြန် လှန်ပြီး နှုတ်ဆက်လိုက်သံများကို အနီကြားလိုက်ရ၏။ အစ်ကို့မှာ ဒီလောက်အထိ ဣန္ဒြေပျက်နေသည်။

ကားဘေးမှရပ်ကာ အစ်ကိုသည် အနီ့ကို ခေါင်းလျှိုပြီးကြည့်၏။ ပြီးတော့ ပြုံးဖြီးဖြီးနှင့်...

"အနီ့ကို လိုက်ရှာလိုက်ရတာ၊ အနီကလည်း ဆိုင်မှာ စောင့်နေ

ရောပေါ့" ဟု အနီ့ကိုပင် သူကအပြစ်ပြောသလိုလိုနှင့် ပြောလာသေးသည်။

အနီ အစ်ကို့ကို စကားမပြောဘဲနေသည်။ အစ်ကို ကားပေါ်ကို တက်ပြီး ကားထွက်လာသည့်တိုင်အောင် စကားမပြောဘဲနေသည်။ အိမ်သို့ရောက်သည့်အခါတွင်လည်း စကားမပြောဘဲနေသည်။

"အနီ ဘာဖြစ်နေသလဲဟင်"

အနီက စကားမပြောဘဲနေသည့်အခါတွင် အစ်ကိုက အနီ့ကို လိုက်ပြီးချော့နေ၏။ မမဒေါ်လီတို့နှင့်ခွဲပြီး သည်မှာဘက်ခန်းတွင် အိပ်ရသော အနီ့ဆီကို အစ်ကိုကလိုက်လာသည်။ အစ်ကိုလိုက်လာလျှင် အနီက မှောက်ပြီးအိပ်နေလိုက်၏။ အစ်ကိုက အနီ့ကို ဘယ်လိုမှ စကားမေးမရသည့်အခါ သူ့အိပ်ခန်းသို့ သူပြန်သွားသည်။

မနက်စောစော ကော်ဖီဝိုင်းဆီမှာ မျက်လုံးချင်းဆုံကြသည့်အခါတွင် အစ်ကိုက မမဒေါ်လီနှင့် ဖေဖေတို့အား အနီစကားမပြောကြောင်း ဖွင့်ပြီး တိုင်တန်းလေသည်။

အနီက မျက်နှာစုံညီနှင့် သည်လိုတွေ့ဆုံလာသည့်အခါမှ ညက (ဖင်စီဖဲယား)တွင် အနီရှုံးခဲ့ရသည့်အကြောင်းကို ဖွင့်ပြောလိုက်သည်။

သည်တော့လည်း အစ်ကိုသည် ပြုံးနေ၏။ ဘာမျှ စောဒက မဝင်ဘဲ ရှိ၏။ ဒါကြောင့်ပင် အနီက ပိုပြီးစိတ်ဆိုးသည်။ နောက်နေ့ ညများတွင် မိန်ရှေ့ဦးဘက်မှာ အစ်ကိုများရောက်နေသလားဟု သတိပြုနေရသည့်အတွက် အနီပင် ဆက်တိုက်ရှုံးသည်။

"အနီရှုံးရတာ အစ်ကို့ကြောင့်၊ အစ်ကို့မိန်ရှေ့ဦးကို ကြိုက်ပြီး ဦးစားပေးလို့"

အနီက သူ့ကို ဒီအတိုင်းပြောလိုက်၏။ အစ်ကိုက ဘာမျှပြန်မပြောဘဲ ရယ်ပြီး အနီ့အနီးမှ ထွက်ခွာသွားသည်။

"အစ်ကိုနော်၊ အနီမပါဘဲ မိရွှေဦးကို ဘယ်တော့မှမရဘူး သိ လား"

အနီက လှမ်းပြီး ဟစ်အော်ပြောဆိုလိုက်၏။ အစ်ကိုက ဒီတော့ မှ ရှေ့သို့လှမ်းနေသောခြေလှမ်းများကို ရပ်တန့်လိုက်ကာ အနီ့ဆီသို့ ပြန်လှည့်ပြီး ပြေးလာသည်။

"ဒီလိုတော့ မလုပ်ပါနဲ့ အနီရယ်"

အစ်ကိုက မျက်နှာသေကလေးနှင့် တောင်းပန်နေ၏။ ပြီးတော့ အနီ့ပခုံးကို ဖက်လျက်...

"အနီရယ်.. အစ်ကိုမှားပါတယ်ကွယ်" ဟု ဆက်ပြီးတောင်းပန် လာလေသည်။ သည်လိုဆိုတော့လည်း အနီက အစ်ကို့ကို သနားမိပြန် လေသည်။ အနီဘာမျှ သူ့ကိုမပြောတော့။

နောက်ဆုံး ကျောင်းရန်ပုံငွေရှာပွဲ ပြီးဆုံးသွားသည့်ညကဆိုလျှင် အနီနှင့် မိရွှေဦးတို့ မျက်နှာချင်းဆိုင်မိသေးသည်။ ဖာသာနှင့်မာသာ တို့က သူတို့အရှုံးအမြတ်ကို စာရင်းရှင်းပြသည့်အချိန်တွင် မိရွှေဦး က အနီ့အနီးကိုလာပြီး "အနီ.. ကိုယ်တော့ ဒုက္ခပဲအနီ...." ဟုပြော သည်။ သူ့အသားများကလည်း တုန်နေသည်။

"ဘာဖြစ်လို့တုန်း မိရွှေနီ"

"ဟောဒီမှာကြည့်စမ်း"

မိရွှေဦးက စာရွက်ကလေးတစ်ရွက်ကို အနီ့လက်ထဲ ထည့်ပေး ၏။ ပြီးတော့ မျက်လုံးကလေးဝိုင်းဝိုင်းနှင့် အနီ့ကိုကြည့်၏။ အနီက ဘာစာရွက်မှန်းမသိသေးသော်လည်း ရုတ်တရက်တော့မှု ထိတ်ခနဲ ဖြစ်ရသည်။

အနီ့အား ကျောင်းကို အစ်ကိုကလိုက်ပို့၏။ အစ်ကိုနှင့်မိရွှေဦးတို့ တွေ့ဆုံကြပြီး အစ်ကိုကများ မိရွှေဦးကို ရည်းစားစာ မေတ္တာစာပေး သလား။

ကိုယ့်ဘာသာကို စိတ်ပူရင်း မိရွှေဦး မျက်နှာကို မကြည့်ရဲဘဲ ရှိသည်။ စာရင်းရှင်းတမ်း ပြုလုပ်နေသော နေရာမှလည်း မိရွှေဦးကို အသာ လက်တို့ကာ ခေါ်ထုတ်ခဲ့ရ၏။ နှစ်ယောက်သား (အိမ်သာ)ရှိရာဆီသို့ ပြေးခဲ့ကြရ၏။

"ဒီစာက ဘာစာလဲ ရည်းစားစာလား"

"ဟုတ်တယ် ဟုတ်တယ်၊ ဖတ်ကြည့်စမ်း"

"ဖတ်တာက နေပါဦး၊ ဒီစာ ဘယ်သူကဘယ်နေရာမှာ ပေးတာလဲ မိရွှေဦး"

အဲဒီလို မေးလိုက်သည့်အခါတွင် မိရွှေဦးသည် စကားချက်ချင်း မပြောနိုင်သေးဘဲ ပြုံးနေ၏။ အိမ်သာတွင်းမှ မီးရောင်အောက်တွင် ပြုံးနေသော မိရွှေဦး၏ မျက်နှာမှာ ရှက်သွေးကလေးများတော့ ဖြန်းနေပုံ ရလေသည်။

အနီကစာကိုဖွင့်ပြီး မဖတ်သေးဘဲ အောက်ဆုံးက စာရေးသူ၏ လက်မှတ်ကို ကပျာကယာဆိုသလို လှမ်းကြည့်လိုက်လေသည်။ လက်ရေးနှင့် လက်မှတ်များက အစ်ကိုလက်ရေးနှင့် လက်မှတ်တို့ မဟုတ်ပေ။ အစ်ကိုသည် သူ့နာမည်ကို ကိုကိုကြီးဆိုသော လက်မှတ်ကို (ကေတူးဂျီ) ဟု ထိုးတတ်ထိုးလေ့ရှိ၏။

"ဒီလက်မှတ်က ဘယ်သူ့လက်မှတ်လဲ၊ ဟိုကောင်နဲ့တူတယ် ဖရက်ဒီ"

"အို်း....ရက်(စ်)"

"ဟင်း အမယ်လေး အခုမှ အနီ စိတ်အေးသွားတယ်"

"ဘာဖြစ်လို့လဲ အနီ"

"အနီက အနီ့အစ်ကိုကများ ပေးသလားလို့ ထိတ်သွားတာ"

အနီ့စကားကြောင့် မိရွှေဦးသည် မျက်တောင်ကလေးကို တဖျပ်

ဖျပ်ခတ်လိုက်၏။ မျက်နှာပြင်က ပြုံးနေ၏။

"အဲဒီစာကိုဖရက်ဒီက ကိုယ့်ကိုပေးနေတာက ကားတွေကြား မှာပေါ့အနီ၊ ကိုယ်ကရှက်ပြီး ဘေးကိုလှမ်းကြည့်လိုက်တော့လေ"

"အင်း ဘယ်သူနဲ့တွေ့သလဲ မြန်မြန်ပြောစမ်းပါကွယ်"

"အို....အနီတို့ ကားပေါ်က အနီ့အစ်ကိုကိုတွေ့ရတာပေါ့။ အနီ ကိုယ် ရှက်လိုက်တာကွယ်"

မိရွှေဦးက ပြောသည်။ ပြီးတော့နှစ်ယောက်သား အိမ်သာထဲမှ ထွက်လာကြရသည်။ ဖရက်ဒီဆိုသော အကောင်မှာ လမ်းသရဲဂိုက်ဖမ်းပြီး အယ်လ်ဗစ်ပရက်စလေလိုဟန်ပန်နှင့် ဂီတာတီးတတ်သူဖြစ်၏။ အခြား သူများ၏ မျက်စိထဲတွင်တော့ မည်သို့နေမည်မသိ။ အနီကတော့ သူ့ကို နည်းနည်းမှ ကြည့်၍မရအောင် မျက်စိနောက်သည်။ ဒီလို ပရက်စလေ အတုမျိုးနှင့် မိရွှေဦး နည်းနည်းမှ မတန်ပါချေ။

"မိရွှေဦးက ဖရက်ဒီကို ဘယ်လိုသဘောထားသလဲဟင်၊ မကြိုက် ပါနဲ့လားဟင်"

"အို....ကိုယ်မကြိုက်ပါဘူး အနီ၊ ကိုယ်ရှက်တာပဲ၊ အနီ့အစ်ကို မြင်သွားတာကိုသာ ကိုယ်ရှက်တာပဲ"

ဖရက်ဒီကို မိရွှေဦးက မကြိုက် မနှစ်သက်ပါဘူး ဆိုသောအခါ တွင်မှ အနီကလည်း ဝမ်းသာမိ၏။ အနီ့ အစ်ကိုအတွက် မျှော်လင့် ချက် ရှိသေးသည်။

"မိရွှေဦး"

"ဘာလဲ အနီ"

"ကိုယ် တစ်ခုပြောထားချင်တယ်၊ ကိုယ်သဘောတူတဲ့လူကိုမှ မိရွှေဦးကြိုက်ပါလားကွယ်"

"အို..."

မိရွှေဦးက အနီ့ကို ကြည့်သည်။ ပြီးတော့ ဘာမျှမပြောသေးဘဲ ဦးခေါင်းကိုငုံ့ပြီး လမ်းလျှောက်သွားလေသည်။

"ဒါတော့ အချစ်ဆုံး သူငယ်ချင်းနဲ့ တိုင်ပင်ရမှာပေါ့ကွယ်"

အနီ့ကို မကြည့်ဘဲ မိရွှေဦးက ဒီအတိုင်းပြောလေသည်။ မိရွှေဦးကို အနီက အနီတို့ကားနှင့် တစ်ပါတည်း လိုက်ပို့မည်ဟု လောကွတ်ချော်လိုက်လေသည်။

အစ်ကိုနှင့် အနီတို့ စိတ်ဆိုးနေကြသည့်တိုင်အောင် ကြားမှ အနှောင့်အယှက်ဝင်လာသည့်အခါတွင် အနီသည် အရေးကြီးက သွေးနီးသည်ဆိုသော စကားအတိုင်းသာ ကျင့်သုံးရမည် ဖြစ်လေသည်။ မိရွှေဦးတစ်ယောက်ကိုမူ အနီက အစ်ကို့ထံမှတစ်ပါး အခြားမည်သည့်နေရာသို့မျှ မရောက်စေလိုပေ။

အနီနှင့် မိရွှေဦးတို့က နောက်ပိုင်းမှထိုင်ကြကာ အစ်ကိုကမူ ဒရိုင်ဘာဘေးမှ ထိုင်ရင်းလိုက်ပါလာကြသည်။ လမ်းတွင်စကားမပြောကြဘဲနေသည်။ အစ်ကိုကမူ မိရွှေဦးတစ်ယောက် အနီတို့နှင့် ပါလာသည်ကို တစ်ချက်လှမ်းကြည့်ပြီး သူ့ဘာသာသူ ဣန္ဒြေမပျက်နေသည်။

အနီကလည်း အစ်ကို့ကိုဒဏ်ခတ်သည့်သဘောနှင့် ရေလာမြောင်းပေးစကားများကို မပြောဘဲနေသည်။ အနီက အစ်ကို့ကို အနီမပါဘဲ မိရွှေဦးကိစ္စ တကယ်မချောမောကြောင်းကို ပြလို၍လည်းဖြစ်သည်။ အနီက မိရွှေဦးအား နေအိမ်သို့ပြန်ပို့ပြီးသောအခါမှ မိရွှေဦးထံမှ ရထားသောစာကို အစ်ကို့အားထုတ်ပြရလေသည်။

အစ်ကိုသည် ဖရက်ဒီ၏ စာကိုဖတ်ပြီးသောအခါတွင် မျက်တောင်များကို တဖျပ်ဖျပ် ခတ်လိုက်၏။ ပြီးတော့ အနီ့ကိုကြည့်၏။ သူက အနီ့ကိုတောင်းပန်လိုသော အရိပ်အယောင်များ သမ်းနေသည်။

အနီကတော့မူ အစ်ကိုဒီလိုဖြစ်လာသည်ကို မြင်လိုသည်။ အနီ့

အတွက်ကြောင့် အစ်ကိုနည်းနည်းပါးပါးဆိုသလို စိတ်ဆင်းရဲသွားသည်ကိုလည်း တွေ့လိုသည်။

"အနီ မိရွှေဦးမှာ ရည်းစားရှိတယ်ပေါ့နော်"

အနီက ပြုံးရလေသည်။ ဖရက်ဒီ၏ စာကိုဖတ်ပြီး အစ်ကိုသည် အင်မတန်စိုးရိမ်ကြီးနေ၏။

"ဟုတ်မှာပေါ့အစ်ကို၊ အစ်ကို့ကားနားမှာပဲ သူတို့ စာအပေးအယူလုပ်သွားကြတယ် မဟုတ်လား"

"အို...ဟုတ်သားပဲ"

အနီကသတိပေးသလိုနှင့် ပြောလိုက်မှ အစ်ကိုသည် "အို...ဟုတ်သားပဲ" ဟု ဆိုကာ သူတွေ့ခဲ့သည့်အဖြစ်ကလေးကိုပြန်ပြီး ပြောပြ၏။

မိရွှေဦးက ဖရက်ဒီကို စိတ်များကောက်နေသည် ထင်ကြောင်းများကိုပါ အစ်ကိုကပြောနေသည်။ အစ်ကို့ရိုးသားပုံ အ,ပုံများကြောင့် အနီ့မှာ ထိုစဉ်အခါက အင်မတန်ရယ်ချင်နေလေသည်။ ဒါပေမဲ့ မျက်နှာကို ပုံသေထားပြီး နေခဲ့ရသည်။

ထိုနေ့၏ နောက်ပိုင်းတွင် အစ်ကိုသည် အနီ့ကို စကားမပြောတော့ပေ။ သူ့ဘာသာသူ တစ်ယောက်တည်း ထွက်လည်လာ၏။ ယခင်အခါများကမူ ရုပ်ရှင်ကလေးကြည့်စရာရှိလျှင် သတိတရနှင့် အနီ့ကို ခေါ်တတ်သည်။ အင်မတန်ကောင်းသည်ဆိုသော ရုပ်ရှင်များကို အစ်ကိုက အနီ့လက်ကိုတွဲပြီးကြည့်သည်။ ယခုတော့ အစ်ကိုက အနီ့ကို လမ်းခွဲလေသည်။

အနီကလည်း အနီ့မာနနှင့်ပင် ဖြစ်သည်။ အစ်ကိုနှင့်အတူ မသွားရသည့်အခါတွင် အနီက မိရွှေဦးကို အဖော်လုပ်သည်။ မိရွှေဦးနှင့် တွဲသည်။

အနီနှင့်မိရွှေဦးတို့ တပူးတွဲတွဲ ရှိလာသည့်အခါတွင် အစ်ကိုသည်

အနီ့ကို ပြန်ပြီးချော့လာပြန်လေသည်။

"အစ်ကို့ကို ကြည့်ပါဦးကွယ်၊ အစ်ကို ဖရက်ဒီနဲ့တွေ့ပြီး စုံစမ်းပြီးပါပြီ။ သူက သူတို့ ဘာမှမဖြစ်ကြပါဘူးလို့ပြောတယ် အနီ"

အစ်ကိုက အနီ့ကို စကားတတွတ်တွတ် ပြောလာသည်။ အစ်ကို့မျက်နှာကိုကြည့်ပြီး အနီက သနားမိ၏။ ဒါကြောင့် ကြာရှည်အောင် စိတ်ဆိုးပြီးမနေနိုင်တော့။

အစ်ကိုအားလပ်သည့် ရက်တစ်ရက်မှာ အနီက မိရွှေဦးကိုပါ တိုင်ပင်ပြီး အင်းလျားဘက်ကို အပျော်ခရီး အလည်အပတ်ထွက်ခဲ့သည်။

အစ်ကိုနှင့် မိရွှေဦးတို့ နီးစပ်ဖို့အတွက် အနီကအကြံဉာဏ်များ ထုတ်ရသည်။ မိရွှေဦးကိုလည်း အနီက ကြိုတင်ပြီး အကြောင်း မကြားရဲပေ။ သူတို့နှစ်ယောက်တွေ့ဆုံပြီး သူတို့ဘာသာသူတို့ ခရီးသွားနိုင်ကြပြီဆိုလျှင် အနီ့အတွက် တော်လောက်ပေပြီ။

အနီက သူတို့နှစ်ယောက်တည်းထားပြီး တခြားတစ်နေရာကို ရှောင်ထွက်သည်။ အနီရှောင်ထွက်ပါများသည့်အခါတွင် မိရွှေဦးက ရိပ်မိပုံရလေသည်။ နောက်နောင် အနီခွဲခွာမည်ဆိုလျှင် အနီ့အနီးမှ သူ မခွာတော့။

သူက အနီ့ပါးကို သူ့လက်ကလေးများနှင့် ဆွဲလိမ်သည်။ ပြီးတော့...

"အင်မတန်ဉာဏ်များတယ် အနီ၊ အနီ့ကို ကိုယ်မချစ်ရင် သတ်ပစ်တယ်သိလား" ဟု ပြောသည်။ အနီက ပြုံးကာ ဘာမျှမသိသလိုနှင့် သူ့ကို "ဘာလဲ.. ဘာလဲ.." ဟု မေးရသည်။

ဒီတော့မှ အနီ့လက်ကိုဆွဲကာ သရက်ပင်ကြီးတစ်ပင်အောက်ကို ခေါ်သွားလျက် ခပ်တိုးတိုးနှင့် စကားတစ်ခွန်းကို ပြောလေသည်။ အို အနီ ဝမ်းသာလိုက်တာမပြောနှင့်တော့၊ အစ်ကိုတစ်ယောက် မိရွှေဦး ကို "စွဲသည်" ဆိုတော့ အနီ့မှာ သရက်ပင်ရင်းမှာပင် ထခုန်မိသည်။

အနီထခုန်နေသည်ကိုမြင်ရသော မိရွှေဦးက မျက်လုံးများ အကြောင်သားနှင့် ကြည့်နေ၏။ မိရွှေဦးမှာ မျက်နှာကလေးနီမြန်းနေသည်။ အစ်ကိုတစ်ယောက် သူ့အနီးမှာလာပြီး ရပ်သောအခါတွင် သူက အနီ့ဘက်ကို တိုးကပ်လာလေသည်။

သူတို့နှစ်ယောက်မှာ ဒီအချိန် ဒီကာလကစပြီး မေတ္တာပေါင်းကူးကာ ဆက်သွယ်နေကြသည်။ သူတို့ဆက်ဆံကြပုံမှာ အင်မတန်ရယ်မောစရာကောင်းသည်။ မောရှေ၏အကြောင်းနှင့် ပညတ်တော်များကိုပြောနေကြသည့် ဟန်ပန်အနေအထား အပြည့်အဝ သူတို့နှစ်ယောက်မှာရှိသည်။

တစ်ခုပဲ သူတို့က သာ၏။ စာနှင့်သာ ရေးကြရမည်ဆိုလျှင် သူတို့၏ အချစ်အဘိဓမ္မာတွေမှာလည်း ကမ္ဘာကျော်ကျမ်းစာအုပ်ကြီး တစ်အုပ်ပင် ဖြစ်ထိုက်လေသည်။

"အစ်ကိုတို့ဟာက ခရီးရှည်လိုက်တာ၊ လူချင်းလည်းတွေ့ကြတယ်၊ စကားလည်းပြောရတယ်၊ စာလည်းပေးကြ၊ ယူကြတယ်။ စကားပြောတဲ့အထဲမှာ အဲဒီအကြောင်းတွေမပါဘူးလား"

အနီက မေးလိုက်သည့်အခါတွင် အစ်ကိုသည် လျင်မြန်စွာနှင့် ဦးခေါင်းကို ခါယမ်းလိုက်လေသည်။ မျက်နှာပြင်က ပြုံးနေ၏။

"ဒါဖြင့် အစ်ကိုတို့ ဘာတွေပြောနေကြသလဲ"

"အစ်ကိုက အစ်ကိုတို့မောင်နှမတွေ အိမ်ထောင်မပြုကြဘူးဆိုတဲ့ အဓိဋ္ဌာန်ကိုပြောလိုက်တယ်"

"ဟယ်"

အစ်ကို့စကားကြောင့် အနီ့မှာ ရယ်ရလေသည်။

ချစ်သူတစ်ယောက်ကို အချစ်မှ ဖဲကြဉ်စေသည့် စကားမျိုးကိုမှ အစ်ကိုက ပြောရက်လေသည်။ ဒီလောက်အထိလည်း အစ်ကို့အသိမှာ

ထိုင်းအလွန်းသည်ဟု အနီကတွေးပြီး ရယ်သည့်အခါ အစ်ကိုက မျက်နှာပျက်သွားသည်။

"အစ်ကို့စာတစ်စောင်ကို အနီ မိရွှေဦးဆီက ဖတ်ရပါတယ်။ အစ်ကိုကလည်း အချစ်ဝတ္ထုတွေကို ရေးရင်တောင် ဖြစ်နိုင်တဲ့စာတွေ အများကြီးပါလား အစ်ကို"

အနီပြောသောအခါတွင် အစ်ကိုသည် အနီ့ အနီးမှ ထပြေးလေသည်။ အနီက မမဒေါ်လီကို ဒီအကြောင်းပြောပြလိုက်သည်။ မမ ဒေါ်လီမှာ အစ်ကို့ထက် 'အ' သူ ဖြစ်လေသည်။ ရည်းစားထားဖူးသောသို့မဟုတ် ချစ်သူရှာဖူးသော သူတစ်ယောက်မဟုတ်ပေ။

စာနှင့်စကားပြောနေကြရာမှ သူတို့နှစ်ယောက်မှာ ဘာပြဿနာပေါ်လာသည်မသိ၊ တစ်နေ့ မိရွှေဦးနှင့်တွေ့သည့်အခါ "တော်ပြီ... တော်ပြီ" ဟု ခေါင်းတခါခါ လည်တယမ်းယမ်းနှင့် ပြောသည်ကို ကြားရသည်။

"ဘာတော်တာလဲ ဟင်....မိရွှေဦးက"

အနီ့အမေးကို မိရွှေဦးက အဖြေမပေးဘဲ နေသည်။ ကျောင်းမှ ဘုရားရှိခိုးရာ ခန်းမရှိ လက်ဝါးကပ်တိုင်ကို မော်ပြီးကြည့်နေသည်။ နောက်ဘက်ရှိ မိုးပြာအောက်တွင် တိမ်ဖြူများက ပြေးလွှားနေ၏။

"ဟောဒီ ခရစ်စမတ်မှာ အနီ့အစ်ကိုက ရွှေဦးကို သူနဲ့အတူတူ အသိအိမ်တွေကို လိုက်ရမယ်တဲ့ အနီ၊ ကိုယ် ဘယ့်နှယ်လိုက်လို့ဖြစ်မှာလဲဟင်၊ ကိုယ်တို့က ခရစ်ယာန်တွေဆိုပေမဲ့ ဗမာခရစ်ယာန် တွေပါ၊ ဒီလောက်အထိ လွတ်လွတ်လပ်လပ် မနေချင်ဘူး မဟုတ်လား"

"အဲဒါနဲ့ပဲ တော်ပြီ တော်ပြီလို့ ပြောရသလား မိရွှေဦးရယ်၊ သူ့ ကို အကျိုးအကြောင်း ရှင်းပြလိုက်ပေါ့၊ အင်္ဂလို အိန္ဒိယန်းတွေလောက်တော့ ကိုယ်တို့က ဘယ်လွတ်လပ်မှာတုံး"

အနီက အကြံပေးသည်။ ဒီတော့မှလည်း အနီ့အနီးမှ စာအုပ်

တစ်အုပ်ကို ကောက်ယူပြီး မိရွှေဦးက အစ်ကို့ထံစာတစ်စောင်ကို ရေးလေသည်။

စာကိုဖတ်ပြီးသောအခါ အစ်ကိုသည် အနီးအနီးမှာရှိသော မိရွှေဦးကို မကြည့်ဘဲ နောက်ထပ် ဘာမျှအကျိုးအကြောင်း မပြောတော့ဘဲ ထွက်ခွာသွားသည်။

အစ်ကိုထွက်ခွာသွားသည့်အခါတွင် မိရွှေဦးမှာ မျက်ရည်ကလေးများ ရစ်ဝဲပြီးကျန်ရစ်ခဲ့သည်ကိုတော့ အနီက တွေ့လိုက်ရ၏။ သည့်နောက်ပိုင်းတွင် အစ်ကို့မှာ သူ့ဘာသာသူ နာကြည်းချက်ကလေးတွေ ရှိနေသကဲ့သို့ အရက်သောက်၍လာလေသည်။

"ကိုယ်ဖြစ်ချင်တာကို အတင်းဖြစ်ခိုင်းတာထက် ဖြစ်လာတဲ့အပေါ်မှာ ချွတ်ယွင်းချက်ကလေးတွေကို ရှာပါလား အစ်ကို၊ အနီ သိသလောက် မိရွှေဦးကလေးဟာ ရိုးရိုးအေးအေးကလေးပါ အစ်ကိုရယ်၊ သူ အစ်ကို့ဆန္ဒကို မလိုက်လျောတာက အကြောင်းရှိမှာပေါ့ အကို"

အနီ့စကားကြောင့် အစ်ကိုသည် မျက်နှာနီနီနှင့် အနီ့ကို လှမ်းကြည့်လာလေသည်။ အနီက အစ်ကို့ကို ဒီလိုပြောပြီးသောအခါ အစ်ကိုက...

"ဘာပြောတယ် အနီ၊ ချွတ်ယွင်းချက်ကို ရှာရမယ်ဟုတ်လား၊ အစ်ကို ဘာမှမချွတ်ယွင်းဘဲနဲ့ အနီရယ်"

အစ်ကို့မှာ ခပ်တိမ်တိမ် ဖြစ်လေသည်။ အစ်ကိုက မိရွှေဦးတစ်ယောက် သူ့အပေါ်မှာ မလိုက်လျောသည့် ဒီအချက်ကလေးတစ်ချက်ကိုပင် ကမ္ဘာ့ထုံးတမ်းစဉ်လာကြီးတစ်ခုကို ချိုးဖောက်သကဲ့သို့ ထင်မြင်နေ၏။ တကယ်တော့လည်း တစ်ဖက်မှ မိရွှေဦးမှာ အင်္ဂလန်မှ အင်္ဂလိပ်မကလေး တစ်ယောက်မဟုတ်ကြောင်းကို အစ်ကိုသတိပြုမိဟန်မတူပေ။ ဒါကြောင့်လည်း အနီက အစ်ကို့ကိုရှင်းပြရ၏။ အစ်ကိုသည် နားမလည်

သကဲ့သို့ ရှိ၏။ ပြီးတော့ အစ်ကို့မှာ တစ်ယူသန်လျက်ရှိနေသည်။ သူ့အလိုကို လိုက်မှ သူက ကျေနပ်ချင်သောစိတ် ရှိသည်။ အလိုလိုက် အကြိုက်ကို ပေးသည်ဆိုသည်မှာ အမြဲတမ်း မရနိုင်ဟုထင်သည်။ အနီ့အထင်က မှားချင်လည်း မှားပေမည်။

အစ်ကို့ကို အနီက တစ်ခုတော့တောင်းပန်ရလေသည်။ ခရစ် စမတ် မတိုင်မီ မိရွှေဦးနှင့် အစ်ကိုတို့နှစ်ယောက် တွေ့ဆုံပြီး ပြောကြဖို့ပဲဖြစ်၏။ မိရွှေဦးနှင့် အစ်ကိုတို့ ကွဲပြားသွားကြမည်ဆိုသည် ကိုတော့ ဘာမျှမဟုတ် သည့် အကြောင်းကလေးတစ်ချက်အပေါ်တွင် အခြေမခံလိုပေ။ ဒါကြောင့် အစ်ကို့ကို အနီက တိုက်တွန်းရ သည်။

"မေတ္တာနဲ့သာ ပြောပါရစေအစ်ကို၊ အစ်ကိုနဲ့မိရွှေဦးတို့ ထပ်ပြီး တွေ့ဆုံလိုက်ပါဦးလား"

အစ်ကို အနီ့ကို စကားမပြန်သေးဘဲ ကျောင်းတံခါးဝမှရပ်ကာ ဘုရားရှိခိုးကျောင်း၏ထိပ်မှ လက်ဝါးကပ်တိုင်ကို မော်ကြည့်နေ၏။ အနီက ကျောင်းဝင်းအတွင်းကိုဝင်သွားပြီး မိရွှေဦးတစ်ယောက်ကို ရှာဖွေကာ အစ်ကို စောင့်နေကြောင်းကိုပြောပြပြီး သွားရောက်တွေ့ဆုံဖို့ကိုလည်း တိုက်တွန်းလိုက်၏။

မိရွှေဦးသည် မျက်လုံးပြာပြာကလေးများအပေါ်မှ မျက်တောင်ကော့ ကလေးအစုံကို တဖျပ်ဖျပ်နှင့်ခတ်လိုက်၏။ ပြီးတော့ မလှမ်းချင် လှမ်းချင် ခြေလှမ်းများနှင့် အပြင်ဘက်ဆီသို့ ထွက်ခွာသွား၏။

မိရွှေဦးတစ်ယောက်နှင့် အစ်ကိုတို့ မကြာမတင်ကလေးမှာပင် တွေ့ဆုံကြတော့မည်။ သူတို့နှစ်ယောက် တွေ့ဆုံသည့်အခါတွင် မေတ္တာ နှင့်ပင် စကားပြောနိုင်ကြပါစေဟု အနီက ဆုတောင်းသည်။

မိရွှေဦးနှင့်အစ်ကိုတို့ဆုံကြမည့် စိန်ပန်းပင်မှ သစ်ရွက်စိမ်းစိမ်း ကလေးတို့သည် ဘုရားရှိခိုးကျောင်းမှ အုတ်နီနီနှင့် များစွာပနံရလျက်

ရှိနေသည်။ မိရွှေဦးတစ်ယောက်နှင့် အစ်ကိုတို့တွေ့သည့်အခါတွင် သူတို့နှစ်ယောက် ဘာပြောကြမည်ကိုလည်း အနီက သိလိုသည်။ သိချင်သောဆန္ဒစိတ်များက အနီ့ထံမှာ ပြင်းထန်နေသည်။

သို့ကြောင့်ပင်လည်း အနီသည် သူတို့နှစ်ယောက်ရှိမည့်နေရာသို့ လိုက်လံကြည့်ရှု အကဲခတ်ရန်အတွက် အားထုတ်မိသေးသည်။ ခြေလှမ်းကလေးများကို သုံး–လေးလှမ်းဆိုသလို လှမ်းပြီးမှပင် အနီ သိရ၏။

ချစ်သူအချင်းချင်းဆိုသည်မှာ သူတို့နှစ်ကိုယ်ကြား ပြောကြဆိုကြခြင်းနှင့် တစ်ပါးသူတစ်ယောက်အနီးတွင်ရှိသော ပြောကြဆိုကြပုံများ တူညီလိမ့်မည် မဟုတ်ပါချေ။

အနီက ကျောင်းဝရန်တာမှာပင် မီကာရပ်လျက် ပြန်လာမည့် မိရွှေဦးကို လည်တိုင်တမော့မော့နှင့် စောင့်မျှော်နေရသည်။

အနီ စောင့်မျှော်နေသည့်အချိန်ပိုင်းမှာ မိရွှေဦးတစ်ယောက်၏ အရိပ်အယောင်ကို မမြင်ရ။

မိရွှေဦးကို မမြင်ရသောအခါတွင် အနီက စိတ်ထင့်လာသည်။ ဘာများဖြစ်နေကြပါလိမ့်ဟုလည်း အနီ စိတ်ပူသည်။ အစ်ကို့ကိုလည်း အနီက စိတ်ဆိုးမိသည်။

ကိုယ့်အတွက် ချစ်သူဆိုသော မိရွှေဦးထံမှ အဖြေကိုရလျှင် ပြန်လွှတ်လိုက်ပါတော့လား။

အနီက မကျေမချမ်းနှင့် ကျောင်းစာရေးခုံမှာ ဝင်ထိုင်လိုက်ရသည်။ အတန်ကြာသောအခါတွင်မှ မိရွှေဦးတစ်ယောက် ကျောင်းထဲကို ဝင်လာသည်ကို တွေ့ရ၏။ အနီက ချက်ချင်းဆိုသလို ထသွားပြီး မေးလိုက်ချင်၏။ သို့ပေမဲ့ အနီ့မှာ မာသာများ၊ ကျောင်းသင်ခန်းစာများကြောင့် မလွတ်လပ်၊ မသွားရောက်နိုင် ဖြစ်ရသည်။

အနီရှိရာမှပင် မိရွှေဦးကို အနီ အကဲခတ်ရ၏။ မိရွှေဦး၏မျက်နှာ

ပြင်ကလေးမှာ နှင်းဆီရောင်သမ်းပြီး ကျောင်းသင်ခန်းစာများကိုသာ ဣန္ဒြေမပျက် လေ့ကျင့်နေသည်ကို တွေ့ရသည်။

အနီတို့အားလုံး ကျောင်းလွှတ်သောအချိန်တွင် အနီက မိရွှေဦးကိုစောင့်ပြီး သူတို့နှစ်ယောက်၏အခြေအနေကို မေးရသည်။ မိရွှေဦးက အနီ့ကို မပွင့်တပွင့်ကလေးနှင့် ပြုံးပြီးကြည့်၏။ ပြီးတော့ ခြေလှမ်းကျဲကျဲနှင့် ထွက်ခွာသွား၏။

"မိရွှေဦး.. မိရွှေဦး.."

အနီက လှမ်းခေါ်သော်လည်း မိရွှေဦးက နားမကြားသကဲ့သို့ ရှေ့ကိုသာဦးစိုက်ပြီး သွားနေ၏။ အနီတို့အိမ်မှ ကားအနီးသို့ရောက်သည့်အခါတွင် မိရွှေဦးက နောက်မှလိုက်လာသော အနီ့ကို သမင်လည်ပြန်လှည့်ကြည့်ပြီး အနီတို့ကားပေါ်သို့ တက်သွားသည်ကို တွေ့ရသည်။ အနီက ကားကိုလှမ်းကြည့်လိုက်တော့မှ လား...လား... အစ်ကို့ကိုတွေ့ရသည်။ အစ်ကို့အနီးမှာ မိရွှေဦးက ယှဉ်လျက်သားထိုင်နေသည်။

အနီ အနီးသို့ရောက်သောအခါ အစ်ကိုက အနီ့ကို "အနီရေ.... ရှေ့မှာထိုင်ဟေ့" ဟု လှမ်းပြီးပြောလိုက်၏။

အနီက မိရွှေဦးကို တစ်ချက်ကြည့်ပြီး ပြုံးလိုက်မိသည်။ မိရွှေဦးသည် အနီ့အနီးသို့ရောက်သည့်အခါတွင် ဦးခေါင်းကို တွင်တွင်ကြီးငုံ့ထား၏။

နှင်းဆီရောင်သမ်းနေသည့် မျက်နှာကလေးမှာ ခပ်စိုက်စိုက်ရှိနေ၏။ အနီက "တော်ပြီ.. တော်ပြီ..."ဟု မိရွှေဦး ယခင်ကပြောဖူးသည့်စကားကို ပြန်ပြီးသတိရကာ ပြောလိုက်သောအခါ မိရွှေဦး၏ မျက်နှာပြင်မှာ ပြုံးယောင်သမ်းလာလေသည်။ ရှက်ပြုံးကလေးပင် ဖြစ်ပါမည်။

တကယ်တော့လည်း အတူတကွ မလိုက်ချင်ပါဘူးဟု ငြင်းဆို

ခဲ့သော မိရွှေဦးသည် ယခု အစ်ကိုနှင့်ယှဉ်ပြီး အစ်ကိုခေါ်ရာကိုပင် လိုက်ပါလာပြီ မဟုတ်ပါလား။

နီးစပ်သော မေတ္တာစာတ်၏အဟုန်သည် ယခုမှ မိရွှေဦး၏အထံမှာ ပေါ်ပေါက်လာသည်ထင်ရပါ၏။

အစ်ကိုက "အနီရေ.. အစ်ကိုတို့ အင်းလျားဘက်ကို ခဏသွားကြရအောင်..."ဟုပြောလာသည်။ ကားကလည်း သည်အချိန်မှာ အိခနဲ ထိုးပြီးထွက်သွားသည်။

အနီ့စိတ်ထဲတွင်မူ အင်းလျားသို့ရောက်သည့်အခါတွင် ခပ်စောစောပိုင်းက စိန်ပန်းပင်အနီးမှာ အစ်ကိုနှင့်မိရွှေဦးတို့ ပြောခဲ့ကြသော စကားများကို မေးလိုက်မည်ဟု စိတ်ကူးပြီး ကားရှေ့မှန်အပြင်ကို အမှတ်တမဲ့ ကြည့်လိုက်မိရာ "အို" ဟု အနီ့ပါးစပ်မှ အသံကလေး ထွက်သွားခဲ့၏။

အနီ့အသံကြောင့် အစ်ကိုနှင့်မိရွှေဦးတို့သည် ခပ်ခွာခွာကလေး နေလိုက်ကြပြီးနောက် တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ ပြုံးလိုက်ကြသည်ကို တွေ့လိုက်ရပါသတည်း။ ။

မြဝတီ၊ မေ၊ ၁၉၆၁

❑

## ကဇော်သမားနှင့်အလျော်အစား

ခွဲကြပြီဖြစ်၏။ လမ်းတစ်ခုသို့အတူလျှောက်ခဲ့ကြရာမှ ရုတ်တရက် မဖော်ပြနိုင်သော ဝေဒနာ၏အရှိန်ကြောင့် 'ခွဲ'ကြပြီဖြစ်၏။

လူတစ်ယောက်သည် မျက်ရည်စက်လက်နှင့် အိပ်ခန်းတွင်းရှိ သူပိုင်ပစ္စည်းများကို သိမ်းဆည်းလျက်ရှိနေသည်။ တစ်ယောက်ကမူ အိမ်၏ပြတင်းမှမြင်ရသော ကောင်းကင်ဆီသို့ မော်ပြီးကြည့်နေ၏။ ဤဟန်အမူအရာများကပင် မလွှဲသာ၍ ခွဲခွာရခြင်းအဓိပ္ပာယ်ကို နှစ်ယောက်စလုံးမှာပင် ပေါ်လွင်နေစေသည်။

မူလက စိတ်နှင့်ရုပ်မှာ ဘယ်ကပိုပြီး အဓိကကျသည်ကိုဖြေပါ ဆိုလျှင် တစ်ယောက်သော ကိုသက်သည် 'စိတ်'ဟုပင် အဆော တလျင် အဖြေပေးတတ်၏။ စိတ်ပိုင်း သို့မဟုတ် အာရုံပိုင်းဆိုသည်မှာ ဒြပ်ဝတ္ထုမရှိပါတကား။

ကိုသက်သည် ဒါကိုတွေးနေပုံရလေသည်။

"ခိုင်မေသက်"ဟု မိမိနာမည်တွင် ကိုသက်၏တစ်လုံးသောအဖျား ပိုင်းကို ယူငင်တပ်ဆင်ပြီးကတည်းက 'ခိုင်မေ'သည် ကိစ္စတစ်ခု ပြီးစီး လေပြီဟု ယူဆခဲ့သည်။ မိန်းကလေးတစ်ယောက်သည် အိမ်ထောင် တစ်ခုကိုတည်ဆောက်ပြီးလျှင် ဘာလိုတော့သနည်း။

မလိုတော့ပါ။ ထိုအိမ်ထောင်၏ဝဲသြဃထဲတွင် နစ်မြုပ်သွားရုံ သာပင် ရှိတော့သည်ဟု ခိုင်မေသည် နားလည်ခဲ့၏။

မဟုတ်ပါချေ။ ထိုသို့ မဟုတ်ပါချေ။

* * *

မင်္ဂလာသတို့သမီး၏မျက်နှာသည် ရွှန်းရွှန်းလဲ့လဲ့ရှိလှလေသည်။ ဤမျက်နှာပြင်ကို စိုက်ပြီးကြည့်နေသော မေမေက မျက်ရည်ကလေး များ ဝဲကျလာသည်ကို မျက်တောင်တဖျပ်ဖျပ်ခတ်ရင်း "သာဓု.. သာဓု..၊ ဒီလင်ဒီမယား အိုအောင်မင်းအောင် ပေါင်းကြရပါစေ" ဟု ဆုတောင်း လိုက်ဖူးသည်ကို ခိုင်မေကြားယောင်ရင်း မျက်ရည်များ တစ်ဥပြီးတစ်ဥ ဥ၍ ဆင်းလာကြပြန်သည်။

"အို"

ခိုင်မေသည် စိတ်ကိုတင်းလိုက်၏။ ပြီးလျှင် သူ၏သေတ္တာထဲ၌ တရိုတသေသိမ်းဆည်းထားခဲ့သော (မင်္ဂလာဆောင်ဓာတ်ပုံစာအုပ်) ကို ဖျတ်ခနဲ ဆွဲထုတ်ပြီး ကြမ်းပြင်ပေါ်သို့ ပစ်ချလိုက်သည်။

သားရေသေတ္တာကြီးကို မနိုင်မနင်းဆွဲမ,ယူပြီးလျှင် လှေကားမှ တဒေါက်ဒေါက် ဆင်းလာသည်။ ကိုသက်ကမူ ခိုင်မေအား လှည့်၍မျှ မကြည့်ချေ။ ကိုသက်ခိုင်သည် ခိုင်မေအား စိတ်နာလျက်ရှိနေ ၏။ သူက ခိုင်မေကဲ့သို့သော မိန်းကလေး၏နှုတ်ဖျားမှ ဤအသံများ ထွက်ကျလာ လိမ့်မည်ဟု လုံးဝမထင်ခဲ့ပေ။

ခိုင်မေသည် ခေတ်ပညာတတ်အမျိုးသမီးတစ်ယောက်ဖြစ်သည်။ ဒါမျှမကသေး၊ ခိုင်မေနှင့် ကိုသက်တို့သည် ငယ်ငယ်ကတည်းက ကစားဖော် ကစားဖက်၊ ကျောင်းနေဖော် ကျောင်းနေဖက်၊ ရည်းစားဖော် ရည်စားဖက်များဖြစ်ခဲ့ကြသည်။ ကိုသက်၏ဖခင်မှာ ကုန်သည်တစ်ယောက်ဖြစ်၏။ အစိုးရအရာရှိဖြစ်သော ခိုင်မေ၏ဖခင်နှင့် ကျောင်းနေဖက်များလည်းဖြစ်သည်။

ကျောင်းသွားကျောင်းပြန် သမီးရည်းစားဘဝက ကိုသက်အား ထားပစ်ခဲ့ပြီး ခိုင်မေသည် ဖခင်အရာရှိပြောင်းရွှေ့သွားသော ခရိုင်မြို့တစ်မြို့သို့ လိုက်ပါသွားစဉ်က ကိုသက်မှာ စာမေးပွဲကို နှစ်ဆက်ပြီး ကျလိုက်သည်။ ခိုင်မေ၏စာများမှာ ကိုသက်၏ထံတွင် တောင်ကဲ့သို့ မပုံသော်လည်း များများစားစားရှိနေသကဲ့သို့ ခိုင်မေ့ထံတွင်လည်း ထိုစဉ်ကာလက 'မောင့်ခိုင်မေ'အစချီသော စာရွက်ဖက်ဖူးရောင်နှင့် ခရမ်းရောင်မင် လက်ရေးဝိုင်းကလေးများမှာ သားရေသေတ္တာထဲ၌ တစ်ပုံကြီးရှိနေလေသည်။

ဒုတိယကမ္ဘာစစ်ဖြစ်လာသောကာလတွင် နှစ်ဦးသားသည် ချောက်အိပ်မက်များကို မက်လျက်ရှိကြ၏။ ကိုသက်တို့မိသားစုသည် မြစ်ဝကျွန်းပေါ်တစ်နေရာသို့ ရွှေ့ပြောင်းသွားကြလျက် ခိုင်မေ၏ဖခင်မှာမူ အောင်မြင်စွာဆုတ်ခွာခဲ့သော အင်္ဂလိပ်အုပ်ချုပ်ရေးနှင့်အတူ လိုက်ပါသွားလေရာ အိန္ဒိယပြည်၊ ဆင်းမလားအထိပင်ဖြစ်သည်။

ဂျပန်ခေတ်တွင်ထုတ်ဝေသော ဗမာ့ခေတ်၊ သူရိယသတင်းစာနှင့် ဂရိတ်တားအေးရှားသတင်းစာများကို စာဖတ်သူများသည် မှတ်မိပေဦးမည်။ ထိုသတင်းစာများတွင်...

"ခိုင်မေရေ... ရောက်ရာအရပ်က စာရေးပါကွယ်... သက်"ဟူသော မျက်နှာမည်းစာလုံး ကြော်ငြာကလေးသည် စစ်ကြီးပြီးလုပြီးခင်

ဂျာမနီမှ နာဇီများ လက်နက်ချပြီးသည်အထိ ပါဝင်နေခဲ့၏။ ကိုသက်သည် ရောက်ရာအရပ်မှ လူများကို စုံစမ်းလျက်ရှိနေသည်။ ကိုသက်သိရှိရသောအခါ ခိုင်မေ၏နောက်သို့ မလိုက်နိုင်တော့ပေ။ ခိုင်မေသည် မဟာမိတ်နယ်ချဲ့သမားတို့၏ တပ်ဦးဒေသမှာရှိလျက် ကိုသက်တစ်ယောက်မှူ မဟာအေရှ သာတူညီမျှသမား ဘူရှီဒိုများ၏တပ်ဦး နယ်မြေတွင် တည်ရှိနေခဲ့သည်။

တစ်ကမ္ဘာစီခြားနေခြင်းအတွက် ဘာကိုအစရှာပြီး လိုက်ရမည်နည်း။ ကိုသက်သည် ဒါကို အလေးအနက် စဉ်းစားလာ၏။ စဉ်းစားလွန်းသဖြင့် အိပ်ရာထဲ၌ ဗုန်းဗုန်းလဲလာသည်အထိပင် ဖြစ်လာသည်။

ဤသို့ အိပ်ရာထက်၌ ဗုန်းဗုန်းလဲလာရခြင်းကိုပင် ကိုသက်သည် ကျေးဇူးတင်မိ၏။

ကိုသက်၏ဖခင်သည် ကိုသက်တစ်ယောက် ကျန်းမာလာစေရေးအတွက် နီးစပ်ရာဆရာဝန်များကို ရှာဖွေကုသခဲ့သည်။ ဤသို့ကုသရာတွင် တစ်ညသောအခါ၌ တစ်ယောက်သောဆရာဝန်တစ်ဦးကို တွေ့ရှိခဲ့၏။ ဆရာဝန်သည် စစ်ဖြစ်လုဖြစ်ခင်ကာလက အမ်ဘီဘီအက်စ် အောင်ခဲ့သူတစ်ယောက်ဖြစ်သည်။ သူသည် ကွယ်လွန်သူကျောင်းသားခေါင်းဆောင်တစ်ယောက်ဖြစ်သော ကိုလှရွှေနှင့်မိတ်ဆွေတစ်ဦးဖြစ်ခဲ့ရုံမက အာရှလူငယ်အစည်းအရုံးဝင်တစ်ဦးလည်း ဖြစ်ခဲ့၏။ ထိုဆရာဝန်သည် ဆေးပေး၊ ဆေးထိုးရင်းက တစ်စစနှင့် ကိုသက်နှင့် ရင်နှီးလာခဲ့သည်။ ဒုတိယကမ္ဘာစစ်အပေါ် ၎င်း၏သဘောထားများကိုလည်း ကိုသက်ကို တင်ပြဆွေးနွေးခဲ့သည်။

ကိုသက်သည် အချစ်ရူးရူးနေသဖြင့် ကမ္ဘာ၏ပြောင်းလဲလျက်ရှိနေသည့် သဘောတရားများကို မလေ့လာခဲ့ပေ။ ဤသို့မလေ့လာခဲ့မိသည့်အတွက် ဖက်ဆစ်နာဇီ ဝင်ရိုးတန်းနိုင်ငံများကတစ်ဖက်၊ ဒီမို

ကရေစီနိုင်ငံများကတစ်ဖက် ဖြစ်ပွားလျက်ရှိသော စစ်ကြီးအပေါ်၌ သာမန်မျှသာ တွေးခေါ်ခဲ့၏။ စစ်ဆိုသည်မှာ မကောင်း။

အမှားနှင့်အမှန်၊ အဆိုးနှင့်အကောင်း၊ အဆိုးကြီး အဆိုးကလေး စသည်အားဖြင့် မဟာမိတ်တို့အပေါ် သဘောထားများကာ ဒေါက်တာ၏တင်ပြခြင်းအားဖြင့် ကိုသက်မှာ အတော်အတန်ပင် သဘောပေါက်လာ၏။ ထိုမျှမက ဒေါက်တာနှင့်အတူပင် ဖက်ဆစ်တော်လှန်ရေး လောကတစ်ဝိုက်ဖြစ်သော ရွှေတောင်ကြား အတွင်းတွင် တွေ့ရလေသည်။

ရွှေတောင်ကြားလောကမှ ကိုသက်တစ်ယောက် ပျောက်ကွယ်သွားသောအခါတွင်မူ ကိုသက်အား မဟာမိတ်တို့၏နယ်မြေဖြစ်သော ကလကတ္တားတွင် တစ်ဖန်ပြန်လည်တွေ့လိုက်၏။ ယုံကြည်သော လုပ်ငန်းကိုလုပ်ဆောင်ရင်းက တစ်ဖက်တွင် ဆင်းမလားသို့ အဆက်အသွယ်ပြုကာ ချစ်သောခိုင်မေ၏သတင်းကို လှမ်း၍စုံစမ်းရ၏။

"ရှိသည်၊ အမြန်လာတွေ့ပါ" ဟူသောကြေးနန်းတစ်စောင် ကိုသက်၏လက်တွင်းသို့ ရောက်ရှိလာသောအခါတွင်ကား ကိုသက်သည် တစ်သက်နှင့်တစ်ခါတွင် အပျော်ရွှင်ဆုံးအချိန်ဟုပင် ဒိုင်ယာရီ၌မှတ်တမ်းတင်မိလေသည်။

သည်အတောအတွင်းမှာပင် ကိုသက်တို့သည် သီဟိုဠ်တွင်ရှိသော မောင့်ဘက်တန်၏ဌာနချုပ်စခန်းသို့ သွားရောက်ခဲ့ရသေးသည်။ ထိုစခန်းမှ လေ့လာပြီးစီးသောအခါ ကလကတ္တားသို့ပြန်၍ ထိုမှတစ်ဆင့် မြန်မာနိုင်ငံသို့ လေထီးနှင့်ဆင်းသက်ရန် ဖြစ်လေသည်။

အမြန်လာတွေ့ပါ ဆိုသောအခါမှပင် အရေးတကြီးပြဿနာများနှင့် ရင်ဆိုင်နေရ၏။ ကိုသက်သည် ဆင်းမလားသို့ မသွားနိုင်တော့ပေ။

ထိုသို့ မသွားနိုင်သည့်အတွက် ချစ်သောခိုင်မေ၏ထံသို့ လူကြုံ နှင့်

စာတစ်စောင် ပါးလိုက်ရ၏။

ခိုင်မေရေ..

စစ်ကြီးပြီးမှပဲ ဗမာပြည်မှာ ပြန်ပြီးဆုံကြပါစို့။

သက်

* * *

၁၄ နံပါတ်တပ်မနှင့်အတူ လီဒိုလမ်းမဆီမှလည်းကောင်း၊ ရန်ကုန်မြစ်ပြင်ဘက်ဆီမှလည်းကောင်း ဆင်းမလာ:အစိုးရသည် ရန်ကုန်မြေသို့ နင်းလာသည်။ ဤသို့နင်းလာသည့်အခါတွင် ကိုသက်တစ်ယောက်မှာ တနင်္သာရီနယ်မြေဘက်ဆီသို့ ရောက်လျက်ရှိ၏။ ဖက်ဆစ်ဂျပန်များ၏နောက်ဆုံးခရီးလမ်းမှာ ယိုးဒယား-ဗမာမီးရထားလမ်းတွင်ပင် ပြီးဆုံးခဲ့လေသည်။

ကိုသက်သည် မျက်ရည်ကလေးများရစ်ဝဲလျက် သူမ၏ရင်သွေးကလေးငယ်အား မွေးစားရန် အပ်နှံသွားသည့် ဂျပန်မအားလည်းကောင်း၊ မျိုးရိုးစဉ်ဆက်က တရိုတသေကိုင်ဆောင်ဂုဏ်ယူခဲ့သောဓားအား မဟာမိတ်စစ်ဗိုလ်ထံတွင် သိမ်ငယ်သောမျက်နှာနှင့် အပ်နှံသွားသည့် သရီးစတားမာစတာ အားလည်းကောင်း တွေ့မြင်ခဲ့ရပြီးနောက် ရန်ကုန်သို့ ပြန်လည်ရောက်ရှိလာသည်။

ရန်ကုန်မှ ဦးစွာတွေ့ကြုံလိုက်ရသည့်အဖြစ်အပျက်ကား ခိုင်မေ၏ မေတ္တာပန်းပွင့်ပင်ဖြစ်လေသည်။ ခိုင်မေသည် ကိုသက်အားတွေ့သောအခါ အိပ်ခန်းမှ အပြေးကလေးထွက်လာခဲ့သည်။

ခိုင်မေသည် ကိုသက်၏မျက်နှာအား စေ့စေ့စပ်စပ်ကြည့်၏။ ပြီးတော့ကာ မျက်ရည်များ တစ်ပေါက်ပြီးတစ်ပေါက် ကျဆင်းလာ၏။

ကိုသက်သည် အသည်းနှလုံးများနှင့် လဲလှယ်ပြီးချော့မော့လိုက်ရလေသည်။ သည်တော့မှပင် ခိုင်မေခမျာ ပြုံးနိုင်ခဲ့သည်။

"မဖြစ်ဘူး၊ မြန်မြန်ကိစ္စပြီးရမယ်။ ကိုသက် ခိုင်မေ့အနားက ဘယ်ကိုမှမသွားရတော့ဘူး သိလား"

ခိုင်မေသည် စကားကို သွက်သွက်ကြီးပြောချလိုက်သည်။

"အနားက ဘယ်ကိုမှမသွားရဘူး၊ ဟုတ်တယ်။ ကိုသက် ဘယ်ကိုမှမသွားရဘူး"

ကိုသက်က ပြုံးနေ၏။ မသွား၍မဖြစ်သောအကြောင်းများကလည်း ကိုသက်ထံမှာ ပေါ်ပေါက်နေ၏။

စစ်ပြီးစကာလ အမျိုးသားအုံကြွမှုသည် ဂယက်ရိုက်ခတ်နေသကဲ့သို့ တစ်ဖက်သောနေရာမှာ 'ဘရောက်ဒါဝါဒ'သည် လက်ဝဲဂိုဏ်းသားများအတွင်းသို့ ထိုးဖောက်ဝင်ရောက်နေသည်။ ခေတ်မီအလုပ်သမားပါတီများသည် ဤသည်ကိုအကြောင်းပြု၍ 'ကွဲ'လာခဲ့၏။

ကိုသက်သည် တစ်ခါတစ်ရံ ညညအခါများမှသာ ပြန်ရောက်လာတတ်လေသည်။ သည်လိုပြန်လာသည့်အခါများတွင် ခိုင်မေမှာ မသာမကြည်ရှိသော ကိုသက်၏မျက်နှာအား အားမလိုအားမရကြည့်ခဲ့၏။ မေးမြန်းစုံစမ်းခဲ့၏။

"ကွန်မြူနစ်တွေတွင် ကွဲတာမဟုတ်ဘူး။ ကွန်မြူနစ်နဲ့ ဖဆပလလည်း ကွဲပြန်ပြီ။ နောက်ပြီး ဘုရင်ခံအမှုဆောင်ရာထူး ပြဿနာတွေကလည်း ပေါ်နေတယ်။ အမျိုးသားညီညွတ်ရေးမရှိတော့ဘူး ခိုင်မေ၊ နယ်ချဲ့သမား ပယောဂဝင်လာပြီ"

"အဲဒီတော့ ဘာလုပ်ကြမလဲ"

ကိုသက်က ဘာမျှပြန်မပြောဘဲ ငေးနေသည်။ ငေးမောနေသော ကိုသက်ဦးနှောက်တွင်မူ တစ်လုံးသောစကားများ စီရရီထွက်ပေါ်နေပုံ

ရ၏။

"ဗမာပြည်လွတ်လပ်ရေးရပြီးရင် သူပုန်ထလိမ့်မယ်။ သွေးချောင်းစီးလိမ့်မယ်။ ဒါကြောင့် ဗမာပြည်လွတ်လပ်ရေးပေးဖို့ကို လေးလေးနက်နက် စဉ်းစားရလိမ့်မယ်"

အင်္ဂလိပ်နန်းရင်းဝန် ချာချီလ်၏စကားများ။

* * *

ကုန်း၊ရေ၊လေ တပ်မတော်တွေသည် ရန်သူများရှိရာစခန်းသို့ ချီတက်နေကြ၏။ ထို့အတူ ယိုးဒယား-မြန်မာ နယ်စပ်တစ်လျှောက်၌ တရုတ်ဖြူတပ်များက ပြည်ထောင်စု၏ လွတ်လပ်သောအခွင့်အရေးအပေါ် ကျူးကျော်လာရောက်လျက်ရှိသော ကာလ။

အစိုးရသည် ပြည်တွင်းပြည်ပအန္တရာယ်များ ဝိုင်းနေသကဲ့သို့ ပြည်သူများအပေါ်တာဝန်ရှိသည်ဆိုသော နိုင်ငံရေးအဖွဲ့အစည်းများသည်လည်း ပြည်တွင်းပြည်ပအန္တရာယ်များနှင့် ရင်ဆိုင်လာသည်။ "ရန်သူများ.. ရန်သူများ.."ဟု ကြွေးကြော်တိုက်ခိုက်ရင်းပင် ရန်သူအစစ် နယ်ချဲ့ထိုးစစ်ကို မြင်တွေ့လာကြလေသည်။

ကိုသက်သည် တရုတ်ဖြူတပ်များအား ဗမာ့မြေပေါ်မှ တိုက်ခိုက်မောင်းထုတ်ရန် အမျိုးသားညီညွတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းများအတွင်း နစ်မြုပ်လျက်ရှိ၏။

ကိုသက်နှင့်အတူ ခရီးသွားရသည်မှာ မြင့်မားသောကျောက်တောင်ကျောက်ဆောင်၏အပေါ်သို့ တက်ရသကဲ့သို့ ပင်ပန်းလှချေသည်။

အထုပ်အပိုးများကိုပြင်ဆင်ကာ ခရီးထွက်မည်ပြုနေသော ကိုသက်အား ခိုင်မေသည် စူးစူးစိုက်စိုက်ပင် ကြည့်နေလိုက်လေသည်။

"ကိုသက်"

"ဗျာ"

"ခရီးမထွက်ရင် မဖြစ်ဘူးလားမောင်ရယ်"

ခိုင်မေ၏အသံသည် ပျော့ညံ့၏။ ညင်းသွဲ့သွဲ့နှင့် လေး၏။ ပြီးတော့ကာ တိုးတိုးကလေး။

အသံကိုကြားသော ကိုသက်သည် ခရီးဆောင်အိပ်ရာလိပ်ကို ချည်ပိုးတုပ်နှောင်နေရာမှ ခိုင်မေ၏မျက်နှာအား စူးစူးစိုက်စိုက်ကြည့် လိုက်၏။ သည်အခါမှာပင် ခိုင်မေ၏မျက်လုံးအစုံတွင် မျက်ရည် ကလေးများ ရစ်ဝဲနေသည်ကို ကိုသက်က တွေ့လိုက်၏။

ကိုသက်က ဟန်ဆောင်ပြီး ပြုံးလေသည်။

"အမျိုးသားညီညွတ်ရေးရပြီးတော့ ဟောဒီအချစ်ကလေးနားက တစ်ဖဝါးမှ မခွာဘူး"

ကိုသက်က ပြောရင်းဆိုရင်း ခိုင်မေ၏ပါးပြင်ကို သူ၏လက်နှင့် ပွတ်သပ်ပေးလိုက်သည်။

"တစ်မျိုးသားလုံး ညီညွတ်လာမယ်။ နောက်ပြီး ငြိမ်းချမ်းရေး လည်း ရလာမယ်။ ဒီမိုကရေစီရေးကလည်း ထွန်းထွန်းကားကားနဲ့ ဖြစ်လာမယ်သိလား"

"ကိုသက်က ဒီစကားလုံးတွေမပါရင် စကားပြောလို့မဖြစ်တော့ ဘူးလား။ အရင် ကိုသက်ရွတ်ပြဖူးတဲ့ ရွှေနန်းဘွဲ့မှာတမ်းကလေးတွေ၊ သူဇာပျို့ကလေးတွေ ကိုသက်မေ့နေပြီ"

"မမေ့ပါဘူး၊ ဟဲ.. ဟဲ.."

ခိုင်မေတစ်ယောက် စိတ်ကောင်းပါစေတော့ဟု ကိုသက်က ခပ် ရွှန်းရွှန်းကလေးပြောသည်။ ပြီးတော့ကာ အထုပ်အပိုးများကိုဆွဲပြီး အိပ်ခန်း၏တံခါးမှ ထွက်ခွာလေသည်။ ကန့်လန့်ကာကလေးမ,ပြီး ခိုင်မေကို လှည့်ကြည့်၏။

ကိုသက်ထွက်ခွာသွားသောအခါ ခိုင်မေသည် အသည်းနှလုံးများ တုန်လာသကဲ့သို့ ရင်တထိတ်ထိတ် ခုန်လာသကဲ့သို့ ကတုန်ကယင် ဖြစ်နေ၏။ စောစောက ထိန်းချုပ်ထားရသော မျက်ရည်တို့မှာ အပြင်သို့ အရှိန်နှင့်ထွက်လာကြလေသည်။ ပုလဲဥကလေးများဟု တင်စားခေါ်ဝေါ်ရန်မှာ ဤမျက်ရည်များအဖို့ ကာရန်မသင့်ဖြစ်နေ၏။ မျက်ရည်များသည် အသည်းနှနှမှ ကျဆင်းလာသည့်တိုင် ရင့်မာသောအတွေ့အကြုံကို ဆောင်ခဲ့ပြီမဟုတ်ပါလား။

ဟုတ်ပေသည်။ ကိုသက်မရှိသောအချိန်မှာ ခိုင်မေသည် ကလေးငယ်ရင်သွေး သားရွှေဥကလေးအား မျက်နှာမြင်ခဲ့၏။ ထီးထီးမားမား ဘဝအဖော်မရှိဘဲ မီးတွင်းသို့ဝင်လာရသည်။ သားဦးကလေးတစ်ယောက် ဖြစ်ဖြစ်မြောက်မြောက် ထွန်းပေါက်လာသည်ကိုပင် ဝမ်းသာ၏။ သူ့ဖေဖေကို ပြလိုက်ချင်စမ်းပါဘိ။

ဖျော့တော့သော မေးမို့န်သည့် လျှော့ရဲရဲမျက်လုံးများနှင့် ခိုင်မေသည် သားငယ်ကို စေ့စေ့စပ်စပ်ကြီး ကြည့်နေလိုက်သည်။

"ဟဲ့.. သမီး၊ ဒီမှာ စွပ်ပြုတ်သောက်ဦး"

မိခင်ကြီးသည် ဘဲသားစွပ်ပြုတ်ပန်းကန်ကို ခိုင်မေ၏ထံသို့ တိုး၍ ပေးလာသည်။ သို့ပေးလာရင်းက...

"တယ်ခက်တဲ့မောင်သက်ပဲ၊ ဒီအလုပ်တွေကို သားပစ်မယားပစ် လုပ်နေတာ အံ့ပါရဲ့။ သမီးကလည်း သူ့ကို ကြည့်ပြီးပြောဦးမှပေါ့။ ခု ဘယ်နလရှိပြီလဲ ဟင်...၊ ပြန်မလာတာ"

"အို.. လာမှာပေါ့ မေမေရယ်၊ သူစိတ်ချမ်းသာသလို နေပါစေ"

ခိုင်မေက စကားကို ဖြတ်ချလိုက်သည်။ ပြီးတော့ကာ ခေါင်းအုံးအောက်မှာ ထည့်သွင်းထားသော ကိုသက်ထံမှပေးစာကို ဆွဲယူပြီး ဖတ်ရှုနေလိုက်သည်။

သို့နှင့်ပင် အချိန်တို့သည် ကုန်ဆုံးခဲ့လေသည်။

တစ်နှစ်၊ နှစ်နှစ်၊ ပြီးတော့ကာ..

သုံးနှစ်သုံးမိုး။

တဖြိုင်ဖြိုင်ရွာသွန်းနေသော မိုးသည် ကုန်လုကုန်ဆဲရှိသော မိုးဥတုအား နှုတ်ခွန်းဆက်နေသည်နှင့်ပင်တူလှသည်။ မျက်လုံးများသည် ကြောင်လျက်နေ၏။ အိပ်မပျော်သောရောဂါ စွဲကပ်လာသည်မှာ မောင်တစ်ယောက် ထွက်သွားသည့်နေ့ရက်ကပင် ဖြစ်သည်။ မိုးလေပြင်းထန်တုန်း အချိန်များဆိုလျှင် ခိုင်မေသည် ပိုမိုပြီး မနေတတ်မထိုင်တတ်ဖြစ်လာသည်။

"ဒေါက်.. ဒေါက်.."

မိုးသံကိုထွင်းဖောက်ပြီးမှ ထွက်ပေါ်လာသောအသံဖြစ်လေသည်။ သည်အသံကိုကြားရသည့်အခါ ခိုင်မေသည် ရင်တထိတ်ထိတ် ခုန်လာသည်။

"မေမေ"

"မေမေ"

ပြန်လှန်ထူးလာသောအသံကို မကြားရ။ ခိုင်မေသည် လက်နှိပ်ဓာတ်မီးကိုကိုင်ပြီး အပြင်သို့ထွက်လာ၏။ ပြီးတော့ကာ မိခင်ကြီး၏ အိပ်ခန်းတွင်းသို့ ဝင်ရောက်ကြည့်၏။ မိခင်ကြီးမှာ အိပ်မောကျ၍နေလေသည်။

ဓားပြလော၊ သူခိုးလော။ ခေတ်ကာလက စိတ်ချရသည်မဟုတ်။

ခိုင်မေသည် တံခါး၏အနီးသို့ ချဉ်းကပ်သွားသည်။ တံခါးရွက်အနီးသို့ ကပ်၍နားထောင်သည်။ ဘာသံမျှ မကြားတော့ပေ။

သည်အခါမှပင် ခိုင်မေ၏ဦးနှောက်၌ အသိဉာဏ်တစ်ခုက ဝင်လာ၏။ လျှပ်စစ်ကဲ့သို့ လက်၍လာ၏။ မောင်များလား။

ခိုင်မေ၏နဖူးပြင်မှာ ချွေးတို့သည် အနည်းငယ်ဆိုသလိုပင် စို့၍ စို့၍လာလေသည်။

ဟယ်.. ဖြစ်လိုရာဖြစ်ပါစေ။

ခိုင်မေက အရဲစွန့်ပြီး တံခါးကိုဖွင့်လိုက်လေသည်။ အပြင်မှ မိုးသက်မုန်တိုင်းတို့သည် အတွင်းသို့တိုး၍ဝင်လာ၏။ အေးမြမြရှိလှသည်။

ခိုင်မေသည် လှေကား၊ ဆင်ဝင်၊ အိမ်ဝင်းခြံ စသည်တို့အား မျက်စိကစားရင်း ဓာတ်မီးနှင့်ထိုး၍ကြည့်လိုက်သည်။ ဘာကိုမျှ မမြင်ရ။

စိတ်၏စောလှသော လှည့်စားချက်အပေါ်တွင်ပင် မျှော်လင့်သည်ကို မတွေ့ရသောအခါ ခိုင်မေမှာ ဝမ်းနည်းသလိုလို ဘာလိုလို ဝေဒနာကို ခံစားလိုက်ရသည်။ တံခါးအား အတင်းတွန်းဆောင့်ကာ ပိတ်လိုက်ပြီး အိပ်ခန်းသို့ပြန်လာကာ ခုတင်ပေါ်သို့ ကိုယ်ကိုပစ်လှဲ ချလိုက်၏။

* * *

ခန္ဓာကိုယ်တစ်ခုလုံး လှုပ်နိုးသလိုတုန်သွားသည်။ လဟာပြင် လောကအတွင်း၌ မျှော်လင့်နေသူကို တွေ့ရ၏။ မျှော်လင့်နေသူသည် ခိုင်မေရှိရာသို့ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး လာနေသည်။ ခိုင်မေက ခရီးဦးကြိုပြုသည်။

ဒီတစ်ခါ မောင် ဘယ်မှမသွားရတော့ဘူး။

"သမီး.. သမီး.."

ခန္ဓာကိုယ်တစ်ခုလုံးသည် လှုပ်နိုးသလိုတုန်လှုပ်သွားသည်။ အာရုံကြောများက ဖြုတ်ခနဲ သတိပြန်ဝင်လာ၏။ မျက်လုံးများကို ဖွင့်ကြည့်လိုက်သောအခါ ခုတင်ဘေးမှာရပ်နေသော မေမေ့အား တွေ့ရလေသည်။

"မေမေ"

"သမီး၊ ထထ လာ.. လာ.."

မေမေသည် ပြောပြောဆိုဆိုနှင့် ထွက်သွား၏။ မေမေ၏နောက်သို့ ခိုင်မေက လိုက်၏။ ညှော့ခန်းဆောင်သို့ဝင်လိုက်သည့်အခါ ခိုင်မေသည် မျက်လုံးများပင် ပြူးကျယ်သွားလေသည်။ ပြီးတော့ကာ အပြေးအလွှားပင် ဆိုဖာ၏အနီးသို့ ကပ်သွားမိလေသည်။

"မောင်"

"ခိုင်"

မောင့်အသံသည် ပျော့နေ၏။ မောင့်အသားရောင်များသည် ဝါနေ၏။ မောင့်ခန္ဓာကိုယ်သည် အေးစက်လျက်ရှိနေသည်။ ခိုင်မေသည် အားရပါးရ ဖက်ထားလိုက်လေသည်။

"မောင်.. နေမကောင်းဘူးလား"

ကိုသက်က ဦးခေါင်းကို ခါပြ၏။

"လာ.. လာ.."

ခိုင်မေက တွဲယူဖေးမပြီး အိပ်ခန်းအတွင်းသို့ ခေါ်ဆောင်သွားသည်။

"ညက မောင်တံခါးခေါက်သေးတယ် ခိုင်။ ဘယ်သူမှ မနိုးဘူး။ ဒါနဲ့ပဲ ကားရုံထဲ ဝင်အိပ်နေလိုက်တယ်"

"အို"

"ကားလည်း မရှိတော့ဘူးလား၊ ဒရိုင်ဘာလည်း မရှိတော့ဘူးဟုတ်လား ခိုင်"

ခိုင်က ပြုံးလေသည်။

"ဟုတ်တယ်၊ မောင်ပြန်မလာတော့ ဒါတွေအားလုံး ရောင်းပစ်လိုက်ပြီ။ အိမ်ဖော်တောင် မထားတော့ဘူး။ ဖေဖေဆုံးတယ်။ ပြီးတော့

မောင့်သားကလေးလည်း နှစ်နှစ်သားမှာဆုံးတယ်"

"အို"

သည်တစ်ခါ ကိုသက်က အာမေဋိတ်သံကို ပြုလေသည်။

"ကဲ.. ဒါတွေထားတော့မောင်၊ ကျန်းမာပြီးရင် မောင် ဘယ်မှ မသွား ရတော့ဘူး"

ကိုသက်က ဘာမျှမပြောဘဲ ပြုံးနေသည်။ သူသည် ယခင်က ကိုသက်တစ်ယောက် မဟုတ်တော့ပေ။ အတွေ့အကြုံပေါင်းများစွာ အား နှစ်ပိုင်းနှင့် သင်တန်းတက်ခဲ့သူဖြစ်၏။ အမျိုးသားညီညွတ်ရေး၊ ပြီးတော့ကာ ငြိမ်းချမ်းရေး။

သည်လုပ်ငန်းအောက်၌ များစွာသော တောင်သူလယ်သမားတို့ ၏ သားသမီးများသည် သွေးခြင်းခြင်းနီလျက် ကျဆုံးခဲ့ပေပြီ။ ရန်သူ ဆိုသည်မှာ နယ်ချဲ့သမားမှအပ အခြားမရှိ။

ကိုသက်၏အပြုံးကိုကြည့်ပြီး ခိုင်မေသည် ရင်တမမဖြစ်လျက် ရှိနေလေသည်။ မှန်သည်။ ကိုသက်၏အပြုံးမှာ ခိုင်မြဲလှသောအပြုံး ပင်ဖြစ်၏။

ကျန်းမာပြီဟုဆိုလျှင်ပင် ဒုတိယတစ်ဖန် ခရီးထွက်ဖို့ ပြင်ဆင် လာလေသည်။ သည်အခါ၌ ခိုင်မေသည် သည်းမခံနိုင်တော့ပေ။ သို့မို့ ကြောင့်ပင်...

"မောင် သွားဦးမလား" ဟုမေးခဲ့၏။ မောင်ကပြုံးပြီး ဦးခေါင်းကို ညိတ်ပြ၏။

"မသွားလို့မဖြစ်ဘူး။ အမျိုးသားညီညွတ်ရေးရပြီးတော့ ဟောဒီ အချစ်ကလေးနားက တစ်ဖဝါးမှမခွာဘူး"

"တော်ပါပြီ မောင်၊ ဒီဘဝဒီမျှပဲ ပါရမီဖြည့်ပါရစေတော့"

ကိုသက်က ခိုင်မေ့အား မော်၍ကြည့်လိုက်၏။ ခိုင်မေကဲ့သို့သော

မိန်းကလေးတစ်ယောက်၏ထံပါးမှ ဤကဲ့သို့သောစကားမျိုးသည် ထွက်ပေါ်လာလိမ့်မည်ဟု လုံးဝမထင်ခဲ့ပေ။ ဒါကြောင့်ပင် ကိုသက်က ခိုင်မေအား စိတ်နာလေသည်။

ခိုင်မေတစ်ယောက် အိပ်ခန်းတွင်း၌ ပစ္စည်းပစ္စယများကို သိမ်းဆည်းနေချိန်တွင် သူက အိမ်၏ပြတင်းတံခါးတွင် သွားရောက်ရပ်နေလိုက်သည်။ လှေကားထစ်များဆီမှ ခိုင်မေ၏ဖိနပ်သံတဒေါက် ဒေါက်အားကြားရသည့်တိုင်အောင် လှည့်၍မျှမကြည့်ချေ။

မေမေသည် သားနှင့်ချွေးမတို့၏အလယ်၌ မျက်ရည်ကလေးများဝဲကာ ဘာမျှမပြောဘဲ ကြည့်နေသည်။

စင်စစ်တော့ကာ ကဇော်သမားနှင့် အလျော်အစားတို့ တွေ့နေကြပြီဖြစ်ကြောင်းကို မေမေ မသိပေ။

မေမေ၏သားသည် သည်နိုင်ငံရေးလုပ်ငန်းအပေါ်၌ အမူးကြီးမူးနေသော 'ကဇော်သမား' ဖြစ်၏။

မေမေ၏ချွေးမကမူ မေမေ့သားကိုသက်နှင့် တွေ့ဆုံရသည့်ကာလကတည်းက 'အလျော်'များကိုသာ တစ်ဖက်သတ်ပေးနေရကာ စားရမည့်အလှည့် 'အစား'မကြုံသဖြင့် အလျော်အစားမမျှသူဖြစ်၏။

ကဇော်သမားမှာ သူမူးနေသည့်ကာလအခိုက်အတန့်ကိုသာ မျှော်တတ်၏။

ဖဲသမားမကလေး ခိုင်မေကမူ လျော်ထားရသောအရင်းအတွက် အစားပြန်ရလို၏။ အစားရရန် မျှော်လင့်ချက်ကုန်ပြီဟု တွက်ဆပြီးသောအခါ လမ်းခွဲလေသည်။

ကဇော်သမားကများ အကယ်၍ ဤနေရာ၌ ခိုင်မေ၏ လာသောလူတန်းစားအခြေခံဘဝက မမှန်ဟု ကောက်ချက်ချပါမူ စာရေးသူကဝင်ရောက်၍ စောဒကတက်လိုပေသည်။

ချစ်သော ကဇော်သမားခင်ဗျား။

'အလျော်'အတွက် 'အစား'လိုချင်သော ခိုင်မေဆိုသည့်သူငယ်မမှာ လူသတ္တဝါတစ်ယောက်အဖြစ်တွင်သာ တည်ရှိလျက် သူမ၌အာရုံ အသိများက ရှိပါသေးသည်ဟူသတည်း။ ။

မြဝတီ၊ အောက်တိုဘာ၊ ၁၉၆၁

❑



မဟူရာပညတ်နှင့် ပရမတ်မီးသွေး
သုံးဖက်မြင်ဇာတ်လမ်းတစ်ခု
အသည်းကျော်မကလေးအတွက်
တဖုံလေ တနူံးလေ တထုံးလေ တအင်လေ
မေတ္တာနှင့်ပင် ပြောစေချင်
ကဇော်သမားနှင့် အလျော်အစား

SHS0011
1,700.00 KS